# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ ကြာသပတေးနေ့ အတွဲ(၆၆)၊ အမှတ်(၁၀၁)




တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။

## တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

နေပြည်တော် စက်တင်ဘာ ၃၀

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ ✻

### ယနေ့ မာတိကာ


(၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ ကျင်းပသွားမည်
ပြည်တွင်းသတင်း ➤ ၈

ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းကာ အင်တိုက်အားတိုက်ဆောင်ရွက်
ပြည်တွင်းသတင်း ➤ ၉

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃(၂၀၂၅) အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၁၃၀၉ ဒသမ ၃၃၉ တန် ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရန် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်
ပြည်တွင်းသတင်း ➤ ၁၇


### လေဖိအားနည်းရပ်ဝန်း မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်သတ်မှတ်

နေပြည်တော် စက်တင်ဘာ ၃၀

ယနေ့ညနေ ၅နာရီခွဲ တိုင်းထွာချက်များအရ မြန်မာနိုင်ငံ ချင်းပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၊ အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဖြတ်ကျော်ခဲ့သော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ်တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်မည်ဟု ခန့်မှန်းရသည်။

လေဖိအားနည်းရပ်ဝန်းသည် မြန်မာနိုင်ငံမှ ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်သည်။ မိုး/ဇလ

## ကုန်းတွင်းမုန်တိုင်းငယ်ဝင်ရောက်ခဲ့သည့် လမ်းကြောင်းနှင့် မုန်တိုင်းအရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့သည့် နေရာဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ အင်တိုက်အားတိုက်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၃၀

တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအလိုက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်များရေးဆွဲကာ ကူညီကယ်ဆယ်ရေးအဖွဲ့များ အသင့်စုဖွဲ့ထားရှိ၍ သဘာဝဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကပ္ပလီပင်လယ်ပြင် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ မုတ္တမကွေ့ မွန်-တနင်္သာရီကမ်းရိုးတန်းဒေသတို့တွင် စက်တင်ဘာ ၂၇ ရက်၌ စတင်ဖြစ်ပေါ်ခဲ့သည့် အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ရောက်ရှိခဲ့သည်။

စာမျက်နှာ ၈ ကော်လံ ၁ ❑





## လေးမျက်နှာမြို့နယ်၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့နယ်၊ ကျုံပျော်မြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရေပြန်လည်ကျဆင်းသွားသည့် မြို့၊ရွာ၊ ရပ်ကွက်များ၌ တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအားဖယ်ရှားရှင်းလင်း

နေပြည်တော် စက်တင်ဘာ ၃၀

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များရှိ ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့တို့တွင် ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ ◆

## ညီညွတ်ရေးက အရေးကြီး

**“တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကတော့ အရေးကြီးတဲ့အချက်ပဲ။ လွတ်လပ်ရေးမဆုံးရှုံးခင်က တိုင်းရင်းသားတွေအားလုံး စုစုစည်းစည်းနေခဲ့ကြတယ်။ လွတ်လပ်ရေး ဆုံးရှုံးခဲ့ပြီးနောက်ပိုင်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ကြတယ်။ လွတ်လပ်ရေးရပြီးတဲ့အချိန်မှာလည်း အမျိုးမျိုးသော သွေးခွဲမှုတွေကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုတွေ ပျက်ယွင်းခဲ့ရတယ်။ ဒါကို ကျွန်တော်တို့ပြန်ပြီး စုစည်းညီညွတ်တဲ့ ပြည်ထောင်စုတည်ဆောက်ဖို့ လိုတာပေါ့။ မတည်ဆောက်နိုင်ရင်တော့ ပဋိပက္ခတွေဖြစ်နေမှာပဲ။ ဒါကြောင့် ညီညွတ်ရေးက အရေးကြီးပါတယ်”**

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ အတွင်းရေးမှူး(၁) စောကျော်ညွန့်၊ မွန်ပြည်သစ်ပါတီ (NMSP)ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်အောင်မငေး၊ ဒီမိုကရေစီအကျိုးပြုကရင်တပ်မတော် (DKBA) စစ်ရေးချုပ် စောစိန်ဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) အထွေထွေအတွင်းရေးမှူး စောမြသန္တာ၊ NCA-S EAOs အဖွဲ့များ၏ ညှိနှိုင်းရေးမှူးများဖြစ်ကြသော ဦးမျိုးဝင်းနှင့် နန်းယဉ်ယဉ်စိုးတို့ ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)က ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း မတူကွဲပြားသော ပါဝင်ပတ်သက်သူများ ပြန်လည်ချိတ်ဆက်နိုင်ရေးဆိုင်ရာမူဘောင်အား ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ဆွေးနွေးပွဲ ပထမရက်၌ ဆွေးနွေးရန်ကျန်ရှိသည်များအား ဆက်လက်ဆွေးနွေးရာတွင် NCA အနှစ်သာရကို အခြေခံ၍ ဆက်လက်ဆောင်ရွက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာများ၊ EAO များ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် မတူညီသောရည်မှန်းချက်၊ လိုလားချက်များအား ဘုံနိုင်ငံရေးမူဘောင်သတ်မှတ်၍ တစ်ခုတည်းသောငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဒေသခံများ၊ လူမှုအဖွဲ့အစည်းများ၊ လူငယ်နှင့် အမျိုးသမီးများ ပါဝင်လာအောင် ချိတ်ဆက်ဆောင်ရွက်ရေး၊ မတူကွဲပြားသည့် သက်ဆိုင်သူများအကြား ဆက်ဆံရေးကောင်းမွန်လာပြီး ယုံကြည်လက်ခံနိုင်သော ပေါင်းစည်းချိတ်ဆက်မှုဖြင့် ယုံကြည်မှုတည်ဆောက်ခြင်းကို တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့အား ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က NSPNC ၏ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု အခြေအနေများအား ရှင်းလင်းပြောကြားပြီး နှစ်ရက်တာဆွေးနွေးချက်များမှ ရရှိလာသော သဘောထားစုစည်းချက်များအား ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပိုမိုထိရောက်သော ဆွေးနွေးပွဲများကျင်းပ၍ တိကျသည့် သဘောတူညီချက်များချမှတ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။



အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် နိဂုံးချုပ်အမှာစကားပြောကြားစဉ်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းရရှိမှုများအား မှတ်တမ်းတင်ဆောင်ရွက်ရာတွင် ဆွေးနွေးမှုပုံစံနှင့်ပတ်သက်၍ NSPNC နှင့် NCA-S EAO များအကြား ဆောင်ရွက်မည့် အခြေအနေများ၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်မှု၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များတွင် လူထုအခြေပြုဆွေးနွေးပွဲများ ၊ ဖိုရမ်များ ကျင်းပပြုလုပ်ရာတွင်သက်ဆိုင်ရာ NCA-S EAO များ ပူးပေါင်းဆောင်ရွက်သွားရေး၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပြန်လည်ပါဝင်လာစေရေး၊ NCA အနှစ်သာရကို အခြေခံသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ယုံကြည်မှုတည်ဆောက်ခြင်းအား တိုးမြှင့်တည်ဆောက်နိုင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးဆိုင်ရာကိစ္စတို့အား နှစ်ဖက်သဘောထားအမြင်တူညီသည့် သဘောထားစုစည်းချက်များအဖြစ် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

ထို့နောက် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ (NCA-S EAOs) ဆွေးနွေးညှိနှိုင်းရေး အဖွဲ့ခေါင်းဆောင် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) အတွင်းရေးမှူး(၁) စဝ်စိုင်းငင်းနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ်အမှာစကားများ ပြောကြားခဲ့ပြီးနောက် ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပဲခူးမြို့အတွင်း ရေစီးရေလာကောင်းမွန်စေရေးနှင့် ရေကြောင်းပိတ်ဆို့မှု မဖြစ်စေရေး ဆောင်ရွက်

ပဲခူး စက်တင်ဘာ ၃၀

အားကောင်းသော လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် ပဲခူးတိုင်းဒေသကြီးအတွင်း နေရာအနှံ့အပြား မိုးထစ်ချုန်း ရွာသွန်းလျက်ရှိရာ ရေကြီးရေလျှံမှု လျော့နည်းသက်သာစေရေးအတွက် ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေကြောင်းပိတ်ဆို့မှု မဖြစ်စေရေး ရေကြောင်းရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပဲခူးမြို့ ဇိုင်းဂနိုင်းမြောက်ပိုင်း ရပ်ကွက်ရှိ ပန်းဆိုးချောင်း ရေစီးရေလာ ကောင်းမွန်စေရေး၊ ပုဏ္ဏားစုရပ်ကွက် ကျုံးရိုးချောင်း ရေကြောင်းရှင်းလင်းခြင်း၊ ကတွင်းခြံရိုးချောင်းချဲ့ခြင်းနှင့် ဥဿာ (၇) ရပ်ကွက်အတွင်း ရေမြောင်းများ ပိတ်ဆို့မှုမရှိစေရေး စက်ယန္တရားများ၊ တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ၏ စုပေါင်းအားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၃၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရှစ်ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

*✻ရှေ့ဖုံးမှ*

အစည်းအဝေးတွင် ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုများ ဖြေရှင်းဆောင်ရွက်ပေးရေး၊ School cum shelter များ ပြန်လည်တည်ဆောက်ပေးရေး၊ အိမ်ရာမဲ့များ၏ ဘဝရပ်တည်ရေးနှင့် လူမှုဖူလုံရေး စနစ်ဆောင်ရွက်ပေးနိုင်ရေး၊ အရည်အချင်းပြည့်မီသော ဝန်ထမ်းများ ရာထူးတိုးစာမေးပွဲဖြေဆိုခွင့်ပြုနိုင်ရေး၊ ဆေးရုံအသစ်တည်ဆောက်ပေးရေး၊ အထူးကုဆရာဝန်များခန့်ထားရေး၊ ဆေးဝါးနှင့်ကျန်းမာရေးပစ္စည်းများ ထောက်ပံ့ပေးရေး၊ လမ်းများအဆင့်မြှင့်တင်ပေးရေးတို့နှင့် စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဒေါက်တာရွှေပြည်စိုး၏ **ရန်ကုန်မြို့၌ ယာဉ်ကြောကျပ်တည်းမှုနှင့် လမ်းပိတ်ဆို့မှုအတွက် ယာဉ်ကြောဆိုင်ရာကိစ္စများကို သိရှိလိုခြင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ရန်ကုန်မြို့တော်အား Smart City မြို့တော်ကြီးအဖြစ် အကောင်အထည်ဖော်နိုင်ရေး အထောက်အကူဖြစ်စေရန် လမ်းဆုံလမ်းညွှန်းများ၊ လမ်းအမှတ်အသားများနှင့် အချက်ပြများ(မီးပွိုင့်များ)တွင် အဆင့်မြင့် Controller များ တပ်ဆင်ခြင်း၊ လူကူးမျဉ်းကျား၊ မသန်စွမ်းသူများ သွားလာနိုင်သော ပလက်ဖောင်းများ၊ စက်ဘီးလမ်းများ၊ စက်လှေကားပါသော လူကူးခုံးကျော်တံတားများ၊ Underpass များ တည်ဆောက်ပေးထားပြီး ရန်ကုန်မြို့ယာဉ်သွားလာမှု ထိန်းချုပ်ရေး ဗဟိုစင်တာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)၊ အမှတ်(၁)အဆင့်မြင့် ဆက်သွယ်ရေးတပ်ရင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးတို့ ပူးပေါင်း၍ IT နည်းပညာအသုံးပြုပြီး Road Safety၊ Traffic Management နှင့် လုံခြုံရေးဆိုင်ရာများကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့်လည်း အများပြည်သူဆင်းရဲချမ်းသာမရွေး ခရီးသွားလာရာတွင် လုံခြုံစိတ်ချပြီး စိတ်ချမ်းမြေ့စွာသွားလာနိုင်ရန်အတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ လူစည်းကမ်းများကို ညီညွတ်မျှတစေရန် ခရီးလမ်းပန်းအဆင်ပြေတွင်ကျယ် လျင်မြန်စေရန်၊ နိုင်ငံတကာနည်းတူ Smart City မြို့တော်ကြီးအဖြစ် တည်ဆောက်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီတို့ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လပွတ္တာမဲဆန္ဒနယ်မှ ဦးဝင်းဆွေ(ခ) ဦးဝင်းရွှေ၏ **လပွတ္တာမြို့နယ်ရှိကိုင်းသောင်၊ ပုံကမာ၊ ရေတွင်းဆိပ်နှင့် ကုန်းကြီးရွာများ၌ School cum shelter လေးလုံး ဆောက်လုပ်မှု ရပ်နားထားသည့်အပေါ် မည်သို့ဆောင်ရွက်မည်ကို သိရှိလိုခြင်း မေးခွန်း**နှင့် စပ်လျဉ်း၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန်းစိုးက လပွတ္တာမြို့နယ်ရှိ Shelter လေးလုံးအနက် ကိုင်းသောင်ကျေးရွာ Shelter သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၌ Marval Wealth ကုမ္ပဏီမှ ဆောက်လုပ်ခဲ့ရာ ၂၀ ရာခိုင်နှုန်းသာ ပြီးစီးခဲ့ပြီး လုပ်ငန်းများ ဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ပါသဖြင့် ပြန်လည်အပ်နှံခဲ့သည့် လုပ်ငန်းဖြစ်ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီကို ရှာဖွေသော်လည်း လမ်းခရီးဝေးကွာခြင်း၊ လုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန်ခက်ခဲခြင်းတို့ကြောင့် ဆောင်ရွက်လိုသည့် ကုမ္ပဏီမရှိပါကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြခဲ့သည့် လုပ်ငန်းဖြစ်ပါကြောင်း။

ပုံကမာကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် Silver Star Pathein ကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်း အခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ “လုပ်ငန်းပြန်လည်အပ်နှံခွင့်ပြုကြောင်း၊ လုပ်ငန်းများ၏ ပြီးစီးရန်ကျန်လုပ်ငန်းတန်ဖိုးနှင့် PG တန်ဖိုးများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်းနှင့် ကုမ္ပဏီအား(Black list)စာရင်းရေးသွင်းဆောင်ရွက်ရန်” ဆုံးဖြတ်ခဲ့ပါကြောင်း။

ရေတွင်းဆိပ်ကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် မဏ္ဍိုင်သစ္စာ ကုမ္ပဏီမှ ၂၃-၉-၂၀၂၄ ရက်နေ့တွင် လုပ်ငန်း စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၃၅ ရာခိုင်နှုန်း ပြီးစီးပြီးနောက် တည်ဆောက်ရေးလုပ်ငန်း အခက်အခဲများရှိပါသဖြင့် အဆိုပါကုမ္ပဏီမှ လုပ်ငန်းရပ်နားမှုတင်ပြခဲ့ရာ တိုင်းဒေသကြီး အစည်းအဝေးအမှတ်စဉ်(၅/၂၀၂၆)တွင် ဆွေးနွေးပြီး ဆုံးဖြတ်ချက်အရ “လုပ်ငန်းသဘောတူစာချုပ်ပါ စည်းကမ်းချက်များအရ လုပ်ငန်းသဘောတူစာချုပ်ရပ်စဲပြီး ယင်း Shelter အတွက် ၆၅ ရာခိုင်နှုန်း ထုတ်ရန်ကျန်ငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေသို့ ပြန်လည်အပ်နှံခွင့်ပြုကြောင်း” ဆုံးဖြတ်ခဲ့ပါကြောင်း။

ကုန်းကြီးကျေးရွာ Shelter သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ကျပ်သန်း ၃၄၈ ဒသမ ၆၀၀ ဖြင့် Ayar Pioneer ကုမ္ပဏီမှ ၅-၁၀-၂၀၂၃ ရက်နေ့တွင် လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ၆၀ ရာခိုင်နှုန်း ပြီးစီးသည့် ငွေထုတ်ယူခဲ့ပြီးနောက် လုပ်ငန်းစာချုပ်အရ သက်တမ်းကျော်လွန်ပြီးဖြစ်သည့်အပြင် မြေပြင်တွင် ဆက်လက်ဆောင်ရွက်ခြင်း မရှိပါသဖြင့် Ayar Pioneer ကုမ္ပဏီအား အမည်ပျက်စာရင်း (Black list) ရေးသွင်း၍ PG ၅ ရာခိုင်နှုန်းနှင့် ကျန်ရှိသည့် လုပ်ငန်းတန်ဖိုး ၄၀ ရာခိုင်နှုန်းငွေအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေစာရင်းသို့ပေးသွင်းနိုင်ရေး တင်ပြထားကြောင်း။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဒေသလိုအပ်ချက်အရ တင်ပြလာသည့် လုပ်ငန်းများကို ရန်ပုံငွေပေါ်မူတည်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ခွင့်ပြုချက်များ ရယူဆောင်ရွက်ပေးထားပြီးဖြစ်သည့်အပြင် အခက်အခဲများကြောင့် ဆက်လက်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အစိုးရအဖွဲ့များ၏ တင်ပြချက်အပေါ် ရန်ပုံငွေပြန်လည်အပ်နှံလိုမှုများကိုလည်း ပြန်လည်အပ်နှံ ခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ ရန်ပုံငွေပြန်လည်အပ်နှံသည့်လုပ်ငန်းများ မြေပြင်တွင် ပြီးစီးအောင် ဆောင်ရွက်ရေးမှာ သက်ဆိုင်ရာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ သင့်လျော်သည့် အစီအမံဖြင့် ဆက်လက်ဆောင်ရွက်ရန် ဖြစ်ပါကြောင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် လပွတ္တာမြို့နယ် (ကုန်းကြီး၊ ပုံကမာ၊ ရေတွင်းဆိပ်) ကျေးရွာများတွင် ဆောက်လုပ်သည့် Shelter သုံးလုံးအား ဒေသပေါက်ဈေးဖြင့် ဆက်လက်ဆောင်ရွက်နိုင်မည့်ကုမ္ပဏီများဖြင့် ဆက်သွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးညဏ်ဝင်းထိုက်၏ **အိမ်ရာမဲ့များ၏ ဘဝရပ်တည်မှုနှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် ကူညီဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးက အိမ်ရာမဲ့များကို လူမှုဘဝရပ်တည်မှုကောင်းမွန်စေရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများက လူမှုရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ကွင်းဆင်းအသိပညာပေးဟောပြောခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ချပြရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး လေလွင့်တောင်းရမ်းသူများ မရှိစေရေးနှင့် ဝင်ငွေရရှိသည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်ပေးလျက်ရှိပြီး အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ အိမ်ရာမဲ့များအား စနစ်တကျစိစစ်ဆောင်ရွက်ပြီး တည်ငြိမ်သော အိမ်ရာ၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးစနစ်အတွင်း ပြန်လည်ဝင်ရောက်နိုင်စေရန် လူငယ်သင်တန်းကျောင်းများ၊ အိမ်တွင်းမှု အသက်မွေးပညာသင်တန်းကျောင်းများသို့ ပို့ဆောင်ကာ အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးခြင်းနှင့် အတန်းပညာများသင်ကြားပေးခြင်းတို့ကို လည်းကောင်း၊ ပုဂ္ဂလိက စက်ရုံ/အလုပ်ရုံများနှင့် ချိတ်ဆက်၍ အလုပ်အကိုင် ရှာဖွေပေးခြင်းတို့ကို လည်းကောင်း ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိပြီး နေ့စားသဘောမျိုးဖြင့် စီးပွားရေး အမြတ်ထုတ်ကာ တောင်းရမ်းစားသောက်ရန် ခိုင်းစေခြင်းခံရသူများအား ကူညီကယ်တင်၍ ထိုသို့ပြုလုပ်ရန် ခိုင်းစေသူများအား ဖော်ထုတ်ကာ ထိရောက်ဟန့်တားလောက်သည့် ပြစ်ဒဏ်ရရှိရေးဆောင်ရွက်ခြင်းတို့အား သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ကြပ်မတ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးစောမောင်၏ **ကျန်းမာရေးဌာန၏ အောက်ခြေဝန်ထမ်းများ အရည်အချင်းပြည့်မီပါက ရာထူးတိုးစာမေးပွဲဖြေဆိုခွင့် ပုံမှန်ရရှိရေး ရှိ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ပြည်သူ့ကျန်းမာရေး ဦးစီးဌာနအနေဖြင့် ရုံးချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ အမှုထမ်းများ၏ ရာထူးတိုးမြှင့်ရေးကိစ္စရပ်များအား နှစ်စဉ်ဩဂုတ်လနှင့် စက်တင်ဘာလများတွင် ရာထူးတိုး လုပ်ငန်းစဉ်နှင့်အညီ ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အထိ အရည်အချင်းနှင့် ကိုက်ညီသူ အမှုထမ်းများအား ရာထူးတိုးစာမေးပွဲ စစ်ဆေးခဲ့ပြီး ရုံးအကူ/လုပ်သား/ သန့်ရှင်းရေး စသည့်အောက်ခြေဝန်ထမ်းများ အပါအဝင် အမှုထမ်းစုစုပေါင်း ၂၅၃ ဦးအား ရာထူးတိုးမြှင့်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

ကုသရေးဦးစီးဌာနတွင် ဗဟိုအဆင့်ဆေးရုံကြီးများ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်ဆေးရုံများတွင် ခန့်ထားသော အကူသူနာပြုများအား သတ်မှတ်ထားသောအသက်၊ လုပ်သက်ကာလ၊ ပညာအရည်အချင်းများ ပြည့်မီကိုက်ညီပါက ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနမှ နှစ်စဉ် ဖွင့်လှစ်သင်ကြားပေးသော သူနာပြု-သားဖွား ဒီပလိုမာ သုံးနှစ်သင်တန်းနှင့် သားဖွားဒီပလိုမာ နှစ်နှစ် သင်တန်းများအား ဝင်ခွင့်လျှောက်ထားနိုင်ပြီး သင်တန်းဆင်း အောင်မြင်ပြီးပါက သူနာပြု၊ သားဖွားဆရာမရာထူးသို့ တိုးမြှင့်ခန့်ထားပေးပါကြောင်း။

ပြည်သူ့ဆေးရုံများနှင့် ဌာနများရှိ သတ်မှတ်အရည်အချင်းနှင့်လုပ်သက်ပြည့်မီသော အမှုထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားခြင်းကို နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ၂၀၂၆ ခုနှစ်အတွက် ရာထူးတိုးမြှင့် ခန့်ထားရေးအစီအစဉ်အား အောက်တိုဘာလတွင် အရည်အချင်းစစ် စာမေးပွဲများကျင်းပမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီ၍ အရည်အချင်းပြည့်မီသော အမှုထမ်းများအား ရာထူးတိုးမြှင့်ခန့်ထားပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ငပုတောမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းမြင့်၏ **ငပုတောမြို့နယ် မန်ကျည်းပင် တိုက်နယ်ဆေးရုံ အဆောက်အအုံအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက ငပုတောမြို့နယ် မန်ကျည်းပင် တိုက်နယ်ဆေးရုံ အဆောက်အအုံအား ၁၈-၂-၂၀၀၅ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ၁၆ ကျေးရွာအုပ်စုမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေပါကြောင်း၊ အဆိုပါ အဆောက်အအုံတွင် လူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ခတ်ခွဲခန်းတို့ပါရှိပြီး ခတ်ခွဲခန်းအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ခွင့်ပြုရန်ပုံငွေဖြင့် စံကိုက်ခတ်ခွဲခန်းအဖြစ် ပြင်ဆင်ဆောင်ရွက်ခဲ့ကာ ခတ်မှန်ခန်းအား အလှူရှင်များက ဆောက်လုပ်ပေးလျက်ရှိပါကြောင်း၊ ၂၂-၆-၂၀၂၆ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကုသရေးဦးစီးဌာန၏ မြေပြင်ကွင်းဆင်းစစ်ဆေးချက်အရ ဆေးရုံဥပဓိရုပ်ကောင်းမွန်စေရေးနှင့် ကြံ့ခိုင်ရေးအတွက် ဦးစားပေးလုပ်ငန်းများအနေဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ငန်းဆောင်ရွက်ပြီးစီးမှုမှာ သားဖွားခန်းနှင့် သားဖွားလူနာဆောင်တို့တွင် Trolley Way ပြုလုပ်ခြင်းမှာ ၁၀၀ ရာခိုင်နှုန်း၊ အရေးပေါ်လူနာဆောင် ပြုပြင်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ခတ်မှန်ခန်းတွင် Control Room ပြုလုပ်ခြင်းမှာ ၈၀ ရာခိုင်နှုန်း၊ ခတ်မှန်ခန်း ပြုပြင်ခြင်း ၅၀ ရာခိုင်နှုန်း၊ ဆေးရုံပင်မဆောင်၊ အမျိုးသား/အမျိုးသမီးလူနာကုသဆောင်များ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းတို့မှာ ၉၀ ရာခိုင်နှုန်း၊ ရင်ခွဲရုံ ပြန်လည်တည်ဆောက်မွမ်းမံခြင်း ၂၅ ရာခိုင်နှုန်း၊ ရင်ခွဲရုံသို့ လျှောက်လမ်းပေ ၁၀၀ အရှည်ခင်းခြင်း ၁၀၀ ရာခိုင်နှုန်း ဖြစ်ပါကြောင်း၊ အမှိုက်မီးရှို့ဆောင် ပြန်လည်တည်ဆောက်မွမ်းမံခြင်း၊ ဆေးရုံခြံစည်းရိုးကာရံခြင်း လုပ်ငန်းတို့အတွက် ပစ္စည်းများ ဝယ်ယူထားရှိပြီးဖြစ်၍ ရာသီဥတုအပေါ်မူတည်၍ ပြုပြင်လျက်ရှိပါကြောင်း၊ ခွဲစိတ်ခန်းအတွက် ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် အသစ်ဆောက်လုပ်ရန် လျာထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တမူးမဲဆန္ဒနယ်မှ ဦးအောင်ကိုလတ်၏ **တမူးမြို့၊ ခရိုင်ပြည်သူ့ဆေးရုံအတွက် အထူးကုဆရာဝန်များ ခန့်ထားပို့ဆောင်ရန်၊ လိုအပ်သောဆေးဝါးနှင့် ကျန်းမာရေးပစ္စည်းများအား ပို့ဆောင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းက တမူးပြည်သူ့ဆေးရုံတွင် ဆေးရုံအုပ် ဒေါက်တာထန်ရှန်းခိုင် တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ အတွေ့အကြုံရင့်ကျက်ပြီး ခွဲစိတ်ကုသမှုများကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်သည့် လုပ်သက်ရင့် ဆရာဝန်တစ်ဦးဖြစ်ပါကြောင်း၊ တမူးပြည်သူ့ဆေးရုံသည် နေ့စဉ်ပြင်ပလူနာ နှစ်ဦးနှင့် အတွင်းလူနာ ၂၄ ဦးတို့အား ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အထူးကုဆရာဝန်များအား နှစ်စဉ်လေ့ကျင့်သင်ကြား မွေးထုတ်ပေးလျက်ရှိပါကြောင်း၊ သို့ရာတွင် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်ကို အရည်အသွေးပြည့်ဝစွာ ပေးအပ်နိုင်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ် နည်းပါးမှုကိုလည်း ရင်ဆိုင်နေရဆဲဖြစ်ပါကြောင်း၊ အရေးပေါ်ခွဲစိတ်ကုသမှုများ ဆောင်ရွက်နိုင်ရန်အတွက် ခွဲစိတ်အထူးကုဆရာဝန် တစ်ဦးအား ၂၀၂၆ ခုနှစ် အောက်တိုဘာလအတွင်း ခန့်ထားပေးသွားမည်ဖြစ်ပြီး နယ်မြေဒေသအခြေအနေနှင့် ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများအပေါ်မူတည်၍ အထူးကုဆရာဝန်များအား ထပ်မံလျာထားသွားမည်ဖြစ်ပါကြောင်း။

တမူးပြည်သူ့ဆေးရုံသည် ခုတင်-၁၀၀ ဆံ့ ဆေးရုံဖြစ်သဖြင့် ကုသရေးဦးစီးဌာန၊ ဖြန့်ဖြူးရေးဌာနခွဲမှ ဆေးနှင့်ဆေးပစ္စည်းများအား စစ်ကိုင်းတိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှတစ်ဆင့် ဖြန့်ဖြူးလျက်ရှိပါကြောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးကုသရေးဦးစီးဌာနမှ တိုင်းဒေသကြီးအစိုးရ အစီအစဉ်ဖြင့် တမူးမြို့ပြည်သူ့ဆေးရုံသို့ ထောက်ပံ့မည့်ဆေးနှင့်ဆေးပစ္စည်းများအား ချင်းတွင်းမြစ်ရေကြောင်းလမ်းဖြင့် ကလေးဝဆိပ်ကမ်းသို့ ပို့ဆောင်ပြီး ကလေးဝဆိပ်ကမ်းမှ ကလေးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ထားရှိပြီး ကလေးမြို့ပြည်သူ့ဆေးရုံကြီးသို့ တမူးမြို့

*စာမျက်နှာ ၅ သို့*

*စာမျက်နှာ ၄ မှ*

ပြည်သူ့ဆေးရုံ၏ အစီအစဉ်ဖြင့် သွားရောက်သယ်ဆောင်နိုင်ရန် စီစဉ်ထားပါကြောင်း၊ ကာကွယ်ဆေးကဲ့သို့သော အအေးခန်းတွင် ထားသိုရန်လိုအပ်သော ဆေးများအား ကလေးမြို့မှတစ်ဆင့် ဒေသကွပ်ကဲရေးစစ်ဌာနချုပ်(ကလေး)နှင့် ညှိနှိုင်း၍ တပ်မတော်ရဟတ်ယာဉ်ဖြင့် ပို့ဆောင်ပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်အိဖြူလွင်၏ **ဂန့်ဂေါမြို့ ဆေးရုံများ၌ အရေးပေါ် လိုအပ်နေသည့် ဆေးရုံအုပ်နှင့် ဆရာဝန်များ အမြန်ဆုံးစေလွှတ်ပေးနိုင်ခြင်း ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းက မကွေးတိုင်းဒေသကြီး ဂန့်ဂေါပြည်သူ့ဆေးရုံတွင် လက်ထောက်ဆရာဝန် ဒေါက်တာဝင်းထိုက်နှင့်အတူ ကျန်းမာရေးဝန်ထမ်း ၁၈ ဦး တာဝန်ထမ်းဆောင်လျက်ရှိပါကြောင်း၊ နယ်မြေလုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်လာပါက လုပ်ငန်းလိုအပ်ချက်အရ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးသည် နယ်မြေအခြေအနေကို အနီးကပ်စောင့်ကြည့်ပြီး ပြည်သူ့ဆေးရုံကြီး၊ မကွေးမြို့မှ လက်ထောက်ဆရာဝန် တစ်ဦးအား တွဲဖက်တာဝန်ချထားပေးသွားမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှ ကျန်းမာရေးဝန်ထမ်းများအား ပြန်လည်စေလွှတ်တာဝန်ထမ်းဆောင်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ခနုဖြူမဲဆန္ဒနယ်မှ ဦးနိုင်ဝင်း၏ **ခနုဖြူမြို့နယ် စခန်းကြီးကျေးရွာရှိ ကြပ်ရိုးကျေးရွာမှ တော်ဖျားအရှေ့ကျေးရွာအထိ ရွာချင်းဆက်လမ်းအား ကျောက်ချောလမ်းအဖြစ် ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ခနုဖြူမြို့နယ်ရှိ တော်ဖျား – ကြပ်ရိုး – အကယ်ကြီး– ဇီးဖျောက် ကျေးရွာချင်းဆက် မြေသားလမ်း သုံးမိုင် ၆ ဒသမ ၅ ဖာလုံရှိပြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော လမ်းစာရင်းတွင်ပါဝင်ခြင်း မရှိပါသဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲခွင့်ရှိသော လမ်းအဖြစ် ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကြပ်ရိုးအခြေခံပညာမူလတန်းကျောင်းရှေ့မှ တော်ဖျားအရှေ့ကျေးရွာအခြေခံပညာမူလတန်းကျောင်းရှေ့အထိ ရွာချင်းဆက် မြေသားလမ်းသည် နှစ်မိုင် ၆ ဒသမ ၂၄ ဖာလုံမှ သုံးမိုင် ၆ ဒသမ ၅ ဖာလုံအထိ အရှည် ပေ ၅၄၅၀ တစ်မိုင် ၀ ဒသမ ၂၆ ဖာလုံ ရှိပါကြောင်း။

မြေပြင်ကွင်းဆင်းစိစစ်ချက်အရ မြေသားလမ်းဖြစ်သောကြောင့် အချို့နေရာများတွင် လမ်းသားနိမ့်ကျမှုဖြစ်ခြင်း၊ လမ်းချိုင့်ကြီးများဖြစ်ပေါ်နေ၍ မိုးတွင်းကာလသွားလာရေး ခက်ခဲလျက်ရှိခြင်းတို့ကို တွေ့ရှိရပါကြောင်း၊ အဆိုပါလမ်းသည် အကျယ် ၁၇ ပေခန့်သာရှိသော မြေသားလမ်းဖြစ်သည့်အတွက် လမ်းအရှည် တစ်မိုင် ၀ ဒသမ ၂၆ ဖာလုံအား သတ်မှတ်လမ်း အကျယ် ၂၂ ပေ ရရှိရန်အတွက် လမ်းတာပေါင်ချဲ့ခြင်းနှင့် ကျောက်ရောမြေခင်းခြင်း လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်မည်ဆိုပါက ခန့်မှန်းငွေကျပ် ၄၈၉ သန်း ကုန်ကျမည်ဖြစ်ပါကြောင်း။

ကလေးသူငယ်/ ကျောင်းသား ကျောင်းသူများ ကျောင်းဖွင့်ချိန်ကာလတွင် ချောမွေ့လွယ်ကူစွာသွားလာနိုင်ရန် ရည်မျှော်၍လည်းကောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး မဟာဗျူဟာအရလည်းကောင်း ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်သို့ ဆောင်ရွက်ရန်အတွက် ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်မှစ၍ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်အတွင်းမှ ပြင်ဆင်ပေးသွားမည်ဖြစ်ပြီး လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းသော လမ်းပိုင်း တစ်မိုင် ၀ ဒသမ ၂၆ ဖာလုံအား မြေသားတာပေါင်ချဲ့ခြင်းနှင့်ကျောက်ရောမြေခင်းခြင်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ဇီးကုန်းမဲဆန္ဒနယ်မှ ဦးကျော်မင်းထွန်း၏ **ဇီးကုန်းမြို့နယ် အုတ်ဖို – သစ်နဖားပင် – ရေအိုးစင်ကုန်း – သစ်နဖားကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် သစ်နဖား – ရေအိုးစင်ကုန်း – သစ်နဖားပင် – သစ်ဖြူကွင်းလမ်းသည် တိုင်းဒေသကြီးမှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး ပြည်ထောင်စုမှ ကြီးကြပ်ကွပ်ကဲသော လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းသည် အရှည် နှစ်မိုင် ငါးဖာလုံ ရှိပြီး ကျောက်ချောလမ်း ငါးဖာလုံနှင့် အမာခံလမ်း နှစ်မိုင် ရှိပါကြောင်း။

လက်ရှိမြေပြင်အခြေအနေမှာ အမာခံလမ်းပိုင်း နှစ်မိုင်တွင် အချို့နေရာများမှာ ပျက်စီးလျက်ရှိပါကြောင်း၊ ကျောက်ချောလမ်းအဆုံး ငါးဖာလုံမှစ၍ မြေသားတာပေါင်ချဲ့ခြင်းနှင့် ကျောက်ချောခင်းခြင်း လုပ်ငန်း လေးဖာလုံအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် လျာထားပေးမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းဌေး၏ **လယ်ဝေးမြို့နယ် ပတ္တာကျေးရွာရှိ ရန်ကုန်– မန္တလေးလမ်းဟောင်းနှင့် လေကြောင်းရန်ကာကွယ်ရေးတပ်သို့ ဆက်သွယ်သောလမ်းအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရန်ကုန် – မန္တလေးလမ်းဟောင်းနှင့် လေကြောင်းရန်ကာကွယ်ရေးတပ်(အင်ပင်သာ)သို့ ဆက်သွယ်သော လမ်းသည် လမ်းအရှည် သုံးမိုင်နှစ်ဖာလုံရှိ ကတ္တရာလမ်း အမျိုးအစားဖြစ်ပါကြောင်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံကွပ်ကဲသော လမ်းဖြစ်ပါကြောင်း၊ အင်ပင်သာကျေးရွာ၊ ရှားချောင်းကျေးရွာနှင့် ပတ္တာကျေးရွာ စသည့် ကျေးရွာ သုံးရွာကို ဖြတ်သန်းဖောက်လုပ်ထားသော ကျေးရွာချင်းဆက်လမ်းဖြစ်ပါကြောင်း။

အင်ပင်သာကျေးရွာ၊ ရှားချောင်းကျေးရွာနှင့် ပတ္တာကျေးရွာသည် လမ်းဦးစီးဌာနပိုင် ရန်ကုန်–မန္တလေး အမြန်လမ်း ချဉ်းကပ်လမ်း (ကုန်ထုတ်လမ်း) အား အသုံးပြု၍လည်းကောင်း၊ V4 မြို့ပတ်လမ်းမှလည်းကောင်း၊ ရန်မန်းလမ်းဟောင်းမှလည်းကောင်း လယ်ဝေးမြို့သို့ ရာသီမရွေး ဆက်သွယ်သွားလာနိုင်ပါကြောင်း၊ ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေအကန့်အသတ်ဘောင်အတွင်းမှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးသန့်ဇော်၏ **ကွမ်းခြံကုန်းမြို့နယ် တော်ကေး–ပီလခတ် ကျေးရွာချင်းဆက်လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက တော်ကေး–ပီလခတ် ကျေးရွာချင်းဆက်လမ်းသည် အရှည် နှစ်မိုင် ၂ ဒသမ ၆ ဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော Class A အဆင့်လမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းတွင် ကျောက်ချောလမ်း တစ်မိုင် ၂ ဒသမ ၅ ဖာလုံ၊ မြေသားလမ်း တစ်မိုင် ၀ ဒသမ ၁ ဖာလုံရှိပါကြောင်း၊ ကျောက်ချောလမ်း တစ်မိုင် ၂ ဒသမ ၅ ဖာလုံကို ၂၀၂၄–၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မြေသားလမ်း တစ်မိုင် ၀ ဒသမ ၁ ဖာလုံအား ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းကို ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိရာ ယခုအခါ မြေသားတာပေါင်ချဲ့ခြင်း ဆောင်ရွက်လျက်ရှိပြီး ရာသီဥတုအခြေအနေပေါ် မူတည်၍ ကျောက်ချောလမ်းခင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ကျေးလက်လမ်းမဟာဗျူဟာအရ ရာသီမရွေး သွားလာနိုင်သောလမ်းများအဖြစ် ဦးစားပေးဆောင်ရွက်လျက်ရှိရာ ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ပြီးပါက ရာသီမရွေးသွားလာနိုင်ပါသဖြင့် လတ်တလောတွင် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအား ဆောင်ရွက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ပြန်လည်ဖြေကြားသည်။

ရွှေဘိုမဲဆန္ဒနယ်မှ ဦးသန်းဝင်းထွန်း၏ **ရွှေဘိုမြို့နယ် ခွန်တောင်းကြီး ကျေးရွာအဝင်လမ်းအား အဆင့်မြှင့်တင်ရန်အတွက် နီးစပ်သောဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးနိုင်ပါရန် သိရှိလိုခြင်းမေးခွန်း**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးသိုက်စိုးက ရွှေဘိုမြို့နယ် ရွှေဘို – ရေဦးလမ်းမှ ခွန်တောင်းကြီးရွာအဝင်လမ်းသည် ကျောက်လမ်း နှစ်မိုင် သုံးဖာလုံရှိပြီး တိုင်းဒေသကြီးမှ စီမံခန့်ခွဲသော Class A လမ်းဖြစ်ကာ လမ်းဦးစီးဌာနပိုင် ရွှေဘို – ရေဦးလမ်းနှင့် ချိတ်ဆက်ထားရှိပါကြောင်း၊ ၂၀၁၄–၂၀၁၅ ခုနှစ်တွင် ကျေးရွာအစီအစဉ်ဖြင့် ကျောက်လမ်းခင်းခြင်းလုပ်ငန်းအား ဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ရှိပျက်စီးနေသည့် ခွန်တောင်းကြီးကျေးရွာ ရွာအဝင်လမ်းအရှည် နှစ်မိုင် သုံးဖာလုံ ကျောက်ချောလမ်းအား ပြန်လည်ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ယခုအခါတွင် မြေပြင်ကွင်းဆင်း ဆောင်ရွက်နိုင်မှုအခြေအနေ မရှိသေးပါသဖြင့် လတ်တလောဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းနှင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပြီးမှသာ ရန်ပုံငွေလျာထား ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး နဝမနေ့ကို အောက်တိုဘာ ၁ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းအဖွဲ့**

◆ *ရှေ့ဖုံးမှ*

အဆိုပါ ဝေနိမြစ်ရေသည် ယနေ့တွင် လေးမျက်နှာမြို့နယ်အတွင်း ခုနစ်ပေ ခုနစ်လက်မခန့်၊ ရေကြည်မြို့နယ်အတွင်း ရှစ်ပေ တစ်လက်မခန့်၊ ငါးသိုင်းချောင်းမြို့နယ်အတွင်း ကိုးပေ သုံးလက်မခန့်၊ ကျုံပျော်မြို့နယ်အတွင်း ခြောက်ပေ ခုနစ်လက်မခန့်နှင့် ကျောင်းကုန်းမြို့နယ်အတွင်း ခြောက်ပေ လေးလက်မခန့်အထိကျဆင်းသွားခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်းတံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများ ပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့် ပြည်သူများအား စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

## ဥတုရာသီ၊ တောက်ပမှီ၏။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည် ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှု တစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# လူတိုင်းဥပဒေအသိပညာရရှိရန် ဥပဒေရေးရာဝန်ကြီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုမှသည် တရားဥပဒေစိုးမိုးရေးဆီသို့

*(ယမန်နေ့မှအဆက်)*

**ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT)များ ဖွင့်လှစ်ခြင်း၊ ဆင့်ပွားသင်တန်းများ ပို့ချစေခြင်း**

နိုင်ငံသားတိုင်း တရားဥပဒေစိုးမိုးမှုရရှိစေရေး၊ ဥပဒေအသိပညာရရှိစေရေး၊ ဥပဒေအကာအကွယ်ကို အညီအမျှရရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာ ပြန့်ပွားရေးဆရာဖြစ်သင်တန်း(ToT)များ ဖွင့်လှစ်သင်ကြားပို့ချပေးနိုင်ခဲ့ပါသည်။ ယခုအခါ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးပေါင်း ၁၁၀၈၆ ဦးကို ToT ပေးနိုင်ခဲ့ပါသည်။ သင်တန်းများတွင် ရပ်ကွက်၊ ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများအနေဖြင့် ဆောင်ရွက်ရန် တာဝန်ဝတ္တရားများနှင့် သက်ဆိုင်သည့်သိသင့်သိထိုက်သောဥပဒေများအား သင်ကြားပို့ချခဲ့ပြီး ယခုအချိန်ထိ ဥပဒေအသိပညာ ပြန့်ပွားရေး ဆင့်ပွားသင်တန်းများ ဖွင့်လှစ်ပို့ချလျက်ရှိပါသည်။ အထူးအားဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဆိုင်ရာ နည်းဥပဒေများ၊ လောင်းကစားဥပဒေ၊ လောင်းကစားဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာဥပဒေ၊ ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ နည်းဥပဒေများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ နည်းဥပဒေများ၊ ရာဇသတ်ကြီး၊ ရာဇဝတ်ကျင့်ထုံးဥပဒေ စသည့် ဥပဒေဘာသာရပ် ၁၁ ခုကို သင်ကြားပို့ချခဲ့ပါသည်။

အဆိုပါသင်တန်းများ ဖွင့်လှစ်ခြင်းကြောင့် ရပ်ကွက်၊ ကျေးရွာများတွင် နေထိုင်သူ ပြည်သူများအနေဖြင့်ဥပဒေနှင့်စပ်လျဉ်း၍ကနဦးအစ အကြောင်းခြင်းရာပြဿနာများအား ဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံ အလွယ်တကူ မေးမြန်းသိရှိနိုင်ပြီး သင်တန်းတက်ရောက်ခြင်းအားဖြင့် ဥပဒေနှင့်အညီ ဆောင်ရန်၊ ရှောင်ရန်များကိုလည်း သိရှိခွင့်ရရှိခဲ့ပါသည်။ နိုင်ငံအနှံ့ ToT ဆင်း ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ဥပဒေအသိပညာပြန့်ပွားရေး ဆင့်ပွားပေးခြင်းကို သက်ဆိုင်ရာ မြို့နယ်ဥပဒေရုံး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဆောင်ရွက်ရာ ဆင့်ပွားသင်တန်းတက်ရောက်ပြီးသူ ၃၀၅၈၀ ရှိကြောင်း လတ်တလောစာရင်းများအရ သိရပါသည်။

ပြည်သူတစ်ဦးသည် ယခင်က ဥပဒေနှင့်စပ်လျဉ်း၍ အလွယ်တကူသိရှိနိုင်ခြင်း မရှိသော်လည်း လက်ရှိအချိန်တွင် အနီးစပ်ဆုံး ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဥပဒေနှင့်စပ်လျဉ်း၍ အကူအညီရယူနိုင်ပြီး ကနဦးအဆင့် လမ်းညွှန်ပေးနိုင်ပြီဖြစ်ပါသည်။ ထိုအချက်သည် ပြည်သူတိုင်း ဥပဒေအသိရှိရန်နှင့် ဥပဒေအကာအကွယ် အညီအမျှရရှိရန်ဟူသော နိုင်ငံတော်အကြီးအကဲ၏ ရည်မှန်းချက်ကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် ဥပဒေရေးရာဝန်ကြီးဌာန၏ ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းစဉ် အောင်မြင်မှုရလဒ်ကောင်းတစ်ခုဖြစ်ကြောင်း တွေ့မြင်နိုင်ပါသည်။

**ဥပဒေအသိပညာပြန့်ပွားရေး ဟောပြောပွဲများပြုလုပ်ခြင်း**

ဥပဒေရေးရာဝန်ကြီးဌာနသည် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လည်းကောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံးများသို့ ညွှန်ကြား၍လည်းကောင်း ဥပဒေအသိပညာပြန့်ပွားရေးဟောပြောပွဲများကို ဆောင်ရွက်လျက် ယနေ့အချိန်ထိ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများတွင် ဥပဒေအသိပညာများ ဖြန့်ဖြူးပေးလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေအသိပညာ ပြန့်ပွားရေးသင်တန်းနှင့် ဟောပြောပွဲများကို တိုင်းဒေသကြီးနှင့် ပြည်နယ် ဥပဒေချုပ်ရုံးများမှ ယနေ့အချိန်ထိ ဥပဒေအသိပညာ ဟောပြောပို့ချလျက်ရှိပါသည်။ ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် သံဃနာယကအဖွဲ့များက ဖွင့်လှစ်သော သံဃနာယကနှင့် ဝိနည်းဓိုရ်သင်တန်းများတွင်လည်း တိုင်းဒေသကြီးနှင့်ပြည်နယ် ဥပဒေချုပ်ရုံးများက ဘာသာရေး၊ သာသနာရေးနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သော ဥပဒေများကို ဆွေးနွေးပို့ချဖြန့်ဖြူးနိုင်ခဲ့ပါသည်။

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်၊ တပ်မတော်အုပ်ချုပ်မှုသင်တန်းကျောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ကောလိပ်နှင့် သင်တန်းကျောင်းများမှ ဖွင့်လှစ်သော သင်တန်းများသို့ သင်တန်းနည်းပြဆရာများ စေလွှတ်ကာ ဥပဒေအသိပညာ ဆွေးနွေးပို့ချဖြန့်ဖြူးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်သည် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိရာ တရားလွှတ်တော်ရှေ့နေများ ကောင်စီအစည်းအဝေး ဆုံးဖြတ်ချက်နှင့်အညီ ရှေ့နေရှေ့ရပ်များအား တရားဥပဒေစိုးမိုးရေးနှင့် တရားမျှတမှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်၊ အမှုလိုက်ပါဆောင်ရွက်ရာ၌ သိသင့်သိထိုက်သည့် ဥပဒေရေးရာကိစ္စများကို ပိုမိုနှံ့စပ်နားလည်စေရန်၊ ရှေ့နေရှေ့ရပ်များ၏ ကျင့်ဝတ်သိက္ခာများ၊ တာဝန်များနှင့် အခွင့်အရေးများကို ပိုမိုသိရှိပြီး အရည်အချင်းပြည့်ဝသော ရှေ့နေရှေ့ရပ်များဖြစ်စေရန် ရည်ရွယ်၍ “**ရှေ့နေရှေ့ရပ်များအကြား ဥပဒေရေးရာစကားဝိုင်း**”များကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဥပဒေဆိုင်ရာစာအုပ်များ ထုတ်ဝေခြင်း**

ဥပဒေရေးရာဝန်ကြီးဌာနသည် ၁၉၈၉ ခုနှစ်ကတည်းက ဥပဒေပြုအဖွဲ့အစည်းများက ပြဋ္ဌာန်းထုတ်ပြန်ခဲ့သောဥပဒေများကို နှစ်အလိုက် စုစည်း၍ လည်းကောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာနများက ထုတ်ပြန်ခဲ့သော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ကြေညာချက်များကို နှစ်အလိုက်စုစည်း၍ လည်းကောင်း စာအုပ်ထုတ်ဝေခြင်း၊ Myanmar Laws စာအုပ်ထုတ်ဝေခြင်း၊ ဥပဒေအသိပညာဂျာနယ်စာအုပ်နှင့် ဥပဒေရုံးများ ရည်ညွှန်းစာစောင်စာအုပ်တို့ ထုတ်ဝေခြင်း၊ မဟာဗျူဟာစီမံကိန်းအရ ဦးစီးဌာနအလိုက်ရေးသားပြုစုသည့်စာအုပ်စာတမ်းများ၊ ဥပဒေအသိပညာ ဒီပလိုမာအတွက် ဥပဒေဘာသာရပ် စာအုပ်များကို ထုတ်ဝေခြင်းဖြင့်လည်း ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

**ခေတ်မီနည်းပညာ အသုံးပြု၍ ဥပဒေအသိပညာ ပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်၏ မဏ္ဍိုင်(၃)ရပ်လုံးတွင် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ မြန်မာဥပဒေသတင်းအချက်အလက်စနစ် (Myanmar Law Information System, MLIS)တွင် ဥပဒေ၊ နည်းဥပဒေများကို အချိန်နှင့်တစ်ပြေးညီ လွှင့်တင်ပေးလျက်ရှိသည့်အပြင် ဥပဒေပညာလေ့လာလိုသူများနှင့် ဥပဒေဆိုင်ရာအကိုးအကားများ ရှာဖွေလိုသူများအတွက် e-Library တစ်ခု ပံ့ပိုးပေးနိုင်ရန်နှင့် အမျိုးသားဉာဏ်ရည်တု(AI)နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ပူးပေါင်း၍ AI နည်းပညာကို အသုံးပြုကာ ဥပဒေအသိပညာများ ပြန့်ပွားစေရန် ဆောင်ရွက်လျက်ရှိပါသည် ။ “ဥပဒေရေးရာ AI Assistant” ( Myanmar Legal AI Assistant)စနစ်ကို အကောင်အထည်ဖော်ကာ ဥပဒေဆိုင်ရာ အချက်အလက်များ ထည့်သွင်းခြင်းလုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မကြာမီကာလတွင် အများပြည်သူအသုံးပြုနိုင်ရန် ရည်ရွယ်ထားပါသည်။ မြန်မာနိုင်ငံတွင် ပထမဆုံး AI Application တစ်ခုဖြင့် AI သို့ ဥပဒေမေးခွန်းများမေးခြင်း၊ ဖြေကြားရေး ဆောင်ရွက်လျက်ရှိရာ ယခုအခါ စမ်းသပ်ထုတ်လွှင့်လျက်ရှိပါသည်။

မြန်မာဥပဒေသတင်း အချက်အလက်စနစ် (MLIS) နှင့် Myanmar Legal AI Assistant စနစ်တို့လွှင့်တင်ထားခြင်းအားဖြင့် ဥပဒေပညာရှင်များ၊ ဥပဒေလေ့လာလိုသူများ၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ဥပဒေဆိုင်ရာ အချက်အလက်များအား အလွယ်တကူလေ့လာဖတ်ရှုခြင်း၊ ရှာဖွေစုဆောင်းခြင်းများ ပြုလုပ်နိုင်သည့် အခွင့်အရေးများ ရရှိနိုင်ပါသည်။

**ဥပဒေအရာရှိများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများဆောင်ရွက်ခြင်း**

ဥပဒေရေးရာဝန်ကြီးဌာနသည် အပြည်ပြည်ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းဖြစ်သည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံရှေ့နေချုပ်ရုံးနှင့် ဥပဒေရေးရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် ဥပဒေသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ဥပဒေရေးရာဝန်ကြီးဌာနမှ ဥပဒေအရာရှိများအား

> **“ဥပဒေရေးရာဝန်ကြီးဌာနသည် ရဟန်းသံဃာများမှ အစပြု၍ တပ်မတော်သားများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများအထိ နည်းလမ်းမျိုးစုံဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နိုင်ငံ့လူဦးရေတွင် အရွယ်ရောက်ပြီးသူ စုစုပေါင်း ၁၀ သိန်းကျော်ကို ဥပဒေအသိပညာပြန့်ပွားစေရေး ဆောင်ရွက်ပြီးဖြစ်”**

**ဥပဒေရေးရာဝန်ကြီးဌာန**

ရုရှားဘာသာစကား နားလည်တတ်ကျွမ်းရန် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ရုရှားဘာသာစကားဒီပလိုမာ အချိန်ပြည့် တစ်နှစ်သင်တန်းကို ဖွင့်လှစ်ခဲ့ပြီး စစ်တက္ကသိုလ်၊ အဆင့်မြင့်စာပေပညာဗဟိုဌာန၊ ဘာသာစကားဌာန၊ ရုရှားဘာသာစကားဌာနခွဲမှ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် Native Speaker တို့က လာရောက်သင်ကြားပို့ချပေးခဲ့ကာ ဥပဒေရေးရာဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဥပဒေရုံးအသီးသီးတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဥပဒေအရာရှိများ တက်ရောက်ခဲ့ပြီး သတ်မှတ်အရည်အချင်းပြည့်မီသည့်အတွက် စစ်တက္ကသိုလ်၏ ရုရှားဘာသာစကားဒီပလိုမာကို ချီးမြှင့်ပေးခဲ့ပါသည်။ ယခုအချိန်တွင် သင်တန်းသား နှစ်ဦးမှာ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားခွင့်ရရှိခဲ့ပါသည်။

ဥပဒေအရာရှိများအနေဖြင့် စာချုပ်စာတမ်းများ၊ အထွေထွေဥပဒေအကြံပေးခြင်း လုပ်ငန်းများကို ဥပဒေနှင့်အညီ ပိုမိုထိရောက်မှန်ကန်စွာ စိစစ်ဆောင်ရွက်နိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိဥပဒေအရာရှိများအတွက် စီးပွားရေး စာချုပ်စာတမ်းများ စိစစ်ခြင်း သင်တန်းအမှတ်စဉ်(၁)ကို ဖွင့်လှစ်သင်ကြားပို့ချနိုင်ခဲ့ပါသည်။

ဥပဒေအရာရှိများအား တရားစွဲနှင့်အမှုလိုက်ဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ပိုမိုထိရောက်၍ ဥပဒေနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ပုံမှန်သင်တန်းများ၊ မွမ်းမံသင်တန်းများ ဖွင့်လှစ်လျက်ရှိပါသည်။

ထိုသို့ ဆောင်ရွက်ချက်များအား ကြည့်ရှုခြင်းအားဖြင့် ဥပဒေရေးရာဝန်ကြီးဌာနသည် ပြည်သူများအား ဥပဒေအသိပညာရရှိစေရန် ဆောင်ရွက်နိုင်ရုံသာမက ဥပဒေအရာရှိများအား အရည်အသွေးမြှင့်တင်သည့် သင်တန်းများအားလည်း ပြုလုပ်ပေးကြောင်း လေ့လာတွေ့ရှိရပါသည်။

အချုပ်အားဖြင့်ဆိုသော် ဥပဒေရေးရာဝန်ကြီးဌာနသည် ရဟန်းသံဃာများမှ အစပြု၍ တပ်မတော်သားများ၊ ကျောင်းသား ကျောင်းသူများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ပြည်သူများအထိ နည်းလမ်းမျိုးစုံဖြင့် ဥပဒေအသိပညာပြန့်ပွားရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ နိုင်ငံ့လူဦးရေတွင် အရွယ်ရောက်ပြီးသူ စုစုပေါင်း ၁၀ သိန်းကျော်ကို ဥပဒေအသိပညာပြန့်ပွားစေရေး ဆောင်ရွက်ပြီးဖြစ်ပါသည်။

ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ခြင်း၏ အကျိုးရလဒ်အနေဖြင့် သင်တန်းများ၊ ဟောပြောပွဲများနှင့် MLIS မှတစ်ဆင့် ဥပဒေဆိုင်ရာ အချက်အလက်များကို အများပြည်သူတို့ အလွယ်တကူသိရှိလာနိုင်ခြင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(ToT) ဖွင့်လှစ်ခြင်းအားဖြင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၏ ဥပဒေအသိပညာမြှင့်တင်နိုင်ခဲ့ပြီး ၎င်းတို့မှတစ်ဆင့် ပြည်သူများသို့ ဥပဒေအသိပညာများ ဆင့်ပွားပြန့်ပွားစေခဲ့ခြင်း၊ Grade 11 နှင့် Grade 12 ကျောင်းသား ကျောင်းသူ များအား ဥပဒေအသိပညာ သင်ကြားပေးခြင်းကြောင့် အနာဂတ်မျိုးဆက်သစ် လူငယ်များ ဥပဒေကို

*စာမျက်နှာ ၇ သို့*

# ယူရီးယားမြေဩဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၃၀**

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၆ ခုနှစ် စက်တင်ဘာလကုန်အထိ ယူရီးယားတန်ချိန် ၁၄၂၀၀၀၊ ကွန်ပေါင်းနှင့် အခြားမြေဩဇာ ၅၇၀၅၈၄တန် ထောက်ခံပေးခဲ့ပါကြောင်း ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ သိရသည်။



အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းက ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများအဆင်ပြေစေရန် စုပေါင်းဝယ်ယူ စုပေါင်းဖြန့်ဖြူးနိုင်ရေးအတွက် သမဝါယမစနစ် Consortium ပုံစံဖြင့် အမြတ်မယူဘဲ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရည်ညွှန်းဈေးနှုန်းကို လစဉ် ပုံမှန်ထုတ်ပြန်ပေးလျက်ရှိပါကြောင်း၊ ဓာတ်မြေဩဇာများ အရည်အသွေးနှင့် အလေးချိန်မှန်ကန်စေရေး၊ သတ်မှတ်ရောင်းဈေးနှုန်းထက် ပိုမိုရောင်းချမှု မရှိစေရေး၊ သိုလှောင်ပြီး ဈေးကစားခြင်းများ မရှိစေရေး၊ မြို့နယ်အလိုက် အရောင်းဆိုင်များကို စစ်ဆေးရန်လိုအပ်ကြောင်း၊ ကော်မတီ၏ ရည်ရွယ်ချက်အတိုင်း အချိန်မီရရှိရေး၊ အရည်အသွေးပြည့်ဝစေရေး၊ သတ်မှတ်ဈေးနှုန်းနှင့် တောင်သူများ လက်ဝယ်အရောက် တိုက်ရိုက်ဝယ်ယူအသုံးပြုနိုင်ရေးတို့အတွက် တိုင်းဒေသကြီး၊ ပြည်နယ်များအပါအဝင် သက်ဆိုင်ရာဌာနအားလုံးက ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး အမြဲတမ်းအတွင်းဝန်က ယခင်အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုနှင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးထောက်ခံပေးထားသည့် တန်ချိန်များအပေါ် မှတ်တမ်းတင်ပေးနိုင်ရန်နှင့် မြန်မာနိုင်ငံမြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌတို့က ဓာတ်မြေဩဇာဝယ်ယူတင်သွင်းဖြန့်ဖြူးရောင်းချလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဦးဆောင်ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ဦးစီးဌာနများမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းဆွေးနွေးတင်ပြခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို နည်းပညာနှင့် ငွေကြေးထောက်ပံ့ခြင်း၊ ပုဂ္ဂလိကမူလတန်းကြိုကျောင်းများ တည်ထောင်ခွင့်ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ

**ကလေး စက်တင်ဘာ ၃၀**

ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးအတွက် ဌာနမူလတန်းကြိုကျောင်းများ ဖွင့်လှစ်ခြင်းအပြင် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများကို နည်းပညာနှင့် ငွေကြေးထောက်ပံ့ခြင်း၊ ပုဂ္ဂလိကမူလတန်းကြို ကျောင်းများ တည်ထောင်ခွင့် ပြုခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က ပြောကြားသည်။

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစဉ် ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုသို့ သွားရောက်စဉ် ဒုတိယဝန်ကြီးက ကလေးမြို့ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းအတွက်ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ကလေးခရိုင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၌ မိသားစုသုံးပစ္စည်း (Family Kit) များနှင့်ကယ်ဆယ်ရေး အထောက်အကူပြု ပစ္စည်းများ ထိန်းသိမ်းထားသိုသည့် ပစ္စည်း သိုလှောင်ရုံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကလေးခရိုင်အတွင်း သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုရှိလာပါက ဘေးသင့်သူများ လတ်တလော သက်သာချောင်ချိမှု ရရှိစေရေးအတွက် ထောက်ပံ့ပေးသည့် မိသားစုသုံးပစ္စည်း(Family Kit)များနှင့် ကယ်ဆယ်ရေး အထောက်အကူပြု ပစ္စည်းများ အဆင်သင့်ဖြစ်နေစေရန်၊ လေလွင့်ပျက်စီးဆုံးရှုံးမှုများ မဖြစ်ပွားစေရေး သိုလှောင်ရုံထိန်းသိမ်းရေး နည်းစနစ်များနှင့်အညီ သိုလှောင်ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားကာ ဝန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ဒေသစားရေရိက္ခာဖူလုံရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ပညာရပ်များကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့လာကြရန် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် မှာကြား

**ပူတာအို စက်တင်ဘာ ၃၀**

ဒေသစားရေရိက္ခာ ဖူလုံရေးအတွက် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးပညာများကို ကျွမ်းကျင်တတ်မြောက်အောင် သင်ယူလေ့ကျင့်ကြရန် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ယနေ့နံနက်ပိုင်းတွင် ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက် အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံမှာကြားသည်။

နိုင်ငံတော်သမ္မတက နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူတာအိုဒေသ၌ ဒေသနှင့်ကိုက်ညီသည့် ဒီဂရီကောလိပ်တစ်ခု ဖွင့်လှစ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်ရန် လမ်းညွှန်ချက်အရ ကျောင်းသစ်အမြန်ဆုံးဖွင့်လှစ်နိုင်ရေး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ကချင်ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးကျော်မင်းခိုင်၊ ရဝမ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမယစ်ယောရှ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပူတာအိုမြို့ ဒုတ္ထန်ရပ်ကွက်အတွင်းရှိ အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း၊ ဒုတ္ထန်အခြေခံပညာအထက်တန်းကျောင်း၊ ထူးဖောင်ဒေးရှင်း ပညာဒါန ဘော်ဒါဆောင်၊ အစိုးရစက်မှုလက်မှုသိပ္ပံ (ပူတာအို)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (ပူတာအို)နှင့် မြို့မြေကွက် လျာထားမြေလွတ်နေရာတို့ကို လှည့်လည်ကြည့်ရှုပြီး ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ စည်းကမ်းလိုက်နာပြီး ကြိုးစားသင်ယူလေ့လာကြရန် အားပေးစကားပြောကြားခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ သင်တန်းဖွင့်

**ထန်းတပင် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းသင်တန်းကို မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သိရိမင်္ဂလာခန်းမတွင် ယနေ့နံနက်က ဖွင့်လှစ်ရာ တောင်ငူခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ နေစိုးက တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာများနှင့် သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာနွယ်နီဝင်းက သင်တန်းပို့ချပေးသည်။

အဆိုပါသင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**

ပညာရဲရင့်
ပွဲလယ်တင့်

*စာမျက်နှာ ၆ မှ*

လေးစားလိုက်နာတတ်လာစေရန် အထောက်အကူပြုခြင်း၊ MLIS နှင့် AI နည်းပညာများကို အသုံးပြု၍ ဥပဒေအသိပညာပြန့်ပွားရေး ဆောင်ရွက်ခြင်းကြောင့် ပြည်သူတိုင်း ဥပဒေအသိပညာ ရရှိစေရေးအတွက် လက်လှမ်းမီပြီး ထိရောက်မှုရှိခြင်း အစရှိသည့် အကျိုးကျေးဇူးများရရှိလာပြီး မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာကာ တရားဥပဒေစိုးမိုးသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ပေါ်ပေါက်လာမည် ဖြစ်ပါကြောင်းနှင့် ဥပဒေရေးရာဝန်ကြီးဌာနသည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို တစိုက်မတ်မတ် အကောင်အထည်ဖော်လျက်ရှိသည့်အပြင် ၂၀၂၅-၂၀၂၉ ခုနှစ်၊ မဟာဗျူဟာစီမံကိန်းရည်မှန်းချက် ဆောင်ပုဒ်ဖြစ်သည့် **"ပြည်သူ့အတွက် တည်ဆောက်လျက် ဥပဒေယုံကြည်ချက်"** (Building Legal Trust For The People) ဟူသော ရည်မှန်းချက်နှင့်အညီ ဥပဒေအသိပညာကို ပြည်သူတိုင်း လက်လှမ်းမီအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၇ ရက်အထိ ကျင်းပသွားမည်

**နေပြည်တော် စက်တင်ဘာ ၃၀**

(၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို အောက်တိုဘာ ၈ ရက်မှ အောက်တိုဘာ ၁၇ ရက် အထိ ၁၀ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ့ကျောက်မျက် ရတနာပြပွဲ ဗဟိုကော်မတီ (ဒုတိယအကြိမ်) အစည်း အဝေးမှ သိရသည်။

ထို့ပြင် (၆၁) ကြိမ်မြောက် မြန်မာ့ကျောက်မျက် ရတနာပြပွဲ၌ ပုလဲအတွဲ ၇၀၀ ၊ ကျောက်မျက် အတွဲ ၁၆၀ နှင့် ကျောက်စိမ်း(အေ)အုပ်စု၊ အတွဲ ၃၅၀၊ (ဘီ) အုပ်စု ၁၂၅၅ တွဲ၊ (စီ) အုပ်စု ၁၄၆၈ တွဲ စုစုပေါင်း ကျောက်စိမ်းအတွဲ ၃၀၇၃ တွဲတို့ကို သတ်မှတ်ရက် အလိုက် တင်ဒါစနစ်ဖြင့် ရောင်းချသွားရန် စီစဉ်ထားရှိ ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးက ရတနာကုန်သည် များက အာမခံစပေါ်ငွေနှင့် ကျောက်အတွဲ တန်ဖိုးငွေ များကို အမေရိကန်ဒေါ်လာ သို့မဟုတ် အမေရိကန် ဒေါ်လာနှင့်ညီမျှသည့် မြန်မာနိုင်ငံတော် ဗဟိုဘဏ်က လက်ခံသည့် နိုင်ငံခြားငွေအမျိုးအစား သို့မဟုတ် မြန်မာကျပ်ငွေနှင့် ပေးသွင်းနိုင်ရေးအတွက် ယခင် ပြပွဲများနည်းတူ ကျောက်အတွဲအမျိုးအစား အလိုက် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း၊ အမေရိကန်ဒေါ်လာနှင့် ညီမျှသော ငွေလဲလှယ်နှုန်းထားများ သတ်မှတ်ရာတွင် ပြည်တွင်း ပြည်ပရတနာကုန်သည်များက ပုလဲအတွဲ၊ ကျောက်မျက်အတွဲနှင့် သတ်မှတ်အုပ်စုပါ ကျောက်စိမ်း အတွဲများအတွက် အာမခံစပေါ်ငွေနှင့် တန်ဖိုးနှုန်း ထားများကို နိုင်ငံတော်က နစ်နာမှုမရှိစေရေး၊ ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဈေးနှုန်း အပြိုင်ပေး၍ ဝယ်ယူစေရေးတို့အတွက် မြန်မာ နိုင်ငံတော်ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များက ထုတ်ပြန်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းများအနက် အမြင့်ဆုံးငွေလဲလှယ်နှုန်းနှင့် သတ်မှတ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း၊ ယင်းသို့ သတ်မှတ်ရာတွင် ပြပွဲစတင်ကျင်းပသည့် အောက်တိုဘာ ၈ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပုဂ္ဂလိကဘဏ်များက ထုတ်ပြန်သည့် နှုန်းထားများကိုရယူပြီး သတ်မှတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံ ကျောက်မျက် ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ က သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ဆောင်ရွက် ထားရှိမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံကျန်းမာရေးတက္ကသိုလ်(မကွေး) (၄၅)ကြိမ်မြောက် ပြည်သူ့ကျန်းမာရေးကြီးကြပ်အဆင့်(၁) သင်တန်းဆင်း

**မကွေး စက်တင်ဘာ ၃၀**

အခြေခံကျန်းမာရေး တက္ကသိုလ် (မကွေး) (၄၅) ကြိမ်မြောက် ပြည်သူ့ကျန်းမာရေး ကြီးကြပ် အဆင့်(၁) သင်တန်းဆင်းပွဲကို ယနေ့နံနက် ၉ နာရီက အခြေခံ ကျန်းမာရေး တက္ကသိုလ်(မကွေး) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပ သည်။



အဆိုပါ ပြည်သူ့ကျန်းမာရေး ကြီးကြပ်အဆင့်(၁) သင်တန်းကို ယခင်က အခြေခံကျန်းမာရေး တက္ကသိုလ်တွင် On-campus အနေဖြင့် ကိုးလတာ သင်ကြား လေ့ကျင့်ပေးခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်မှ စတင်ကာ လက်တွေ့ သင်ခန်းစာများ ပိုမိုထည့်သွင်းနိုင် ရန် ရည်ရွယ်၍ Off-campus နှင့် On-campus (၂)ပိုင်းခွဲ သင်ကြား ပေးခဲ့ခြင်းဖြစ်ကြောင်းနှင့် ယခု သင်တန်းအပါအဝင် ၂၀၂၆ ခုနှစ်အထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၄၀၆ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သင်တန်းဆင်းပွဲတွင် တိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင်ကိုကို က အမှာစကား ပြောကြားပြီး (၄၅)ကြိမ်မြောက် ပြည်သူ့ကျန်းမာ ရေး ကြီးကြပ်အဆင့်(၁)သင်တန်း မှ သင်တန်းသား သင်တန်းသူ ကိုယ်စားလှယ်နှစ်ဦးကို သင်တန်း ဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ (ဝဲပုံ)

ဆက်လက်၍ အမှတ်(၃၁၇) ခြေမြန်တပ်ရင်း(မကွေး) သို့ သွားရောက်၍ အခြေခံပညာ အလယ်တန်းကျောင်း (ခမ၇- ၃၁၇)တွင် (၁၄၀'x၃၀') စာသင် ဆောင် နှစ်ထပ် နှစ်လုံး တည်ဆောက်ခြင်း လုပ်ငန်းနှင့် တပ်နယ်ဈေး တည်ဆောက်မည့် မြေနေရာတို့ကို ကြည့်ရှုစစ်ဆေး ပြီး တာဝန်ရှိသူများ၏ ရှင်းလင်း တင်ပြချက်များအပေါ် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးကာ လိုအပ် သည့် ပံ့ပိုးမှုများ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရ သည်။

**မောင်ခိုင်မင်း(ပြန်/ဆက်)**

❑ *ရွှေဖုံးမှ*

အဆိုပါမုန်တိုင်းငယ်သည် မိုးလေဝသနှင့် ဇလ ဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ စက်တင်ဘာ ၂၈ ရက် တွင် တိုင်းထွာချက်အရ မြန်မာနိုင်ငံ မွန်ပြည်နယ် ကျိုက်ထိုမြို့၏ တောင်ဘက်မှ စတင်ဖြတ်သန်း ဝင်ရောက်ခဲ့ရာ ဖြူးမြို့၊ ရေတာရှည်မြို့၊ ရေနံချောင်း မြို့နှင့် ကျောက်ပန်းတောင်းမြို့အကြား၊ ညောင်ဦးမြို့ အနောက်ဘက်တို့မှ ဖြတ်ကျော်ဝင်ရောက်ခဲ့ သည်။ ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ မြန်မာနိုင်ငံ မတူပီမြို့အနီးမှ ဖြတ်ကျော်ကာ ချင်းပြည်နယ်နှင့် ဆက်စပ်လျက်ရှိ သော ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်း၊ အိန္ဒိယ နိုင်ငံ မီဇိုရမ်ပြည်နယ်တို့ကို ဆက်လက်ဖြတ်ကျော်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် မြောက်- အနောက်မြောက်သို့ ရွေ့လျားခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် တို့တွင် လေဖိအားနည်းရပ်ဝန်းအဖြစ် အားလျော့ သွားခဲ့သည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် မြောက်-အနောက်မြောက်သို့ ဆက်လက်ရွေ့လျားနိုင် သည်ဟု ခန့်မှန်းကြောင်းနှင့် မြန်မာနိုင်ငံမှ ဖြတ်ကျော် ခဲ့ပြီးဖြစ်သည့်အတွက် အစိမ်းရောင်အဆင့်ဟု သတ်မှတ်ပါကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားရှိသည်။

အဆိုပါ ကုန်းတွင်းမုန်တိုင်းငယ် ဖြတ်သန်း ဝင်ရောက်ခဲ့သည့် လမ်းကြောင်းတစ်လျှောက်ရှိဒေသ များနှင့် မုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာ ရွာသွန်း၍ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သည့် မြို့ရွာများ ဖြစ်သည့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ လောင်းလုံးမြို့၊ သရက်ချောင်းမြို့၊ ပလောက်မြို့၊ တနင်္သာရီမြို့၊ ဘုတ်ပြင်းမြို့၊ ခမောက်ကြီးမြို့၊ မန္တလေး တိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် အိုမတွေ့ကျေးရွာ၊ အမရပူရမြို့နယ်၊ ဥယျဉ်တော်ကျေးရွာအုပ်စုတို့တွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်ခဲ့ ပြီး မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများရှိ နေအိမ်များ အတွင်း ရေဝင်ရောက်မှုများ၊ ရေတိုက်စားမှုကြောင့် မြေပြိုခြင်းများ၊ လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် သစ်ပင်သစ်ကိုင်းများ ပြိုလဲခြင်း၊ လူနေအိမ်များ ထိခိုက်ပျက်စီးခြင်းအစရှိ သည့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း သိရ သည်။

ထိုသို့ ရေကြီးရေလျှံမှုများကြောင့် ရေဝင်ရောက်မှု ဖြစ်ပေါ်ခဲ့သည့် ဒေသများရှိ ရေဘေးသင့်ပြည်သူများ အား သက်ဆိုင်ရာဒေသများရှိ နယ်မြေခံတပ်မတော် သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့များ၊ လူမှုကူညီရေးအသင်း အဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ ပူးပေါင်း၍ ယာယီရေဘေး ကယ်ဆယ်ရေးစခန်းများ၊ နီးစပ်ရာဆွေမျိုးများ၏ နေအိမ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ ကူညီ ရွှေ့ပြောင်းပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံ ပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ရေကျော်ဝင်ရောက်မှုဖြစ်ပေါ်လျက်ရှိသော ကားလမ်းမ ကြီးများတွင် မော်တော်ယာဉ်များ သွားလာနိုင်ရေး အတွက် လမ်းကြောင်းပြ အမှတ်အသားများ ဆောင်ရွက်ပေးခြင်း၊ မြေပြိုမှုဖြစ်ပေါ်သည့် နေရာများ တွင် လူအင်အား၊ စက်ယန္တရားများဖြင့် ဖယ်ရှား ရှင်းလင်းခြင်း၊ အများပြည်သူများ ပုံမှန်အတိုင်းသွား လာအသုံးပြုနိုင်ရေးအတွက် သစ်ပင်သစ်ကိုင်းများ ရှင်းလင်းပေးခြင်း၊ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ရေပြန်လည် ကျဆင်းချိန်၌ တင်ကျန်ရစ်သော သစ်ပင်သစ်ကိုင်း များ၊ အမှိုက်များ၊ နုန်းမြေများ ဖယ်ရှားရှင်းလင်းပေး ခြင်း အစရှိသည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းတို့ကို အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



အလားတူ မုန်တိုင်းအရှိန်ကြောင့် မိုးသည်း ထန်စွာရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည့် မြို့ရွာများဖြစ် သည့် မွန်ပြည်နယ် မော်လမြိုင်မြို့၊ လှိုင်းဘွဲ့မြို့၊ ဘီးလင်းမြို့၊ မုဒုံမြို့၊ သံဖြူဇရပ်မြို့၊ ရန်ကုန်တိုင်းဒေသ ကြီး ထန်းတပင်မြို့၊ လှည်းကူးမြို့၊ ပဲခူးတိုင်းဒေသ ကြီး တောင်ငူမြို့၊ ရေတာရှည်မြို့၊ ပဲခူးမြို့တို့ရှိ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေကျော်ဝင်ရောက် ခြင်း၊ ရေဝပ်ဧရိယာများဖြစ်ပေါ်ခြင်းတို့ မရှိစေရန် အတွက် ရေနုတ်မြောင်းများအတွင်း အမှိုက်သရိုက် များ ဖယ်ရှားရှင်းလင်းခြင်း၊ နုန်းမြေများ ဆယ်ယူ ခြင်း၊ ရေစီးရေလာကောင်းစေရေး ဆောင်ရွက်ခြင်း တို့ကို နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာ အဖွဲ့များ ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိခိုက်ပျက်စီးဆုံးရှုံးမှု အနည်းဆုံးဖြစ်စေရေး အတွက် ကြိုတင်ကာကွယ်ခြင်းနှင့် စုဖွဲ့ပြင်ဆင်ခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြင့် သဘာဝဘေး အန္တရာယ် ကျရောက်မှုအား ဖြတ်ကျော်နိုင်ခဲ့ခြင်းဖြစ် သည်။ ထို့ပြင် သဘာဝဘေးကျရောက်ချိန်တွင်လည်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ အင်တိုက် အားတိုက်ဆောင်ရွက်ပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက် နေမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ် များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက် ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

## ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်အချို့တွင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်းကာ အင်တိုက်အားတိုက်ဆောင်ရွက်

ထားဝယ် စက်တင်ဘာ ၃၀

တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာ စံချိန်တင်ရွာသွန်းမှုနှင့် လပြည့်ရက် မြစ်ရေပြည့်ချိန်တို့ တိုက်ဆိုင်၍ ထားဝယ်မြို့၊ သရက်ချောင်းမြို့၊ လောင်းလုံးမြို့၊ ပုလောမြို့တို့ရှိ ရပ်ကွက်/ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ယခုအခါ မြစ်ရေ၊ ချောင်းရေများ ပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ယနေ့နံနက်ပိုင်းတွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ လမ်းကြောင်းရှင်းလင်းရေးနှင့် သန့်ရှင်းရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ကြသည်။



ထိုသို့ဆောင်ရွက်နေမှုကို ထားဝယ်မြို့ပေါ် မြေနိမ့်ပိုင်းရပ်ကွက်အချို့ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဇော်နိုင်ဦး၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ မိုးကုတ်ဝိပဿနာကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် ယာယီကယ်ဆယ်ရေးစခန်း၌ ခေတ္တခိုလှုံနေကြရသည့်ပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် အခြေခံစားသောက်ကုန်များကို ပေးအပ်သွားမည်ဖြစ်ကြောင်း၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှလည်း ကျန်းမာရေးဆေးစစ်ကုသဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အားပေးစကားပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်အိမ်ထောင်စုများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် လူမှုကယ်ဆယ်ရေးအဖွဲ့များက ကယ်ဆယ်ရေးပစ္စည်းနှင့် အစားအသောက်များကို ရေဘေးသင့်ပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဖြူးပေးအပ်ကြသည်။

ရေကျသွားပြီးနောက် ဖြစ်ပွားတတ်သည့် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အရေပြားရောဂါနှင့် ခြင်မှတစ်ဆင့်ကူးစက်တတ်သောရောဂါများ မဖြစ်ပွားစေရန် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ကျန်းမာရေးအဖွဲ့များက ကွင်းဆင်းဆေးကုသပေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်ကျော်လတ်**

## ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်

ဟားခါး စက်တင်ဘာ ၃၀

ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပုံပြင်ပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခမ်လျန်ဆုမ်းက ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ဆောင်ရွက်ချက်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

ယင်းနောက် အထက်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ မူလတန်း(ထက်ဆင့်) ကဗျာရွတ်ဆို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အဖွဲ့များ၊ မူလတန်း(အောက်ဆင့်) ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်အဖွဲ့များ၊ အထက်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ အလယ်တန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ မူလတန်းအဆင့် ပုံပြင်ပြောပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ အလယ်တန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများ၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် နှစ်သိမ့်ဆုရရှိသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုး ရေဘေးသင့် ကျွန်းတဲကျေးရွာနှင့် ဂျမ်းကုန်းကျေးရွာ ပြန်လည်ထူထောင်ရေးအတွက် လိုက်လံကြည့်ရှု

လေးမျက်နှာ စက်တင်ဘာ ၃၀

လေးမျက်နှာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးသည် ငဝန်ပန်းတာ မြစ်ကျိုးအင်း ထူးပေါက်၍ မြစ်ရေစီးဝင်သည့်နေရာကို သက်ဆိုင်ရာဝန်ကြီးဌာနများက ပြန်လည်ပိတ်ဆို့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ရာ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုပြီး သဲဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းသည်။



ထို့နောက် လေးမျက်နှာမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ဌာနဆိုင်ရာများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံပြီး ရေဘေးသင့် ရပ်ကွက်နှင့် ကျေးရွာအုပ်စုများအတွက် ရာသီအလိုက်သီးနှံများ ပြန်လည်စိုက်ပျိုးရေး၊ သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးလိုင်းများ ပြန်လည်စစ်ဆေး၍ အမြန်သွယ်တန်းနိုင်ရေးတို့အပါအဝင် ပြန်လည်ထူထောင်ရေး လုပ်ငန်းဆိုင်ရာများကို ညှိနှိုင်းပေါင်းစပ်ဆွေးနွေးသည်။

ယင်းနောက် သခွတ်ချောင်းကျေးရွာအုပ်စု ကျွန်းတဲကျေးရွာသို့ သွားရောက်ကာ ရေဘေးသင့်ကျေးရွာသူ ကျေးရွာသားတို့နှင့် တွေ့ဆုံပြီး ပြန်လည်တည်ဆောက်ပေးမည့် ကျွန်းတဲဗောတံတားနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှူဒါန်းသော တစ်ကိုယ်ရေကျန်းမာရေးသုံး ပစ္စည်းအစုံ ၅၀၊ အခြေခံပညာမူလတန်းကျောင်းအတွက် ရေသန့်ကိရိယာ သုံးလုံး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအတွက် ငွေကျပ် ငါးသိန်းတို့ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာအတွင်း ရေဘေးသင့် အိမ်ခြေ ၈၅ အိမ်အနက် ပြိုကျပျက်စီးသွားသော အိမ် လေးအိမ်အပါအဝင် တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် နေအိမ်များကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဂျမ်းကုန်းကျေးရွာသို့ သွားရောက်ကာ ရေဘေးသင့် အိမ်ခြေ ၆၀ အနက် ရေစီးနှင့် မျောပါပျက်စီးသွားသော အိမ် လေးအိမ်၊ သဲနုန်းများဖုံးလွှမ်းပျက်စီးသွားသော အိမ်ခြောက်အိမ်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စာရင်းဇယားများ မှန်ကန်စွာကောက်ယူရေး၊ အမြန်ပြန်လည်ထူထောင်ပေးနိုင်ရေး၊ လိုအပ်သည်များ ညှိနှိုင်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသော ငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များ ဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့် လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများ လွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့် နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့် သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

ငါးလုပ်ငန်းဦးစီးဌာန
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အယ်လ်နီညိုနှင့် တောင်သူဦးကြီးတို့၏ လယ်ကွင်းများ

## အေးမြင့်ဆွေ (ဆည်/ရေ)

"မောင်ထွန်းရေ၊ မင်းသိပြီးပြီလား..။ ဒီနှစ် ဘာ...ညိုကြောင့်ဆိုလား ရာသီဥတု ဖောက်ပြန်မှာမို့ ကြိုတင်ပြင်ဆင်ရမယ်ဆိုကွ..။ အဲဒီအကြောင်း သိရင် ငါ့ကို မင်းသိသလောက်လေး ပြောပြစမ်းပါကွာ"

အညာကုက္ကိုပင်ရိပ်အောက် ဝါးခုံတန်းလျားတွင် ရေနွေးသောက်နေရင်းမှ လယ်သမားကြီး ဘကြီးအောင်သည် မြေးဖြစ်သူအား ကောက်ကာငင်ကာ မေးခွန်းထုတ်လိုက်၏။ မွေးကတည်းက လယ်ယာထဲတွင် ကြီးပြင်းကာ သီးနှံအမျိုးမျိုးကိုစိုက်၍ စားဝတ်နေရေး ဖြေရှင်းခဲ့ရသော ဘကြီးအောင်သည် ရာသီဥတုနှင့် ပတ်သက်သော သတင်းများကြားလျှင် စိတ်ဝင်တစား နားစွင့်လေ့ရှိပါသည်။

"အယ်လ်နီညိုပါ အဘရယ်..။ အဘပြောမှပဲ ဘာ..ညို ဖြစ်တော့တယ်ဗျာ။ အဲဒါက နည်းနည်းတော့ ရှုပ်တယ်အဘရဲ့။ ပင်လယ်ထဲမှာ အဘ။ အလှည့်ကျ မျှမျှတတသုံးရမယ် အဘရဲ့။ ကိုယ့်လယ်ရေရပြီးရော မြောင်းကို သဲအိတ်တားတာတို့၊ မြောင်းပေါင်ချိုးတာတွေတို့ မလုပ်သင့်ဘူးပေါ့ဗျာ...။"

"အေးပါကွာ..မင်းပြောပုံက ငါကပဲ ရေကို ညစ်ထားသလိုလို ဘာလိုလို။ အဲဒီလို မြောင်းပေါင်တွေချိုးရင်၊ သဲအိတ်တွေဆင့်ရင် တာတမံဥပဒေဆိုတာနဲ့ အရေးယူလို့ရတယ်လို့ ဆည်မြောင်းက ဦးစီးအရာရှိဆိုတာက ရှင်းပြထားလို့ တို့လယ်တစ်ကွင်းလုံး သိပါတယ်ကွာ..။ မလုပ်ရဲသလို လုပ်လဲမလုပ်ချင်ပါဘူး။ မြောင်းဖျားက ရင်လဲ ပူးပေါင်းဆောင်ရွက်သင့်တယ် အဘရဲ့။ ရာသီဥတုပူပြင်းရင် တချို့ကွင်းတွေမှာ ရေနည်းလိုသီးနှံက ပိုသင့်တော်တယ်လို့ ပြောကြတယ်။ ဒါပေမယ့် လူညီဖို့တော့ လိုတာပေါ့ဗျာ။ တစ်ယောက်က စပါးစိုက်ချင်ပြီး တစ်ယောက်က နှမ်းစိုက်ချင်လို့လဲ မဖြစ်သေးဘူးဗျ။"

"ဟုတ်တယ် လူညီဖို့တော့ လိုတယ်ကွ။ မဟုတ်ရင် စပါးကြားနှမ်းစိုက်လို့ကတော့ ရိုးတံရေပုပ်ပြီး သေသွားမှာပေါ့။ မတ်ပဲတွေ ဘာတွေလဲ အတူတူပေါ့ကွာ။ ဒါနဲ့ ကြက်သွန်တို့၊ ဘာတို့ မီးဖိုချောင်သီးနှံတွေအတွက်ရော ရေဘယ်လိုစိစစ် သုံးသင့်သလဲသိရင် ပြောစမ်းပါကွာ...။ ငါ့ ရွာနားက အကွက်တွေက နှစ်တိုင်း အဲဒါတွေ စိုက်ရတာ..။ စပါးက ထမင်းဖိုးဆို အဲဒီလို သီးနှံလေးတွေကရတဲ့ဝင်ငွေက လှူလို့ တန်းလို့ရသကွ။"







အပူချိန်တွေမြင့်တာကစပြီး ရာသီဥတုကို ဖောက်ပြန်စေတဲ့ ဖြစ်စဉ်တဲ့ဗျ။ မိုးရာသီကာလ တိုတာတို့၊ မိုးရွာချိန် ပုံမမှန်တာတို့၊ မိုးရွာနည်းပြီး ပူပြင်းတာတို့ ဖြစ်တာလို့ပြောကြတာပဲ။ တစ်ခါတလေလဲ ခဏအတွင်း မိုးတွေအလွန်ကြီးပြီး ရေကြီးတာတွေဖြစ်တတ်တယ်တဲ့။ ဒီနှစ်ကမ္ဘာတစ်ဝန်းမှာ ရေတွေ အလွန်ကြီးနေတာ အဲဒါကြောင့်လဲ ပါမယ်ထင်တယ် အဘရဲ့။ အဓိကကတော့ ရာသီဥတု ကမောက်ကမ ဖောက်လွဲဖောက်ပြန် ဖြစ်တာပေါ့ဗျာ..။ ထပ် အရှင်းဆုံးပြောရရင်တော့ ဒီနှစ်ဆောင်းနဲ့ နွေကတော့ ခါတိုင်းထက်ပိုပူမှာပေါ့ အဘရာ။"

"ဟုတ်ရော ဟုတ်ရဲ့လားကွာ..။ ဘယ်လိုလုပ်သိကြတာလဲ.."

"အခုခေတ်က ခေတ်မီနည်းလမ်းတွေနဲ့ ကြိုသိကြတာ အဘရဲ့။ ပြီးတော့ ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ဆိုတာကလဲ တစ်ကမ္ဘာလုံးကို ကြိုတင်ပြင်ဆင်ဖို့ သတိပေးထားတာတဲ့။ ကျွန်တော်တို့ တစ်နိုင်ငံတည်းတင်တော့မဟုတ်ဘူး။ အခြားနိုင်ငံတွေရော ကြိုတင်ပြင်ဆင်နေကြရတာဗျ။ သောက်သုံးရေ စုဆောင်းဖို့၊ ချွေတာဖို့၊ စိုက်ပျိုးရေတွေ သေချာစိစစ်သုံးဖို့၊ ရေတွင်းရေကန်တွေမှာ ရေစုဆောင်းထားဖို့ စတာတွေပေါ့ဗျာ။ ရေရှိမှ သောက်ရေ၊ သုံးရေ အဆင်ပြေသလို စိုက်ပျိုးရေရှိမှ စားရေရိက္ခာသီးနှံတွေ စိုက်ပျိုးလို့ရမှာလေဗျာ..."

ကွမ်းသီးကို အားစိုက်၍ ညှပ်နေသော်လည်း ဘကြီးအောင်၏ အတွေးထဲသို့ မောင်ထွန်း၏ စကားလုံးတိုင်းက စီစီရီရီဝင်ရောက်သွားကာ "ဒီလိုဆိုရင်တော့ ရွာဦးဘုန်းကြီးကျောင်းနားက ရေကန်ကြီးကို သေချာသွားစစ်ပြီး ချုံနွယ်ပိတ်ပေါင်းရှင်းတာတွေ၊ ကန်ပေါင်ဆင့်တာတွေ ကြိုလုပ်ထားဦးမှ၊ စနစ်တကျ ရေခပ်ဖို့၊ ရေသုံးဖို့ ရပ်ရွာထဲလှည့်ပြောထားဦးမှ" ဟု ရပ်မိရပ်ဖပီပီ တွေးတောမိသွားပြန်သည်။

"သောက်သုံးရေတော့ မလုံလောက်ရင် ရွာဦးကန်ကို အားကိုးရမကွဲ့...။ လယ်တွေအတွက်ကရော ရေလုံလောက်ပါ့မလား။ ငါ့လယ်တွေက ဆည်ရေသောက်တွေကွ.."

"ဆည်တွေမှာလဲ ကြိုတင်ပြင်ဆင်ပြီးတော့ ရေသိုလှောင်ထားမှာပေါ့ အဘရာ..၊ ဒါပေမယ့် ပိုပူလာရင် စပါးပင်ကလဲ ရေပိုလိုလာမှာ။ အငွေ့ပြန်တာတွေ ဘာတွေလဲ များလာတာပေါ့။ အဲဒီတော့ ရေကို ဂရုတစိုက်လေး စိစစ်သုံးသင့်တယ်။ လယ်ကန်သင်းတွေလဲ ရေလုံအောင် သေချာဖို့ပြီး ကြွက်တွင်းတွေ၊ ပုစွန်တွင်းတွေစစ်ရမယ် အဘရဲ့။ မလိုအပ်ဘဲ ရေတွေကြိုသွင်းထားတာမျိုးမလုပ်ဘဲ ရေကို လိုသလောက်ပဲသွင်းပြီး အခြားသူတွေနဲ့ မျှဝေသုံးရမှာပေါ့။ အဘ လယ်တွေက ကွက်ဆင့်သောက် မြောင်းရင်းဆိုတော့ သိပ်စိတ်မပူရပေမယ့် မြောင်းဖျားက လူတွေအတွက်လဲ စဉ်းစားပေးရမှာပေါ့



ရေချွေတာရေး အစက်ချရေသွင်းစနစ်ဖြင့် စိုက်ပျိုးထားရှိပုံ

လူတွေ ရေရလား အဆင်ပြေလား အမြဲမေးတာပါကွ...။ ရေအသုံးချမှုအဖွဲ့ဆိုတာမှာလဲ ဝင်ပြီးလုပ်နေတာပါ။ လယ်ကြားမြောင်းတွေ ဘာတွေလဲ အမြဲလူစုပြီး သူ့အုပ်စုနဲ့သူ ရှင်းနေကျ၊ ဖော်နေကျ။ ငါတို့လယ်တွေအတွက် ရေလုံလုံလောက်လောက်ရရင်ကို ငါ့မှာပျော်လို့ဟေ့။ အထွက်တိုးရင်တော့ ထီပေါက်သလိုပျော်တာပေါ့ကွာ။ အယ်လ်နီညိုအတွင်း မထိခိုက်ရအောင် ရေဘယ်လိုချွေသင့်သလဲ၊ ဘယ်လိုတွေစိုက်သင့်သလဲ၊ ဘယ်လိုတွေလုပ်ရမလဲ အကုန်လုပ်ရမယ်ဟေ့"

ဘကြီးအောင်၏ အားကြိုးမာန်တက် မျှော်လင့်ချက်အသံသည် အိမ်ဘေးစပါးခင်းများဆီမှ ဖြတ်တိုက်လာသော လေနှင့်အတူ တက်ကြွနေ၏။ အမှန်တကယ်တွင်လည်း တောင်သူဦးကြီးတို့အတွက် သီးနှံဝင်ငွေက မိသားစုစားဝတ်နေရေးအတွက် အလွန်ပင် အရေးကြီးလှသည်ဖြစ်ရာ စိုက်ပျိုးရေရရှိရေးသည် အလွန်အရေးကြီးပါသည်။

"ဟုတ်ပါပြီ အဘရယ်..။ တစ်ခုရှိသေးတယ်ဗျ..။ တကယ်လို့ စနစ်တကျ တွက်ချက်ပြီး ဒီနှစ်တော့ စပါးအစား မတ်ပဲ၊ နှမ်း စတဲ့ ရေနည်းလိုသီးနှံတွေ ပြောင်းစိုက်သင့်တယ်လို့ ဌာနဆိုင်ရာတွေက အကြံပေး



ရေချွေတာရေး ရေဖျန်းစိုက်ပျိုးရေးစနစ်ဖြင့် စိုက်ပျိုးထားရှိပုံ

ဘကြီးအောင်ပြောသည်မှာ အမှန်ပင်။ စပါး၊ နှမ်းစသည့် ရာသီသီးနှံတို့မပေါ်သေးမီ ကြားကာလတွင် ခရမ်းချဉ်၊ ဂေါ်ဖီ၊ ပဲတောင့်ရှည်၊ ကြက်သွန်နီ၊ နံနံပင်စသည့် မီးဖိုချောင်သီးနှံများကလည်း ကျေးလက်ဒေသဝင်ငွေအတွက် အလွန်ပင် အရေးကြီးပါသည်။ ထိုသီးနှံတို့၏အားသာချက်မှာ မိမိတို့ခြံဝင်းအတွင်းတွင်လည်း တစ်နိုင်တစ်ပိုင် စိုက်ပျိုးနိုင်ပါသည်။

"ကြက်သွန်တို့ ခရမ်းချဉ်တို့လား..။ လိုတဲ့ရေရအောင်တော့ အခုမိုးမကုန်သေးခင်ကတည်းက အခင်းနားမှာ ရေကန်ငယ်လေးတွေ တူးထားနိုင်ရင်တော့ ပိုကောင်းတာပေါ့အဘရာ။ လျှိုပိတ်ရေကန်လေးတွေလိုပေါ့။ အဝီစိရေကတော့ လိုအပ်လွန်းမှ သုံးသင့်တာ အဘရဲ့။ မြေအောက်ရေဆိုတာကလဲ မြေပေါ်ရေလိုပဲ စိစစ်သုံးရမှာ။ ကြက်သွန်ကတော့ ရေပိုလိုမယ်ထင်တယ်နော် အဘ။ ခါတိုင်းလို နေ့တိုင်းရေမလောင်းဘဲ အလှည့်ကျ ရေသွင်းစိုက်လို့လဲရတယ်။ လူလဲသက်သာ ရေလဲသက်သာပေါ့ဗျာ။ ပြီးတော့ ပိုက်လေးတွေ တန်းပြီး ရေဖျန်းစနစ်နဲ့စိုက်ရင်လဲ ရေသက်သာတယ်။ တချို့နေရာတွေမှာ အပင်အမြစ်လေးတွေနားမှာ ရေဘူးလေးတွေနဲ့ ရေစက်ချစနစ်နဲ့လဲ စိုက်ကြတယ်။"

"မင်းဟာကလဲ အစက်ချရုံနဲ့ အပင်က ကြီးနိုင်ပ့ါမလားကွာ.."

"ကြီးတယ်ပြောတာပဲ အဘရဲ့။ အစ္စရေးနိုင်ငံဆိုရင် ကန္တာရထဲမှာ အဲဒီလိုနည်းတွေနဲ့ ရေချွေတာစိုက်ပြီး သစ်သီးဝလံတွေ အခြားနိုင်ငံတွေတောင် ရောင်းနိုင်သေးတာတဲ့။ အဘနည်းလမ်းသိချင်ရင် ကျွန်တော်ရှာပေးရမလား.."။

ဘကြီးအောင်သည် မြေးဖြစ်သူစကားအား ယုံတစ်ဝက်၊ မယုံတစ်ဝက်ဖြစ်သောကြောင့် နှုတ်ဆိတ်၍ ခပ်တိတ်တိတ်နေ၏။ သို့သော် မြို့ကျောင်းသား မြေးဖြစ်သူနှင့် ဒီနေ့ စကားပြောရသည်မှာ အကျိုးရှိသည်ဟု စိတ်ထဲတွင်ယူဆ၍ အလွန်ပီတိဖြစ်လျက်ရှိပါသည်။ ယခုကဲ့သို့ မိမိသိသည်များအား လယ်နီးနားချင်း လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများအားလည်း ပြောပြထားသင့်သည်ဟု တွေးမိကာ အနီးမှ ဝါးခမောက်ကို ကောက်ဆောင်း၍ ရွာထဲသို့သွားရန် ချက်ချင်းပြင်တော့သည်။

"ရွာထဲ သွားလိုက်ဦးမယ်ဟေ့။ လိုတာလေးတွေ ပြောပြရအောင်။ မင်းပြောတဲ့ ဘာ..ညို..."

"အယ်လ်နီညိုပါဗျာ.. အဘကလဲ... အခုကတည်းက မေ့နေပြီလား..."

"ခေါင်းစဉ်ပဲမေ့တာပါကွာ။ ကျန်တာ ငါအကုန်မှတ်မိပါတယ်..."

ဘကြီးအောင်သည် အယ်လ်နီညိုကို ဖြတ်ကျော်ဖို့ ပြင်ဆင်ရန် တက်ကြွလျက်ရှိပါသည်။ ။

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်–

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၅၅၃၄

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၆၆၈၇၈၈၀၁၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၃၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၄၀၁၆၆၅၂၅၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ကင်းလွတ်ခွင့်ရသူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ – ၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်–**

၁။ သာသနာ့ဝန်ထမ်းများ။

၂။ အိမ်ထောင်သည်အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ**

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

၇။ တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ။

၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာတင်ပြနိုင်သူများ။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ ယာယီရွှေ့ဆိုင်းနိုင်သူများ

**ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ –၁၅(က) တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည် –**

၁။ ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

၂။ နိုင်ငံ့ဝန်ထမ်းများ။

၃။ ပညာသင်ကြားနေသူများ။

၄။ အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

၅။ မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

၆။ ထောင်ဒဏ်ကျခံနေသူများ။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ ရွှေ့ဆိုင်းခွင့်ပြုသူများ**

၂။ ရွှေ့ဆိုင်းခွင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## ပြည်သူ့စစ်မှုထမ်းဥပဒေမှ လျှော့ပေါ့ခွင့်ပြုသူများ

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်ကာလ လျှော့ပေါ့ခွင့်ပြုသူများ**

၁။ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများ ရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# သက်ကြီးပုဂ္ဂိုလ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားကူညီဆောင်ရွက်လျက်ရှိ

## အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက်အမှတ်(၁၀/၂၀၂၆)

၁။ လူသားတို့၏ ပျမ်းမျှသက်တမ်း မြင့်တက်လာခြင်းနှင့်အတူ တစ်နှစ်ထက်တစ်နှစ် အရေအတွက်တိုးပွားလျက်ရှိသည့် သက်ကြီးပုဂ္ဂိုလ်များအား အသိအမှတ်ပြုသည့်အနေဖြင့် ကုလသမဂ္ဂက နှစ်စဉ် အောက်တိုဘာလ ၁ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အဖြစ် သတ်မှတ်ခဲ့ပြီး ၁၉၉၁ ခုနှစ်တွင် သက်ကြီးပုဂ္ဂိုလ်များ၏ အခွင့်အရေးနှင့်သက်ဆိုင်သော အခြေခံမူများ ချမှတ်ခဲ့ပါသည်။

၂။ ယင်းအခြေခံမူများနှင့်အညီ သက်ကြီးပုဂ္ဂိုလ်များ၏ လွတ်လပ်စွာ ရပ်တည်ဆုံးဖြတ်ချက်ချနိုင်ခွင့်၊ လူ့အဖွဲ့အစည်းအတွင်း ပါဝင်ဆောင်ရွက်ခွင့်၊ ပြုစုစောင့်ရှောက်မှု ခံယူပိုင်ခွင့်၊ မိမိစွမ်းရည်ကို အပြည့်အဝဖော်ထုတ်နိုင်ရန် အခွင့်အလမ်းများရရှိခွင့်နှင့် ခွဲခြားဆက်ဆံခံရခြင်းကင်းဝေးပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ခွင့်တို့ကို မြှင့်တင်ကာကွယ်ပေးခြင်းဖြင့် သက်ကြီးပုဂ္ဂိုလ်များ၏ ဘဝအရည်အသွေးကို မြင့်မားစေသည့်အပြင် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် အတွေ့အကြုံများက လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် အဖိုးအနဂ္ဃထိုက်တန်သော အကျိုးကျေးဇူးများ ဖြစ်ထွန်းလာစေမည်ဖြစ်ပါသည်။

၃။ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းတွင် သက်ကြီးပုဂ္ဂိုလ်များသည် အခြားသူများနည်းတူ အသက်ရှင်သန်ခွင့်၊ လုံလောက်သည့် လူနေမှုအဆင့်အတန်းအတွက် လူမှုအထောက်အပံ့များရရှိခွင့်နှင့် ဘဝလုံခြုံမှုရရှိခွင့်တို့ကို ဖော်ပြထားပါသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းမှာ သက်ကြီးပုဂ္ဂိုလ်များဖြစ်ရာ ၎င်းတို့၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေများပြဋ္ဌာန်းပြီး မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့တွင်လည်း လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အိုအခွင့်အရေးဆိုင်ရာ ကော်မတီတို့ကို ဖွဲ့စည်းကာ သက်ကြီးပုဂ္ဂိုလ်များဘဝ ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး အလေးထားကူညီ ဆောင်ရွက်လျက်ရှိပါသည်။

၄။ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သက်ကြီးပုဂ္ဂိုလ်များ၏ လူသားဂုဏ်သိက္ခာကို အသိအမှတ်ပြုကာ ၎င်းတို့၏ အခွင့်အရေးများ မြှင့်တင်ကာကွယ်ရေးအတွက် သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ ဟောပြောပွဲများ၊ သက်ကြီးပုဂ္ဂိုလ်များပြုစုစောင့်ရှောက်ရေး သင်တန်းများတွင် သက်ကြီးပုဂ္ဂိုလ်များဆိုင်ရာ အခွင့်အရေးများ ထည့်သွင်းဆွေးနွေး ပို့ချခြင်းနှင့် ဘိုးဘွားရိပ်သာများတွင် အခြေခံလူ့အခွင့်အရေးများဖြစ်သော ကျန်းမာရေးစောင့်ရှောက်မှု၊ အစာအာဟာရနှင့် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးမှု၊ မိသားစု၊ မိတ်ဆွေများနှင့် တွေ့ဆုံနိုင်ရေးစီစဉ်ပေးမှု စသည်တို့အပေါ် သွားရောက်ကြည့်ရှု၍ သက်ကြီးပုဂ္ဂိုလ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး သက်ဆိုင်ရာသို့ အကြံပြုခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

၅။ ယနေ့ကျရောက်သော အပြည်ပြည်ဆိုင်ရာသက်ကြီးပုဂ္ဂိုလ်များနေ့ (International Day of Older Persons) အတွက် ကုလသမဂ္ဂ၏ ဆောင်ပုဒ်မှာ ''The Age of Longevity: Rethinking Systems for Longer Lives'' **(သက်ရှည်ကျန်းမာခေတ်သစ်ဆီ စနစ်သစ်များဖြင့် လျှောက်လှမ်းမည်)** ဖြစ်သည်နှင့်အညီ ကမ္ဘာပေါ်ရှိ သက်ကြီးပုဂ္ဂိုလ်အားလုံး ဂုဏ်သိက္ခာရှိစွာဖြင့် သက်ရှည်ကျန်းမာနေပျော်သည့် ပတ်ဝန်းကျင်ဖြစ်ပေါ်လာစေရေးအတွက် သမားရိုးကျဘဝနေထိုင်မှုလမ်းကြောင်းများမှသည် ဘဝနေနည်းပုံစံသစ်များ ဖော်ဆောင်ရန်နှင့် ကမ္ဘာ့လူနေမှုစနစ်များကို ပြန်လည်ဆန်းစစ်ရန် နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအားလုံးက အလေးဂရုပြု ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်

---

❂ *ကျော့ဖုံးမှ*

တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ ပွဲစဉ်တွင် ကရင်ပြည်နယ်အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမပိုင်း ၁၂ မိနစ်တွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ အားကစားသမားက အပြန်အလှန် ခုခံကာကွယ်ရင်း နောက်တန်းအားကစားသမား၏ မတော်တဆမှားယွင်းမှုကြောင့် မိမိဂိုးအတွင်း ဝင်သွားသဖြင့် တစ်ဖက်အသင်းအား ဂိုးပေးလိုက်ရပြီး ကရင်ပြည်နယ်အသင်းမှ ပထမဂိုးကိုလည်းကောင်း၊ ၃၁ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၇)နော်ကော်ကပြူးစေးက ဒုတိယဂိုးကို လည်းကောင်း၊ ၃၈ မိနစ်တွင် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ် (၁၈) နန်းမိုးပွင့်အေးချိုက တတိယဂိုးကိုလည်းကောင်း သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းပြီးဆုံးချိန်အထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်း မရှိသည့်အတွက် ပြိုင်ပွဲပြီးဆုံးချိန်တွင် ကရင်ပြည်နယ်အသင်းက သုံးဂိုး-ဂိုးမရှိဖြင့် အပြတ်အသတ်အနိုင်ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ အကောင်းဆုံးဂိုးသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ် (၁၈) နန်းယမင်းအေးကို အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်ဇော်ဦးကလည်းကောင်း၊ အကောင်းဆုံး နောက်တန်းအားကစားသမားဆုရရှိသည့် မွန်ပြည်နယ်အသင်းမှ ကျောနံပါတ် (၁၂) ဆွေစင်ဖြိုးကို ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတင်မောင်လှိုင်ကလည်းကောင်း၊ အကောင်းဆုံး အလယ်တန်း အားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၁၅) နန်းမိုးပွင့်အေးချိုကို ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးမျိုးမြင့်အောင်ကလည်းကောင်း၊ အကောင်းဆုံး ရှေ့တန်းအားကစားသမားဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ကျောနံပါတ် (၁၇) အေးချမ်းသူကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေးက လည်းကောင်း၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိသည့် ကရင်ပြည်နယ်အသင်းမှ ကျောနံပါတ်(၇) နော်ကော်ကပြူးစေးကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးကလည်းကောင်း တစ်ဦးချင်းအကောင်းဆုံး ဆုတံဆိပ် Trophy များနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ စတုတ္ထဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ငွေသားဆုကျပ်သိန်း ၂၀ ကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ တတိယဆုရရှိသည့် မွန်ပြည်နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၃၀ ကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးသစ်လင်းအုန်းကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုကျပ်သိန်း ၅၀ ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးငွေအောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအောင်နိုင်သူက တိုင်းဒေသကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော ကရင်ပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီး အားကစားရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲမြင့်ထွန်းက တိုင်းဒေသ ကြီးနှင့် ပြည်နယ် U-19 (အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ပထမဆုရရှိသည့် ကရင်ပြည်နယ်အသင်းကို ငွေသားဆု ကျပ်သိန်း ၁၀၀ နှင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖ *ကျော့ဖုံးမှ*

အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ၏ Mobile Legends: Bang Bang(MLBB) ပြိုင်ပွဲတွင် အာရှထိပ်သီး အသင်းရှစ်သင်းဖြစ်သည့် မြန်မာ-ကမ္ဘောဒီးယား၊ မလေးရှား-ဂျော်ဒန်၊ ဖိလစ်ပိုင်-အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယား - ဟောင်ကောင်တို့ ယှဉ်ပြိုင်ကြရာ မြန်မာ၊ မလေးရှား၊ အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယား အသင်းတို့ ဆီမီးဖိုင်နယ်သို့ တက်လှမ်းခဲ့သည်။

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၃ နာရီ (ဂျပန်နိုင်ငံစံတော်ချိန် ညနေ ၅ နာရီခွဲ)တွင် မြန်မာ့လက်ရွေးစင် Team Zanaka အသင်းသည် ဆီမီးဖိုင်နယ်၌ မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ခဲ့ရာ ရလဒ် ၂-၁ ဖြင့် အောင်မြင်ခဲ့ပြီး ငွေတံဆိပ်ဆုရရှိခဲ့ကာ Grand Final အဆင့်သို့ တက်လှမ်းခဲ့သည်။ တစ်ဖက်တွင်လည်း အင်ဒိုနီးရှားနှင့် မွန်ဂိုလီးယားအသင်းတို့က ညပိုင်းတွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အောင်မြင်သောအသင်းသည် အောက်တိုဘာ ၁ ရက်တွင် အာရှချန်ပီယံ ရွှေတံဆိပ်ဆုအတွက် မြန်မာအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် Team Zanaka အသင်းသည် PUBG Mobile (PUBGM) ပြိုင်ပွဲတွင် အဆင့် ၁၂၊ Honor of Kings (HOK) ပြိုင်ပွဲ၌ အဆင့် ၈ နှင့် ကျေနပ်ခဲ့ရပြီး eFootball Mobile နှင့် eFootball Console ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခွာခဲ့ရကာ Mobile Legends: Bang Bang (MLBB) ပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုနှင့် လက်တစ်ကမ်းသို့ ရောက်ရှိနေကြောင်း သိရသည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ-MESF**

---

❐ *ကျော့ဖုံးမှ*

ယခုပွဲစဉ်အပြီး ကမ္ဘောဒီးယားအသင်းသည် အုပ်စုအဆင့်တွင် နှစ်ပွဲကစား၊ တစ်ပွဲနိုင်၊ တစ်ပွဲသရေ စုစုပေါင်း ရမှတ် ၄ မှတ်ရရှိကာ အုပ်စုဗိုလ်အဖြစ် နောက်တစ်ဆင့် ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။

ယနေ့ပွဲစဉ်တွင် နှစ်သင်းစလုံး အပြန်အလှန် တိုက်စစ်ဆင်ကစားခဲ့ကြပြီး ပွဲချိန် ၁၇ မိနစ်တွင် တီမောလက်စ်တေအသင်းအတွက် ဦးဆောင်ဂိုးကို ဂျူအိုပက်ဒရိုက သွင်းယူပေးခဲ့သည်။ ပွဲချိန် ၂၈ မိနစ်တွင် ကမ္ဘောဒီးယားအသင်းမှ အန်ဒရက်စ်နီယက်တိုက ချေပဂိုးပြန်လည်သွင်းယူပေးခဲ့သလို ပွဲချိန် ၃၈ မိနစ်တွင် အန်ဒရက်စ်နီယက်တိုကပင် ဒုတိယမြောက်ဂိုးကို ပယ်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။ ထို့နောက် တီမောအသင်း ချေပဂိုးရရှိရေး ထိုးဖောက်ကစားခဲ့ပြီး ပွဲချိန် ၅၈ မိနစ်တွင် ကော်စီနိုလီမို့စ်က ဒုတိယဂိုးထပ်မံသွင်းယူခဲ့သဖြင့် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျခဲ့သည်။

မြန်မာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် အရှေ့တီမောအသင်းကို အနိုင်ရရှိထားသော်လည်း ဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားအသင်းကို ရှုံးနိမ့်ခဲ့သဖြင့် နောက်တစ်ဆင့်တက်ရန် တီမောလက်စ်တေအသင်း၏ အနိုင်ရလဒ်ကို အဓိက မျှော်လင့်ခဲ့ရသည်။

သို့သော် ယခုကဲ့သို့ တစ်ဖက်နှစ်ဂိုးစီဖြင့် သရေကျသွားခြင်းက မြန်မာအသင်းအတွက် နောက်တစ်ဆင့် တက်ရောက်နိုင်မည့် အခွင့်အရေးများကို ဆုံးရှုံးသွားစေခဲ့သည်။

**နေမျိုး**

**ဓာတ်ပုံ-AFF**

---

❍ *ကျော့ဖုံးမှ*

ထို့နောက် ပထမပိုင်းပြီးဆုံးခါနီး ပွဲချိန် (၄၅+၁) မိနစ်နှင့် ဒုတိယပိုင်း ပွဲချိန် ၆၉ မိနစ်တို့တွင် ဖွဲ့ခန့်အောင်က အနိုင်ဂိုးများ ထပ်မံသွင်းယူကာ ဟတ်ထရစ် ရယူနိုင်ခဲ့သည်။ ပွဲချိန် ၅၄ မိနစ်တွင် လမင်းပြည့်စုံက တစ်ဂိုးနှင့် ပွဲချိန် မိနစ် ၇၀ တွင် ခွန်ချိုထူးက တစ်ဂိုး အသီးသီး သွင်းယူပေးခဲ့ကာ ရန်ကုန်ယူနိုက်တက်အသင်းက ငါးဂိုး-တစ်ဂိုးဖြင့် ချင်းလန်းအသင်းကို ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အဆိုပါပွဲစဉ်တွင် ဖွဲ့ခန့်အောင်က ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်။

ဗဟန်းကွင်း၌ ယှဉ်ပြိုင်ကစားခဲ့သည့် ဧရာဝတီယူနိုက်တက်နှင့် ရန်ကုန်စီးတီးအသင်းတို့၏ ပွဲစဉ်တွင် ဧရာဝတီအသင်းအတွက် အနိုင်ဂိုးကို ပွဲချိန် ၃၈ မိနစ်၌ ထက်အောင်လွင်က သွင်းယူပေးခဲ့သည်။ ထို့နောက် ပွဲပြီးဆုံးချိန်အထိ နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခဲ့ခြင်းမရှိဘဲ ဧရာဝတီယူနိုက်တက်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ယခုပွဲစဉ်၌ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူပေးခဲ့သည့် ထက်အောင်လွင်က ပွဲစဉ်အကောင်းဆုံး ကစားသမားဆုကို ရရှိခဲ့သည်။

ပွဲစဉ်(၁၇) တတိယနေ့ပွဲစဉ်အဖြစ် အောက်တိုဘာ ၁ ရက်တွင် ဗဟန်းကွင်း၌ ဟံသာဝတီယူနိုက်တက်အသင်းနှင့် GALAXY အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**နေမျိုး၊ ဓာတ်ပုံ-ML**

---

**နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်**

**အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ**

# အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့နိုင်ရန်ရည်ရွယ်၍ တရားခံပြေး သင်းသင်းနွယ်နှင့်အတူ တရားမဝင်အလှကုန်ပစ္စည်းများနှင့် ကျောက်မျက်ရတနာပစ္စည်းများရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများအား ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထား ဆောင်ရွက်လျက်ရှိသော်လည်း NUG ၊ PDF အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအပါအဝင် အပြစ်မဲ့ပြည်သူများအား ပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အအုံများနှင့် လမ်း၊ တံတားများအား မီးရှို့ဖျက်ဆီးခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိရာ အချို့အကြမ်းဖက် အားပေးအဖွဲ့များနှင့် ပြည်ပြေးများအနေဖြင့် လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်၍ ဝင်ငွေရှာဖွေကာ အကြမ်းဖက်အဖွဲ့များ သက်ဆိုးရှည်စေရေးအတွက် အားပေးကူညီထောက်ပံ့ပေးလျက် ရှိကြောင်း တွေ့ရှိရသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်နှင့် ဆူပူအုံကြွမှုများဖြစ်ပေါ်စေရန် လူမှုကွန်ရက်မှတစ်ဆင့် Post တင်ရေးသားခဲ့ခြင်းတို့ကြောင့် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်လှစ်ခံခဲ့ရပြီး ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် တရားခံပြေး သင်းသင်းနွယ်သည် လူမှုကွန်ရက်အသုံးပြု၍ ရွှေနဒီ & Inca Pure အမှတ်တံဆိပ်



တရားခံပြေး သင်းသင်းနွယ်၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ လင်းမင်းအောင်၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ နေလင်းဦး၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ ဆိုဖီသင်း၏ မှတ်တမ်းဓာတ်ပုံ။



ဖမ်းဆီးရမိတရားခံ အိအိသူ၏ မှတ်တမ်းဓာတ်ပုံ။

အလှကုန်ပစ္စည်းများနှင့် Shwe Nadi Jewelry အမှတ်တံဆိပ် ကျောက်မျက်ရတနာများရောင်းချ၍ NUG အကြမ်းဖက်အဖွဲ့နှင့် PDF အကြမ်းဖက်အဖွဲ့များအား အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်နိုင်ရန် ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် ထိုသို့ တရားမဝင်ကုန်ပစ္စည်းများရောင်းချနိုင်ရန် ပြည်တွင်း၌ နေထိုင်သူအချို့မှ ဝယ်ယူရောင်းချခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်များအရ သိရသည်။

အဆိုပါတရားခံပြေး သင်းသင်းနွယ်၏ တရားမဝင်အလှကုန်ပစ္စည်းများနှင့် တရားမဝင် ရတနာပစ္စည်းများ ရောင်းချရာတွင် ကူညီဆောင်ရွက်ပေးသူများအား ဖမ်းဆီးနိုင်ရေး ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၁ ရက်တွင် တရားမဝင် အလှကုန်ပစ္စည်းများ ရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ လင်းမင်းအောင်အား ပြည်မြို့ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် တရားမဝင် ကျောက်မျက်ရတနာများရောင်းချနိုင်ရန် ကူညီဆောင်ရွက်ပေးသူ နေလင်းဦးနှင့် တရားခံပြေး သင်းသင်းနွယ်၏ ညီမဖြစ်သူ ဆိုဖီသင်းတို့ နှစ်ဦးအား သဃ်န်းကျွန်းမြို့နယ်ရှိ ၎င်းတို့၏နေအိမ်၌ လည်းကောင်း၊ တရားမဝင် ငွေကြေးလွှဲပြောင်းရာတွင် ကူညီဆောင်ရွက်ပေးသူ အိအိသူအား ဒေါပုံမြို့နယ်ရှိ ၎င်း၏ နေအိမ်၌လည်းကောင်း စုစုပေါင်း တရားခံ လေးဦးအား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများအား စိစစ် ဖော်ထုတ်ချက်များအရ လင်းမင်းအောင်၊ နေလင်းဦးနှင့် ဆိုဖီသင်းတို့သည် ရွှေနဒီ & Inca Pure အလှကုန်နှင့် တရားမဝင် ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းအား တရားခံပြေး သင်းသင်းနွယ်နှင့် အကျိုးတူ ပူးပေါင်း၍ လူမှုကွန်ရက်မှတစ်ဆင့် လုပ်ကိုင်လျက်ရှိကြောင်း၊ ထို့ပြင် အိအိသူသည် အဆိုပါ ကျောက်မျက်ရတနာ ရောင်းချခြင်းလုပ်ငန်းတွင် ၎င်း၏အမည်ဖြင့် ဖွင့်လှစ်ထားသည့် Mobile Payments အကောင့်များဖြင့် အခကြေးငွေရယူ၍ ငွေလွှဲလက်ခံရယူခြင်းနှင့် အခြားအကောင့်များသို့ ပြန်လည်လွှဲပြောင်းပေးခြင်းများ ပြုလုပ်နိုင်ရန် ကြားခံအဖြစ် တရားခံပြေး သင်းသင်းနွယ်အား ကူညီဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသဖြင့် ၎င်းတို့လေးဦးအား တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မိဘပြည်သူများ အနေဖြင့် အကြမ်းဖက်အဖွဲ့များအား အားပေးကူညီထောက်ပံ့ရန် ရည်ရွယ်၍ တရားမဝင် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိသူများ၊ ဝယ်ယူအားပေးသူများ၊ ထိုသို့ ဆောင်ရွက်နိုင်ရန် နည်းလမ်းတစ်ခုခုဖြင့် ကူညီဆောင်ရွက်ပေးသူများအား သိရှိပါက သက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ကြောင်းနှင့် အကြမ်းဖက်အဖွဲ့များအား ကူညီထောက်ပံ့မှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်၍ လူမှုကွန်ရက်မှတစ်ဆင့် တရားမဝင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသူများနှင့် ကူညီဆောင်ရွက်ပေးသူများအား ဆက်လက်ဖော်ထုတ်၍ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)လုပ်ငန်းများအား ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိပြီး အင်ဒိုနီးရှားနိုင်ငံသားတစ်ဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့

**နေပြည်တော် စက်တင်ဘာ ၃၀**

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေး ဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။




ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံ အပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင်လမ်းကြောင်းမှတစ်ဆင့် ဝင်ရောက်နေခဲ့သည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးအား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

အဆိုပါ ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ၏ လိုအပ်သည့် ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၈၂ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေး အရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၅၇၈ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၇၀၄ ဦးတို့အား သက်ဆိုင်ရာ နိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများအား ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက် ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

◆*ကျောဖုံးမှ*

ဟန့်တားကာကွယ်ခဲ့ရပြီး တုံ့ပြန်တိုက်စစ်ဆင်မှု အနည်းငယ်သာ ပြုလုပ်နိုင်ခဲ့သည်။

စပိန်အသင်းသည် စက်တင်ဘာ ၂၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် နာမည်ကြီး အင်္ဂလန်အသင်းနှင့် ပွဲစဉ်တွင်လည်း နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားသည်။ ထို့ကြောင့် စပိန်အသင်းသည် နေးရှင်းလိဂ် (က) အုပ်စု (၃) တွင် နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်နေသည်။ စပိန်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ပွဲ ၄၀ ရှုံးပွဲမရှိအောင် ကစားနိုင်ခဲ့ပြီး စံချိန်မှတ်တမ်းသစ်တင်ခဲ့သည်။

အင်္ဂလန်နှင့် ချက်ဇ်အသင်း ပွဲစဉ်တွင် အင်္ဂလန်အသင်းက နှစ်ဂိုးပြတ် နိုင်ပွဲရရှိခဲ့သည်။ အဆိုပါ ပွဲစဉ်တွင် အင်္ဂလန်အသင်းသည် ပွဲချိန် ၂၃ မိနစ်နောက်ပိုင်း တစ်ယောက်အသာဖြင့် ကစားခဲ့ရပြီး ဂိုးပြတ်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ ပြိုင်ဘက်ချက်ဇ်အသင်းသည် စက်တင်ဘာ ၂၇ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ခရိုအေးရှား အသင်းပွဲစဉ်တွင်လည်း နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။

**အောင်ဇော်**

## အမြင့်ဆုံး နေ့အပူချိန်များ

(၃၀-၉-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ကလေးဝမြို့ | ၃၅ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ထားဝယ်မြို့ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုးကောင်းမြို့ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြိတ်မြို့ | ၃၄ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြောင်းမြမြို့ | ၃၃ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ကော့ကရိတ်မြို့ | ၃၃ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြဝတီမြို့ | ၃၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

# Space X ၏ Starship အာကာသယာဉ် ပထမဆုံးအကြိမ် ကမ္ဘာကိုလှည့်ပတ်

**တက္ကဆက် စက်တင်ဘာ ၃၀**

Space X ကုမ္ပဏီသည် ၎င်းတို့၏ အာကာသယာဉ်ကို ကမ္ဘာပတ်လမ်းသို့ အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။

အဆိုပါကုမ္ပဏီသည် အမေရိကန် အာကာသအေဂျင်စီ နာဆာ၏ အပြည်ပြည်ဆိုင်ရာ လစူးစမ်းရေးအစီအစဉ်အရ အာကာသယာဉ်မှူးများကို သယ်ဆောင်နိုင်မည့် လဆင်းယာဉ် ထုတ်လုပ်ရန် ကြိုးပမ်းနေကြသည်။ Artemis အစီအစဉ်သည် ၂၀၂၈ ခုနှစ်အရောက်တွင် အာကာသယာဉ်မှူးများကို လမျက်နှာပြင်သို့ ပို့ဆောင်နိုင်ရန် ရည်ရွယ်ထားသည်။

Space X ကုမ္ပဏီသည်လည်း အဆိုပါ ရည်ရွယ်ချက်ဖြင့် Starship လွှတ်တင်ရေးအစီအစဉ်များကို တိုးတက်အောင် လုပ်ဆောင်နေခြင်းဖြစ်သည်။ ယခုတစ်ကြိမ်တွင် လူလိုက်ပါခြင်းမရှိသည့် Starship အာကာသယာဉ်ကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် လွှတ်တင်ရေးစင်တာမှ စက်တင်ဘာ ၂၈ ရက်တွင် လွှတ်တင်ခဲ့သည်။

အဆိုပါ အာကာသယာဉ်သည် ၁၂၀ မီတာ ရှည်လျားသည်။ ပျံတက်နေစဉ် အာကာသယာဉ်၏ အင်ဂျင်တစ်လုံး ရပ်တန့်သွားခဲ့သည်။ မူလက ၁၀ နာရီကြာလှည့်ပတ်ရန် စီစဉ်ထားသော်လည်း အင်ဂျင်ပြဿနာကြောင့် မစ်ရှင်ကြာချိန်ကို သုံးနာရီစော၍ အဆုံးသတ်ခဲ့ရသည်။ အဆိုပါပြဿနာသည် ကုမ္ပဏီ၏အနာဂတ် လွှတ်တင်ရေးအစီအစဉ်များတွင် ဖြေရှင်းရမည့် စိန်ခေါ်မှုအဖြစ် ရှိနေဆဲဖြစ်သည်။



Space X နှင့် Blue Origin ကုမ္ပဏီတို့သည် Artemis အစီအစဉ်အရ လဆင်းယာဉ်များ ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းနေကြသည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့တက္ကသိုလ်များ အဆင့်သတ်မှတ်ချက်တွင် အာရှတက္ကသိုလ်သုံးခု ပထမဆုံးအကြိမ် ထိပ်ဆုံး ၁၅ ခုစာရင်း ဝင်ရောက်

**လန်ဒန် စက်တင်ဘာ ၃၀**

အာရှတက္ကသိုလ် သုံးခုသည် နောက်ဆုံးထုတ်ပြန်လိုက်သည့် ကမ္ဘာ့တက္ကသိုလ်များ အဆင့်သတ်မှတ်ချက်တွင် ပထမဆုံးအကြိမ် ထိပ်ဆုံး ၁၅ ခုစာရင်းသို့ ဝင်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဗြိတိန်နိုင်ငံထုတ် Times Higher Education ဂျာနယ်က ၂၀၂၇ ခုနှစ်အတွက် ကမ္ဘာ့တက္ကသိုလ်များအဆင့် သတ်မှတ်ချက်ကို စက်တင်ဘာ ၃၀ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ထိုအဆင့်သတ်မှတ်ချက်များကို ပညာရေးပတ်ဝန်းကျင်၊ သုတေသနအရည်အသွေး၊ နိုင်ငံတကာ သဘောထားအမြင် ကဲ့သို့သော




စံနှုန်းများအပေါ် အခြေခံ၍ သတ်မှတ်ခြင်းဖြစ်ကြောင်း သိရသည်။

ဗြိတိန်၏ အော့စဖို့ဒ်တက္ကသိုလ်က ၁၁ နှစ်ဆက်တိုက် ပထမနေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ယင်းနောက်တွင် မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်က ဒုတိယ၊ ပရင်စတွန်တက္ကသိုလ်နှင့် စတန်းဖို့ဒ်တက္ကသိုလ်တို့က ပူးတွဲတတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ အဆိုပါ တက္ကသိုလ်အားလုံးသည် အမေရိကန်ပြည်ထောင်စုမှ ဖြစ်သည်။

ကမ္ဘာ့တက္ကသိုလ်များအဆင့် သတ်မှတ်ချက် ထိပ်ဆုံး ၁၀ ခုစာရင်းတွင် ဗြိတိန်နှင့် အမေရိကန် တက္ကသိုလ်များက လွှမ်းမိုးထားသည်။ ဂျပန်နိုင်ငံမှ တိုကျိုတက္ကသိုလ်သည် အဆင့် (၂၇)တွင် ရပ်တည်နေပြီး ကျိုတိုတက္ကသိုလ်က အဆင့်(၆၂)တွင် ရပ်တည်နေသည်။ အဆိုပါတက္ကသိုလ်များသည် ယမန်နှစ်က အဆင့်သတ်မှတ်ချက်ထက် လျော့ကျခဲ့ကြောင်း သိရသည်။

အာရှတွင် အမြင့်ဆုံးရရှိသည့် တက္ကသိုလ်မှာ အဆင့်(၁၁)တွင် ရပ်တည်နိုင်ခဲ့သည့် တရုတ်နိုင်ငံမှ ချင်းဟွာတက္ကသိုလ် ဖြစ်သည်။ ထို့ပြင် တရုတ်နိုင်ငံမှ ပီကင်းတက္ကသိုလ်သည် အဆင့်(၁၃)တွင် ရပ်တည်နိုင်ခဲ့ပြီး စင်ကာပူ အမျိုးသား တက္ကသိုလ်က အဆင့် (၁၅) တွင် ရပ်တည်နိုင်ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# အမေရိကန်နည်းပညာကုမ္ပဏီကြီးများနှင့် AI လုံခြုံရေးဆိုင်ရာ သဘောတူညီချက် ထရမ့် လက်မှတ်ရေးထိုး

**ဝါရှင်တန် စက်တင်ဘာ ၃၀**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ဉာဏ်ရည်တု (AI) လုံခြုံရေးဆိုင်ရာ ထိန်းချုပ်မှုများ ပိုမိုခိုင်မာစေရန် အမေရိကန်နည်းပညာလုပ်ငန်းကဏ္ဍမှ ထိပ်တန်းကုမ္ပဏီခြောက်ခုနှင့် သဘောတူညီချက်တစ်ရပ်ကို စက်တင်ဘာ ၂၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါကုမ္ပဏီများတွင် Anthropic ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Dario Amodei နှင့် Meta ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် Mark Zuckerberg တို့ ပါဝင်သည်။

အဆိုပါနည်းပညာကုမ္ပဏီများမှ ထိပ်တန်းခေါင်းဆောင်များသည် စက်တင်ဘာ ၂၉ ရက်တွင် အိမ်ဖြူတော်သို့ သွားရောက်၍ အဆိုပါ သဘောတူညီချက်တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

သဘောတူညီချက်တွင် ကုမ္ပဏီတစ်ခုချင်းစီအနေဖြင့် ၎င်းတို့၏ နည်းပညာများကို လုံခြုံစိတ်ချစွာ ဖွံ့ဖြိုးတိုးတက်စေရန် တာဝန်ယူရမည်ဖြစ်သကဲ့သို့ ဖောက်သည်များနှင့် ပြည်သူများ၏ ယုံကြည်မှုရရှိစေရန်လည်း ဆောင်ရွက်ရမည်ဟု ဖော်ပြထားသည်။ ထို့ပြင် ကုမ္ပဏီတစ်ခုချင်းစီအနေဖြင့် ထိန်းချုပ်မှုနှင့် စာရင်းစစ်ဆေးမှု အဆင့်လေးဆင့်ကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟုလည်း သဘောတူညီချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ယခုကဲ့သို့ လုပ်ဆောင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်နှင့် တူကြောင်း၊ ကမ္ဘာပေါ်တွင် အရေးပါဆုံးပုဂ္ဂိုလ်များက ယခုသဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ကြောင်း၊ သမ္မတအဖြစ် မိမိလည်း လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ယခုလုပ်ဆောင်မှုသည် အကာအကွယ်ပေးမှုတစ်ရပ်ဖြစ်ကြောင်း ထရမ့်က ပြောကြားခဲ့သည်။

ဉာဏ်ရည်တုလုပ်ငန်းကဏ္ဍကို ကြီးကြပ်ရန်အဖွဲ့ဝင် ၁၀ ဦးခန့် ပါဝင်သည့် ကော်မတီတစ်ရပ် ဖွဲ့စည်းရန် စဉ်းစားနေကြောင်းလည်း ထရမ့်က သတင်းထောက်များအား ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ကမ္ဘာ့နျူကလီးယားလက်နက်ဖျက်သိမ်းရေးကြိုးပမ်းမှု တိုးတက်မှုမရှိသဖြင့် ကုလသမဂ္ဂအကြီးအကဲ စိုးရိမ်

**နယူးယောက် စက်တင်ဘာ ၃၀**

ကမ္ဘာတစ်ဝန်း နျူကလီးယားလက်နက်ဖျက်သိမ်းရေး ကြိုးပမ်းမှုများတွင် တိုးတက်မှုမရှိသည့် အခြေအနေအပေါ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က အလွန်အမင်းစိုးရိမ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ စက်တင်ဘာ ၂၉ ရက်တွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပသည့် နျူကလီးယားလက်နက်များ အပြီးသတ်ဖျက်သိမ်းရေး အပြည်ပြည်ဆိုင်ရာနေ့ အစည်းအဝေး၌ ဂူတာရက်စ်က ထိုသို့ မိန့်ခွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

စစ်အေးခေတ် ပြီးဆုံးခဲ့ပြီးနောက်ပိုင်း နျူကလီးယားအန္တရာယ် အမြင့်မားဆုံး အခြေအနေကို မိမိတို့ကြုံတွေ့နေရကြောင်း၊ နျူကလီးယားလက်နက်များ တိုးချဲ့တည်ဆောက်နေသည့်အပြင် ခေတ်မီအောင်လည်း ပြုပြင်မွမ်းမံနေကြကြောင်း ၎င်းက ပြောသည်။

ထို့ပြင် မေလတွင် ကျင်းပခဲ့သည့် နျူကလီးယားလက်နက် မပြန့်ပွားရေးစာချုပ် (NPT) ပြန်လည်သုံးသပ်ရေးညီလာခံတွင်လည်း အရေးပါသည့် ရလဒ်တစ်ခုအပေါ် အများသဘောတူညီမှုမရရှိခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အဆိုပါနောက်ဆုတ်မှုများသည် သံတမန်ရေးရာအရ စိတ်ပျက်စရာများသာမက သတိပေးချက်များဖြစ်ကြောင်း ဂူတာရက်စ်က ပြောကြားခဲ့သည်။

နျူကလီးယားလက်နက် ပိုင်ဆိုင်ထားသည့် နိုင်ငံများအနေဖြင့် နျူကလီးယားလက်နက်များ အသုံးပြုမှုမှ ကာကွယ်ရန် ဆွေးနွေးညှိနှိုင်းမှုများ ပြန်လည်လုပ်ဆောင်ကြရန် ၎င်းက တိုက်တွန်းခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## နောက်ဆုံးရ နိုင်ငံတကာသတင်းတိုများ



### အီရတ်၌ အိုင်အက်စ်နှိမ်နင်းရေးလုပ်ငန်းစဉ်ပြီးဆုံးဟု ပင်တဂွန်ကြေညာ

အမေရိကန်နှင့် ၎င်း၏ မဟာမိတ်နိုင်ငံများ၏ အီရတ်နိုင်ငံအတွင်းရှိ အိုင်အက်စ်အဖွဲ့အား နှိမ်နင်းသည့်စစ်ဆင်ရေးကို တရားဝင် အဆုံးသတ်လိုက်ပြီဟု ပင်တဂွန် က စက်တင်ဘာ ၃၀ရက်တွင် ကြေညာခဲ့သည်။ အီရတ်နိုင်ငံကာဒစ်စတန်ဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပတ်ရှ်မာဂါတို့အပါအဝင် အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့် အိုင်အက်စ်အကြွင်းအကျန်များ နှိမ်နင်းရေးကို ဆက်လက်လုပ်ဆောင်သွားမည်ဟု ပင်တဂွန် ပြောရေးဆိုခွင့်ရှိသူSean Parnell က ထုတ်ပြန်ချက်တွင်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

# ရန်ပုံငွေဆက်တိုက်ကျဆင်းမှုကြောင့် လူပေါင်း ၈ သန်းကျော် မရှိမဖြစ်အရေးပါသော ထောက်ပံ့ကူညီမှုများ ဆုံးရှုံးရမည့်အန္တရာယ်နှင့် ရင်ဆိုင်ရဖွယ်ရှိ

**ဂျီနီဗာ စက်တင်ဘာ ၃၀**

ရန်ပုံငွေ ဆက်လက်ဖြတ်တောက်မှုများကြောင့် ဒုက္ခသည်များနှင့် အခြား နေရပ်စွန့်ခွာရသူပေါင်း ၈ ဒသမ ၃ သန်းနီးပါးမှာ မရှိမဖြစ် အရေးပါသော ထောက်ပံ့ကူညီမှုများ ဆုံးရှုံးရမည့်အန္တရာယ်နှင့် ရင်ဆိုင်နေကြရကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) က စက်တင်ဘာ ၂၉ ရက်တွင်သတိပေး ပြောကြားထားသည်။

ဒုက္ခသည်များ၊ ပြည်တွင်း နေရပ်စွန့်ခွာသူများနှင့် နိုင်ငံမဲ့ ပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးရေးအတွက် UNHCR ၏ လုပ်ဆောင်နိုင်စွမ်းသည် ပိုမိုဆိုးရွားလာသော ရန်ပုံငွေလိုအပ်ချက်များကြောင့် ကျဆင်းလာကြောင်း အေဂျင်စီ၏ထုတ်ပြန်ချက်တွင် ထည့်သွင်းဖော်ပြထားသည်။

ရန်ပုံငွေရရှိမှုသည် ၂၀၂၄ ခုနှစ်တွင် ၅ ဒသမ ၂ ဘီလီယံရှိရာမှ ၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၉ ဘီလီယံသာ ရရှိသည့်အတွက် ၂၄ ရာခိုင်နှုန်းအထိ ကျဆင်းလာကြောင်း၊ ထို့ပြင် UNHCR သည် ၂၀၂၆ ခုနှစ် ဇူလိုင်လကုန်တွင် လိုအပ်သော ရန်ပုံငွေ ၈ ဒသမ ၅ ဘီလီယံ၏ ၃၂ ရာခိုင်နှုန်းသာ လက်ခံရရှိထားသေးကြောင်း သိရသည်။ **ဆင်ဟွာ**

# ဩဂုတ်လအတွင်း ဟန်ဂေရီနိုင်ငံ၏ ခရီးသွားလုပ်ငန်း သိသိသာသာ ကျဆင်း

**ဘူဒါပတ် စက်တင်ဘာ ၃၀**

ဩဂုတ်လအတွင်းဟန်ဂေရီနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ သိသိသာသာကျဆင်းခဲ့ပြီး ခရီးသွားဝင်ရောက်မှုနှုန်းမှာ ယမန်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် ၇ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ထို့ပြင် ညအိပ်တည်းခိုသူအရေအတွက်မှာလည်း ၅ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းသွားသည်ဟု ဟန်ဂေရီ ဗဟိုစာရင်းအင်းရုံးက စက်တင်ဘာ ၃၀ ရက်တွင် ပြောသည်။ နိုင်ငံခြားခရီးသွားဧည့်သည်များလာရောက်မှုမှာ သိသိသာသာကျဆင်းခဲ့သည်။ နိုင်ငံခြားဧည့်သည် အရေအတွက်မှာ ယမန်နှစ်နှင့် နှိုင်းယှဉ်လျှင် ၁၃ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ ဟန်ဂေရီနိုင်ငံ၏ ခရီးသွားဒေသများအားလုံးတွင် နိုင်ငံခြားခရီးသွားဝင်ရောက်မှု ကျဆင်းခဲ့သည်။ ဘူဒါပတ်မြို့တွင် ၁၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး ဘာလက်တန်ရေကန်ဒေသတွင် ၁၄ ရာခိုင်နှုန်း ကျဆင်းခဲ့သည်ဟု သိရသည်။ **ဆင်ဟွာ**

### အင်ဒိုနီးရှားပင်လယ်ပြင်တွင် ခရီးသည်တင်သင်္ဘောနစ်မြုပ်မှု သေဆုံးသူ ၇၈ ဦးအထိ ရှိလာ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပင်လယ်ပြင်တွင် ခရီးသည်တင်သင်္ဘောတိမ်းမှောက်နစ်မြုပ်မှုကြောင့် သေဆုံးသူဦးရေ ၇၈ ဦးအထိ မြင့်တက်လာကြောင်း အင်ဒိုနီးရှားအမျိုးသားရှာဖွေကယ်ဆယ်ရေးအေဂျင်စီက စက်တင်ဘာ ၃၀ ရက်တွင် ပြောကြားခဲ့သည်။ ကယ်ဆယ်ရေးအဖွဲ့များက ပျောက်ဆုံးနေသူ ၅၇ ဦးကို ဆက်လက်ရှာဖွေနေပြီး အခြားလူ ၁၀၈ ဦးကို ဘေးကင်းစွာ ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# ၂၀၂၆ ခုနှစ် စက်တင်ဘာလအတွင်း (၁-၉-၂၀၂၆ ရက်နေ့မှ ၃၀-၉-၂၀၂၆ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေးလေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz-Scanner၊ Air Quality Monitoring Station (AQM-65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer-1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ | ၁၀ မိုက်ခရွန်အရွယ်ရှိသောအမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုဒ် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုဒ် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုဒ် |
| ၁ | နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ်၊ နေပြည်တော် | လက်ခံနိုင်သော | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| | ၂ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော် | ကောင်းမွန် | | | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၂ | အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းဗဟိုဌာန၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၃ | ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၄ | တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ | ကောင်းမွန် | | | | | |
| | ၅ | သာကေတမြို့နယ်၊ ရန်ကုန်မြို့ | လက်ခံနိုင်သော | – | – | – | ကောင်းမွန် | – |
| | ၆ | ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့ | – | – | – | – | ကောင်းမွန် | – |
| | ၇ | သန်လျင်မြို့နယ် | ကောင်းမွန် | | – | ကောင်းမွန် | – | – |
| | ၈ | ဒလမြို့နယ် | ကောင်းမွန် | | | | | |
| | ၉ | လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ်၊ မန္တလေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | လက်ခံနိုင်သော | ကောင်းမွန် |
| | ၃ | ပုသိမ်ကြီးမြို့နယ်၊ မန္တလေးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ညောင်ဦးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | ကျောက်ဆည်မြို့ | ကောင်းမွန် | | | | | |
| | ၆ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၇ | မိတ္ထီလာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ကော့သောင်းမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | ကောင်းမွန် | | | | | |
| | ၂ | တောင်ငူမြို့ | ကောင်းမွန် | | | | | |
| | ၃ | ပြည်မြို့ | ကောင်းမွန် | | | | | |
| | ၄ | သာယာဝတီမြို့ | ကောင်းမွန် | | | | လက်ခံနိုင်သော | ကောင်းမွန် |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | | | | | |
| | ၂ | သရက်မြို့ | – | ကောင်းမွန် | – | ကောင်းမွန် | – | ကောင်းမွန် |
| ၈ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | ဖျာပုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၉ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | | | ကောင်းမွန် | | |
| ၁၀ | ကယားပြည်နယ် | | | | | | | |
| | ၁ | လွိုင်ကော်မြို့ | ကောင်းမွန် | | – | ကောင်းမွန် | – | ကောင်းမွန် |
| ၁၁ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | ကောင်းမွန် | | | | | |
| ၁၂ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | ကောင်းမွန် | | | | | |
| | ၂ | သထုံမြို့ | ကောင်းမွန် | | | | | |
| | ၃ | မုဒုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၄ | ချောင်းဆုံမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၃ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ကျိုင်းတုံမြို့ | လက်ခံနိုင်သော | – | – | – | – | – |
| | ၃ | တာချီလိတ်မြို့ | ကောင်းမွန် | – | – | – | – | – |

**လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)**

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့်အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေး တိုင်းတာသည့် နေရာအနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

---

**လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ လျှပ်စီးလက်ခြင်းများ ဖြစ်ပေါ်နိုင်**

နေပြည်တော်　စက်တင်ဘာ ၃၀

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။　မိုး/ဇလ

# အနာဂတ်ကို ပြောင်းလဲမယ့် 5G လှိုင်းဂယက်

မောင်ပီတိ

**တနင်္ဂနွေနေ့ မနက်ခင်းရဲ့နေရောင်ခြည်က အိမ်ရှေ့ဝရန်တာကို ဖြာကျနေတယ်။ လမ်းမပေါ်က ကားသံတချို့ကလွဲရင် ပိတ်ရက်မို့ ပတ်ဝန်းကျင်က တော်တော်လေးတိတ်ဆိတ်နေပါတယ်။ ဝရန်တာက ကော်ဖီဝိုင်းလေးမှာ ကျွန်တော်ရယ်၊ ဇနီးဖြစ်သူ မမာရယ်၊ တက္ကသိုလ်ကျောင်းသား သားကြီးသူရနဲ့ ဆေးကျောင်းသူ သမီးငယ် ဆုဆုတို့ မိသားစုလေးယောက် စုံစုံလင်လင် ထိုင်နေကြတယ်။**

နည်းပညာနယ်ပယ်မှာ နှစ် ၂၀ ကျော်ကြာ အလုပ်လုပ်ခဲ့ရတဲ့ ကျွန်တော့်အတွက် ဒီဂျစ်တယ်ပစ္စည်းတွေနဲ့ ရုံးဖွင့်ရက်တွေမှာ အမြဲထိတွေ့နေရတော့ အခုလိုပိတ်ရက်လေးမှာ အနားယူရင်း လေထဲမှာ လွင့်ပျံလာတဲ့ ကော်ဖီနံ့သင်းသင်းလေးကိုရှူရှိုက်ရင်း သတင်းစာဖတ်နေတုန်း...

“ဟာကွာ... လိုင်းကလည်း ထစ်လိုက်တာ၊ ပွဲကြမ်းနေတဲ့အချိန်မှ ပင်း (Ping)တွေတက်ပြီး ရပ်သွားတယ်၊ ဂိမ်းဆော့နေတာ ပွဲတောင်ပျက်တယ်ဗျာ” လို့ သားဖြစ်သူ သူရက ညည်းတွားရင်းဖုန်းကို စားပွဲပေါ် ခပ်ဆောင့်ဆောင့်ချလိုက်တယ်။

ကျွန်တော်က သတင်းစာကိုခေါက်တင်လိုက်ပြီး သားကို ပြုံးကြည့်ကာ...

“အခု 4G ခေတ်က အရင်ခေတ်တွေကထက်စာရင် အများကြီးမြန်နေပါပြီကွာ။ ဒါပေမယ့် မင်းလို အွန်လိုင်းဂိမ်းဆော့တဲ့သူတွေအတွက်ကတော့ အချက်အလက်ပို့တဲ့အခါ ဆိုင်းငံ့ချိန် (Latency) က ရှိနေတုန်းပဲလေ။ မကြာခင် 5G ခေတ်ရောက်လာရင်တော့ မင်းတို့ ဂိမ်းဆော့တာလောက်ကတော့ ဘာမှကြန့်ကြာမှုရှိတော့မှာ မဟုတ်ဘူး” လို့ ပြောလိုက်တယ်။

သမီးဖြစ်သူဆုဆုက စာအုပ်ဖတ်နေရာကနေ ခေါင်းမော့လာပြီး “ဖေဖေ... 5G ဆိုတာ အခု 4G ထက် အင်တာနက် ပိုမြန်သွားတာလောက်ပဲ မဟုတ်ဘူးလား။ အခုလည်း YouTube တွေ၊ Facebook တွေ သုံးလို့ အဆင်ပြေနေတာပဲလေ” လို့ ဝင်မေးတယ်။

“အင်တာနက်မြန်သွားတာက တစ်စိတ်တစ်ပိုင်းပဲသမီးရဲ့။ ဖေဖေတို့ဖြတ်သန်းခဲ့တဲ့ခေတ်တွေကို ပြန်ကြည့်ရအောင်။ 1G ခေတ်မှာ အသံ (Voice) ပဲ ရတယ်။ 2G ခေတ်ရောက်တော့ စာတို (SMS) တွေ ပို့လို့ရလာတယ်။ 3G ခေတ်ကျမှ မိုဘိုင်းအင်တာနက်စသုံးနိုင်ပြီး 4G ခေတ်မှာ မြန်နှုန်းမြင့် ဒေတာတွေ၊ ဗီဒီယိုတွေ ကြည့်လို့ရလာတယ်။ ဆိုလိုတာက 1G ကနေ 4G အထိက လူအချင်းချင်း ဆက်သွယ်ဖို့လောက်ပဲ အဓိကထားခဲ့တာ။”

ကျွန်တော်က ကော်ဖီတစ်ငုံသောက်ပြီး စကားဆက်လိုက်တယ်။

“ဒါပေမယ့် 5G (Fifth Generation) ကျတော့ လူတွေတင်မကဘူး၊ စက်နဲ့စက်၊ လူနဲ့စက် အချိန်နဲ့တစ်ပြေးညီ ချိတ်ဆက်နိုင်မယ့် ဒီဂျစ်တယ် အခြေခံအဆောက်အအုံကြီးတစ်ခု ဖြစ်သွားပြီကွ။ 4G နဲ့ ယှဉ်လိုက်ရင် 5G နည်းပညာက အဆပေါင်းများစွာ ပိုမိုမြန်ဆန်ပြီး ဆိုင်းငံ့ချိန် Latency အလွန်နည်းပါးတာကို တွေ့ရမယ်။ ဥပမာအားဖြင့် 4G နဲ့ဆိုရင် မိနစ်အနည်းငယ်ကြာအောင် ဒေါင်းလုတ်ဆွဲရမယ့် ဗီဒီယိုဖိုင်ကြီးတွေကို 5G ကွန်ရက်နဲ့ဆိုရင် စက္ကန့်ပိုင်းအတွင်း ပြီးဆုံးစေနိုင်ပါတယ်။”

သားဖြစ်သူက စိတ်ဝင်စားသွားပုံနဲ့ ကိုယ်ကို ရှေ့ကိုကိုင်းလာပြီး “ဘယ်လိုမျိုးလဲ ဖေဖေ၊ ဘာတွေကွာခြားသွားမှာမို့လို့လဲ” လို့ ဆိုလာတယ်။

“ဒီလိုလေ... 5G ရဲ့ အဓိက စွမ်းအားသုံးရပ်ရှိတယ်။ ပထမတစ်ခုက Enhanced Mobile Broadband (eMBB) လို့ခေါ်တဲ့ မြန်နှုန်းမြင့်တာပေါ့။ ဒါက လမ်းမကြီးကို အကျယ်ကြီးချဲ့လိုက်တာနဲ့တူတယ်။ 4K/8K ရုပ်ထွက်နဲ့ ဗီဒီယိုတွေ၊ Cloud Gaming တွေ၊ Virtual Reality (VR) တွေကို ထစ်ငေါ့မှုမရှိဘဲ သုံးနိုင်မယ်။ ဒုတိယတစ်ခုက Ultra-Reliable Low-Latency Communications (URLLC)။ မင်းခုနက ဂိမ်းဆော့သလိုမျိုး အချက်အလက်ပို့တဲ့အခါ ဆိုင်းငံ့ချိန် သုညနီးပါးဖြစ်သွားမယ်။ အမှားအယွင်းခံလို့မရတဲ့လုပ်ငန်းတွေအတွက် သီးသန့် VIP လမ်းကြောင်း ဖောက်ပေးလိုက်တာမျိုးပေါ့။ တတိယတစ်ခုက Massive Machine-Type Communications (mMTC) တဲ့။ စတေဒီယမ်ကြီးထဲ လူတွေပြည့်နေရင် 4G လိုင်းကျသွားတတ်တယ်မလား။ 5G ကတော့ စက်ပစ္စည်းပေါင်းသန်းနဲ့ချီပြီး တစ်ပြိုင်နက် ချိတ်ဆက်နိုင်တယ်။”

ကျွန်တော်က ရှင်းပြရင်း သမီးဖြစ်သူ ဆုဆုဘက်ကို လှည့်လိုက်တယ်။

“သမီးက ဆေးကျောင်းသူဆိုတော့ ကျန်းမာရေးနယ်ပယ်ကနေ အရင်ပြောပြမယ်။ 5G ခေတ်မှာ ဆေးပညာသင်ကြားရေးက Smart Classroom တွေဖြစ်လာမယ်။ အရင်လို စာအုပ်ကြီးတွေချည်း ကြည့်နေရမှာ မဟုတ်ဘူး။ သမီးတို့က VR Headset ကြီးတွေတပ်ပြီး လူ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေကို 3D ပုံရိပ်တွေနဲ့ လက်တွေ့ခွဲစိတ်နေရသလို လေ့လာနိုင်မယ်။ အန္တရာယ်ရှိတဲ့ ဓာတုဗေဒစမ်းသပ်မှုတွေကိုလည်း Virtual Laboratory ထဲမှာ လုံလုံခြုံခြုံလုပ်နိုင်မယ်။”

ဆုဆုက မျက်လုံးလေးပြူးသွားပြီး “ဟယ်... တကယ်ကြီးလား ဖေဖေ။ စာတွေ့ထက် လက်တွေ့လုပ်ရသလိုမျိုးဆိုတော့ ပိုမှတ်မိလွယ်မှာပဲနော်”

“ဒါပေါ့ သမီးရဲ့... ကုသရေးအပိုင်းမှာဆိုရင်လည်း Telemedicine နဲ့ Remote Consultation တွေက တကယ့်ကိုအဆင့်မြင့်သွားပြီ။ ဥပမာ- သမီးက ရန်ကုန်ဆေးရုံကြီးမှာရှိနေပြီး ချင်းတောင်တန်းက လူနာကို အဝေးကနေ High-Definition Video နဲ့ ကြည့်ပြီး တိုင်ပင်ကုသနိုင်မယ်။ ပြီးတော့ လူနာတွေဝတ်ထားတဲ့ Smart Watch တွေ၊ IoT Sensor တွေကနေ နှလုံးခုန်နှုန်း၊ သွေးပေါင်ချိန်၊ အောက်ဆီဂျင်တွေကို အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်နိုင်မယ်။”

ကျွန်တော်က လက်ကို လှုပ်ရှားဟန်ပြရင်း “အံ့သြစရာအကောင်းဆုံးက ဆိုင်းငံ့ချိန် မရှိတဲ့အတွက် အဝေးမှာရှိနေတဲ့ အတွေ့အကြုံရင့် ခွဲစိတ်ဆရာဝန်ကြီးက စက်ရုပ်လက်တံတွေကို လှမ်းထိန်းချုပ်ပြီး နယ်ကလူနာကို ခွဲစိတ်မှုတွေပါ လုပ်လာနိုင်မယ်။ ဆေးရုံတွင်းက စက်ပစ္စည်းတွေ၊ CCTV တွေ၊ လူနာမှတ်တမ်းတွေကို 5G နဲ့ချိတ်ဆက်ပြီး Smart Hospital တွေ ဖြစ်လာမယ်။ ဟောင်ကောင်က CUHK ဆေးရုံဆိုရင် 5G သုံးပြီး 4K ဗီဒီယိုတွေ၊ 3D ပုံရိပ်တွေနဲ့ ဆေးဘက်ဆိုင်ရာ သင်ကြားရေးတွေ၊ ကုသရေးတွေ (AR-guided medical applications)ကို အောင်အောင်မြင်မြင် လုပ်နေပြီလေ” လို့ ရှင်းပြလိုက်တယ်။

ဒီအချိန်မှာ သားဖြစ်သူ သူရက ဝင်ပြီး “ဒါဆို 5G ကြောင့် စက်ရုံတွေမှာ လူတွေနေရာမှာ စက်ရုပ်တွေ အကုန်ဝင်နေရာယူသွားမှာလား” လို့ မေးတယ်။

“အကုန်လုံးတော့မဟုတ်ဘူးပေါ့ သားရယ်၊ ဒါပေမယ့် စက်မှုနယ်ပယ်မှာ 5G က Industry 4.0 ဆိုတဲ့ စတုတ္ထအကြိမ် စက်မှုတော်လှန်ရေးကို အသက်သွင်းပေးမှာ။ စက်ရုံတွေကို Smart Factory တွေအဖြစ် ပြောင်းပစ်နိုင်တယ်။ အခုဆိုရင် စက်ရုံတွေအတွက် Private 5G လို့ခေါ်တဲ့ သီးသန့်ကွန်ရက်တွေတောင် တည်ဆောက်သုံးလာနိုင်ပြီ။ Network Slicing နည်းပညာနဲ့ လုပ်ငန်းတစ်ခုချင်းစီအတွက် လိုအပ်တဲ့မြန်နှုန်းနဲ့ လုံခြုံရေးကို ကွန်ရက်ခွဲ (Virtual Network) အနေနဲ့ သီးသန့်ခွဲထုတ်သုံးနိုင်တယ်လေ။”

သားဖြစ်သူက ခေါင်းတညိတ်ညိတ်နဲ့ နားထောင်နေတာကို တွေ့တော့ ကျွန်တော် ပိုပြီးအသေးစိတ် ရှင်းပြလိုက်တယ်။

“စက်ရုံထဲက စက်ယန္တရားတွေ၊ စက်ရုပ်တွေ၊ ကုန်ပစ္စည်းသယ်တဲ့ကားလေး (Automated Guided Vehicles – AGV) တွေ၊ AI ကင်မရာတွေကို 5G နဲ့ အကုန်ချိတ်ဆက်လိုက်မယ်။ လူတွေဝင်ဖို့ အန္တရာယ်များတဲ့ သတ္တုတွင်းတွေ၊ ဓာတုစက်ရုံတွေမှာ စက်ရုပ်တွေကို အဝေးကနေ အချိန်နဲ့တစ်ပြေးညီ ထိန်းချုပ်ခိုင်းစေနိုင်မယ် (Industrial Robotics/ Remote Operation)။ အရည်အသွေးစစ်ဆေးတဲ့အခါမှာလည်း AI နဲ့ High-Resolution ကင်မရာတွေသုံးပြီး ချွတ်ယွင်းချက်ကို ချက်ချင်းရှာဖွေနိုင်မယ်။”

“နောက်တစ်ခုက အလွန်အရေးကြီးတဲ့ Predictive Maintenance ပဲ။ စက်တွေမှာ Sensor တွေတပ်ထားပြီး အပူချိန်၊ တုန်ခါမှု၊ ဖိအားတွေကို စောင့်ကြည့်မယ်။ လူတစ်ယောက်ကို ဆရာဝန်က စမ်းသပ်သလိုပဲပေါ့။ ရလာတဲ့အချက်အလက်တွေကို AI က ခွဲခြမ်းစိတ်ဖြာပြီး စက်မပျက်ခင် ကြိုတင်ခန့်မှန်းပေးမယ်။ ဒါဆိုရင် စက်ရပ်နားရတဲ့အချိန်နဲ့ ပြင်ဆင်စရိတ်တွေကို အများကြီးလျှော့ချနိုင်တာပေါ့။ Warehouse တွေမှာဆိုရင်လည်း ကုန်ပစ္စည်းဘယ်နေရာရောက်နေလဲဆိုတာကို အချိန်နဲ့တစ်ပြေးညီ သိနိုင်တဲ့ Asset Tracking စနစ်တွေ ပိုကောင်းလာမယ်။”

ဒီအချိန်မှာ မီးဖိုချောင်ထဲကနေ ကိတ်မုန့်နဲ့ သစ်သီးပန်းကန်လာချပေးတဲ့ ဇနီးဖြစ်သူ မမာက ဝင်ပြောတယ်။

“ရှင်တို့ သားအဖတွေက ဆေးပညာနဲ့ အင်ဂျင်နီယာအကြောင်းချည်းပဲ ပြောနေကြတာ၊ ကျွန်မတို့ ဘဏ်လုပ်ငန်းတွေ၊ ငွေကြေးဝန်ဆောင်မှုတွေမှာရော 5G က ဘယ်လို အကျိုးပြုမှာလဲ။ အခုတောင် Mobile Banking တွေက အတော်လေးအဆင်ပြေနေပြီပဲဟာ”

“ဘဏ်နဲ့ ငွေကြေးဝန်ဆောင်မှုတွေက Digital Transformation လုပ်တဲ့နေရာမှာ အမြန်ဆုံးပြောင်းလဲမှာပေါ့ မမာရဲ့။ 5G ရဲ့ အမြန်နှုန်းနဲ့ Latency နည်းပါးမှုကြောင့် ငွေကြေးလွှဲပြောင်းမှုဆိုင်ရာ အချက်အလက်တွေက မျက်စိတစ်မှိတ်အတွင်းရောက်မယ်။ ဘဏ်ခွဲတွေမှာဆိုရင်လည်း AI Video Analytics တွေ၊ မျက်နှာသွင်ပြင်နဲ့ အလိုအလျောက်မှတ်မိတဲ့ Biometric Authentication စနစ်တွေ၊ Video Banking တွေနဲ့ Virtual Customer Service တွေပါတဲ့ Smart Branch တွေ ဖြစ်လာမယ်။”

“အရေးအကြီးဆုံးက ငွေလိမ်လည်မှုကို တားဆီးနိုင်တာပဲ။ နေ့စဉ် ငွေလွှဲပြောင်းမှုမှတ်တမ်းတွေနဲ့ သုံးစွဲသူရဲ့ အလေ့အထတွေကို AI က အချိန်နဲ့တစ်ပြေးညီ စောင့်ကြည့်နေမှာ။ ပုံမှန်မဟုတ်တဲ့ငွေကြေးလှုပ်ရှားမှုတစ်ခုတွေ့တာနဲ့ ချက်ချင်းဖမ်းထုတ်ပြီး ပိတ်ပင်နိုင်တော့မှာလေ။ ဒါပေမဲ့ ဒီလိုလုပ်ဖို့က Data Privacy နဲ့ Cybersecurity ကတော့ အထူးကို ခိုင်မာဖို့လိုအပ်တယ်” လို့ ရှင်းပြလိုက်တော့ မမာက သဘောကျသွားပုံနဲ့ ခေါင်းညိတ်ထောက်ခံတယ်။

ကျွန်တော်က ဝရန်တာအပြင်ဘက်က ကားလမ်းမကြီးကို လက်ညှိုးထိုးပြရင်း စကားကိုဆက်လိုက်တယ်။

“5G ရဲ့ အကျိုးသက်ရောက်မှုက လုပ်ငန်းခွင်တွေထဲမှာတင် မဟုတ်ဘူး၊ အပြင်ဘက် ပတ်ဝန်းကျင်အထိပါ ကျယ်ပြန့်တယ်။ အဲဒီကားလမ်းကို ကြည့်လိုက်။ 5G သာ အပြည့်အဝရလာရင် Smart City (စမတ်စီးတီး) တွေ ဖြစ်လာမယ်။ ယာဉ်ကြောပိတ်ဆို့မှုတွေကို CCTV Camera နဲ့ Sensor တွေက သိပြီး AI ကနေ Traffic Light တွေကို အလိုအလျောက်ချိန်ညှိပေးမယ်။ လူသူကင်းမဲ့နေတဲ့လမ်းတွေမှာ မီးတိုင်တွေကို မှိန်ထားပြီး ကားလာမှလင်းစေတဲ့ Smart Street Lighting စနစ်တွေသုံးပြီး လျှပ်စစ်မီး ချွေတာနိုင်မယ်။ မီးလောင်တာ၊ ရေကြီးတာတွေကိုလည်း သဘာဝဘေးအန္တရာယ် သတိပေးစနစ်တွေကနေတစ်ဆင့် အချိန်နဲ့တစ်ပြေးညီ သိနိုင်မယ်။”

“ မြို့ပေါ်တင်မကဘူး နယ်က သားတို့ဦးလေး ခြံကိုပဲကြည့်... စိုက်ပျိုးရေးမှာ (Smart Agriculture) မြေဆီလွှာအစိုဓာတ်၊ ရာသီဥတု၊ ရေအရည်အသွေးတွေကို IoT Sensor တွေနဲ့တိုင်းပြီး ရလာတဲ့ Data တွေကို AI က တွက်ချက်ပေးမယ်။ ရေဘယ်အချိန်သွင်းရမယ်၊ မြေသြဇာဘယ်လောက်ကျွေးရမယ်ဆိုတာကို ဖုန်းထဲကနေ အတိအကျ သိနိုင်တော့မှာမို့ အလေအလွင့်မရှိတော့ဘူးပေါ့။"

“ဟယ်... ဒါဆို 5G က တကယ့်ကို မှော်ဆန်တာပဲနော်” လို့ ဆုဆုက အသံကျယ်ကျယ်လေးနဲ့ ရေရွတ်တယ်။

“တကယ်တော့ 5G ချည်းသက်သက်ဆိုရင် ဒီလောက် မစွမ်းနိုင်ဘူး သမီးရဲ့။ 5G က အချက်အလက်တွေ အမြန်ဆုံးသွားနိုင်တဲ့ လမ်းမကြီးတစ်ခု၊ ဒါမှမဟုတ် ပိုက်လိုင်းကြီးတစ်ခုဆိုရင် အဲဒီလမ်းပေါ်မှာ ပြေးမယ့်အရာတွေ၊ ပိုက်လိုင်းထဲစီးဆင်းမယ့်အရာတွေက AI (ဉာဏ်ရည်တု)၊ IoT (Internet of Things) နဲ့ Cloud Computing တွေပဲ။ Data တွေကို ဆာဗာကြီးဆီ မပို့တော့ဘဲ အနီးဆုံးနေရာမှာပဲ ချက်ချင်းတွက်ချက်ပေးမယ့် Edge Computing တွေလည်းပါတယ်။ ဒီနည်းပညာတွေ အားလုံးပေါင်းစပ်သွားမှသာ (Digital Foundation Technology) အခု ဖေဖေပြောတဲ့အရာတွေ အကုန်ဖြစ်လာမှာ။”

သူရက နည်းနည်း စဉ်းစားဟန်နဲ့... “ဒါဆို မြန်မာနိုင်ငံမှာရော ဖေဖေ၊ 5G ရောက်ဖို့က လွယ်ပါ့မလား။”လို့ မေးတယ်။

ကျွန်တော်ပြုံးလိုက်ပြီး မြန်မာနိုင်ငံရဲ့ ဒီဂျစ်တယ်အနာဂတ်အတွက် ပြင်ဆင်နေမှုတွေကို ရှင်းပြလိုက်တယ်။

စာမျက်နှာ ၁၇ သို့

> **“ 5G ဆိုတာ အင်တာနက်ပိုမြန်လာတာလောက်ပဲ မဟုတ်ဘူး သားနဲ့သမီး။ အနာဂတ်ဒီဂျစ်တယ်စီးပွားရေးကြီးတစ်ခုလုံးရဲ့ အုတ်မြစ်ပဲ။ ပညာရေး၊ ကျန်းမာရေး၊ စက်မှုလုပ်ငန်းနဲ့ အများပြည်သူဝန်ဆောင်မှုတွေအားလုံးကို ဒီဂျစ်တယ်အသွင်ကူးပြောင်းပေးမယ့် တွန်းအားတစ်ခုပေါ့။ မင်းတို့ခေတ်ရောက်ရင် ဒီနည်းပညာတွေက ရေလိုလေလို မရှိမဖြစ် ဖြစ်လာတော့မှာ။ ဒါကြောင့် နည်းပညာသစ်တွေကို အမြဲလေ့လာပြီး ကိုယ့်နယ်ပယ်အသီးသီးမှာ ဘယ်လိုအသုံးချရမလဲဆိုတာကို ကြိုတင်ပြင်ဆင်ထားကြဖို့လိုတယ် ”**

## အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃(၂၀၂၅) အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၁၃၀၉ ဒသမ ၃၃၉ တန် ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရန် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်

**ပုသိမ် စက်တင်ဘာ ၃၀**

အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ် - ၃(၂၀၂၅) အရ ကိုရီးယားသမ္မတနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဆန် ၁၃၀၉ ဒသမ ၃၃၉ တန်အား ဧရာဝတီတိုင်းဒေသကြီးရှိ ရေဘေးသင့်ပြည်သူများထံ ထောက်ပံ့ရန် စိုက်ပျိုးရေးဦးစီးဌာနမှတစ်ဆင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယခုကဲ့သို့ အာဆီယံအပေါင်းသုံး အရေးပေါ်ဆန်အရန်ရိက္ခာ(APTERR) အစီအစဉ်ဖြင့် ရေဘေးသင့်ပြည်သူများကို လာရောက်ထောက်ပံ့သည့် APTERR အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ တာဝန်ရှိသူများအား နိုင်ငံတော် အစိုးရကိုယ်စား၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စားနှင့် ရေဘေးသင့်ပြည်သူများကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က APTERR Tier 3 Program အကြောင်း ရှင်းလင်းတင်ပြပြီးနောက် APTERR အတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr.Choomjet Karnjanakesorn နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၏ ပထမအတွင်းဝန် Mr.Wang Xianzhong က လှူဒါန်းမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကာ Tier 3 ဆန်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်ရာ ကျေးဇူးတင်ဂုဏ်ပြုလွှာနှင့် ဒေသထွက်လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ခဲ့သည်။




အဆိုပါ APTERR သည် အာဆီယံ ၁၀ နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံများအတွင်း သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ချိန်တွင် လိုအပ်သည့်ဒေသများသို့ အရန်ဆန်များ ထောက်ပံ့ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်သည့် အစီအစဉ်ဖြစ်ကြောင်း သိရသည်။

ထို့အတူ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၁)တွင် ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ တိုင်း/ ပြည်နယ်/ မြို့နယ် ဂီတအစည်းအရုံးများမှ ဒုတိယအကြိမ် ငွေကျပ်သိန်းတစ်ထောင့်နှစ်ရာနှင့် ငွေကျပ်သိန်းတစ်ထောင်ခန့် တန်ဖိုးရှိသော ဆေးဝါး၊ အဝတ်အထည်နှင့် စားသုံးကုန်ပစ္စည်းများ၊ မြန်မာနိုင်ငံ အဝေးပြေးကုန်စည်ပို့ဆောင်ရေးဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (MHFTSA) တို့က ငွေကျပ်သိန်း ၁၅၀ ကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ညှိခန်းမ၌ ဟသ်ာတခရိုင်၊ လေးမျက်နှာမြို့နယ် ရေဘေးကယ်ဆယ်ရေး လုပ်ငန်းများအတွက် စစ်တက္ကသိုလ်အမှတ်စဉ် (၂၂) မှ အရာရှိများနှင့် မိသားစုများ၊ Golden Land Group ၊ Royal Sky ကုမ္ပဏီလီမိတက်၊ Dagon Golf City ဝန်ထမ်းမိသားစု၊ ဦးမောင်မောင်ကျော် (CEO, Dagon Golf Club)၊ ကိုဘော်ဘော်မိသားစု၊ ဦးဘိုဘိုထက်တို့က အလှူငွေများကို လာရောက်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများအဖြစ် ပုသိမ်မြို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ရုံးရှေ့၊ ရန်ကုန်-ပုသိမ် ကားလမ်းဘေးဝဲ/ယာရေမြောင်း၊ ပုသိမ်မြို့အဝင် "ရိုးသား ကြိုးစား ဧရာဝတီသား"ဆိုင်းဘုတ်မှ ဒိုက်ထူးတိုးဂိတ် လမ်းဘေးဝဲယာရေမြောင်းများ၊ မဟာစေတီလမ်း(မြို့ပတ်လမ်း)ရှိ ငါးကျီးထူချောင်းတို့၌ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်နှင့် နုန်းမြေများ ရှင်းလင်းဖယ်ရှားခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ဒိုက်ဦးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးဆိုင်ရာဆင့်ပွားသင်တန်းဖွင့်

**ဒိုက်ဦး စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူခြင်းဆိုင်ရာ စာရင်းကောက်သင်တန်းအား ယနေ့တွင် ဖွင့်လှစ်ရာ မြို့နယ်တိရစ္ဆာန်သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီဥက္ကဋ္ဌ ဦးသန်းထွန်းအေးနှင့် မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာ ကျော်လင်းတို့က တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးပို့ချကာ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **စိုးထက်ကျော်(ပြန်/ဆက်)**



## ရေတာရှည်မြို့၌ တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ သင်တန်းဖွင့်

**ရေတာရှည် စက်တင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည် မြို့နယ် မြို့တော်ခန်းမ၌ ၂၀၂၆ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းဆိုင်ရာ စာရင်းကောက်သင်တန်းကို ယနေ့နံနက်ပိုင်းကဖွင့်လှစ်ရာ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနန္ဒနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူးတို့က တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ်များအကြောင်း ပြောကြားပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်း ၁၃၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



*စာမျက်နှာ ၁၆ မှ*

"မြန်မာနိုင်ငံမှာလည်း 5G ခေတ်ကြီးဆီကို ကူးပြောင်းဖို့ ခြေလှမ်းတွေ စတင်နေပါပြီသား။ ဖေဖေတို့နိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍမှာ ဆယ်စုနှစ်ပေါင်းများစွာ ခိုင်ခိုင်မာမာရပ်တည်လာခဲ့တဲ့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) ဆိုရင် ပြည်သူတွေအတွက် အကောင်းဆုံးနဲ့ နောက်ဆုံးပေါ်ဆက်သွယ်ရေးနည်းပညာတွေကို အချိန်နဲ့တစ်ပြေးညီ အသုံးပြုနိုင်ဖို့ အမြဲတမ်းရှေ့တန်းကနေ ကြိုးပမ်းနေတာ သားလည်းအသိပဲလေ။ အခု 5G နည်းပညာအတွက်ဆိုရင်လည်း သုံးစွဲသူတွေ 5G ကွန်ရက်ရဲ့ အတွေ့အကြုံသစ်တွေကို လက်တွေ့ခံစားနိုင်ဖို့ စမ်းသပ်မှုတွေကို အောင်မြင်စွာလုပ်ဆောင်နေပြီဖြစ်တယ်။ 'ရှေ့သို့လှမ်းချီ မြန်မာပြည်' ဆိုတဲ့ သူတို့ရဲ့ ဆောင်ပုဒ်နဲ့အညီ အနာဂတ်ရဲ့ ဒီဂျစ်တယ်လူနေမှုဘဝ (Digital Lifestyle) ကို မြန်မာပြည်သူတွေဆီ အရောက်ပို့ဆောင်ပေးနိုင်ဖို့ ခိုင်မာတဲ့ အခြေခံအဆောက်အအုံတွေနဲ့ အတူ အစွမ်းကုန်ကြိုးပမ်းနေတာကို တွေ့ရတယ်။ ပြိုင်ဆိုင်မှုတွေများပြားတဲ့ခေတ်ကြီးထဲမှာ အများပြည်သူ ယုံကြည်အားထားရတဲ့ အော်ပရေတာတစ်ခုအနေနဲ့ 5G နည်းပညာကို အလုံခြုံဆုံးနဲ့ အကောင်းမွန်ဆုံး ဝန်ဆောင်မှုပေးနိုင်ဖို့ အဘက်ဘက်ကနေ အသေအချာ ပြင်ဆင်နေတာပေါ့။"

ကျွန်တော်က ဆက်လက်ပြီး လက်တွေ့ကျတဲ့ အခက်အခဲနဲ့ စိန်ခေါ်မှုတွေကို ရှင်းပြလိုက်တယ်။

"အကျိုးကျေးဇူးတွေများသလို အကောင်အထည်ဖော်ရမယ့် စိန်ခေါ်မှုတွေလည်း အများကြီးရှိတယ်သား။ 5G ကွန်ရက်တည်ဆောက်ဖို့ဆိုတာ တိုင်တစ်ခုထောင်ပြီး အင်တင်နာတပ်လိုက်ရုံနဲ့မပြီးဘူး။ Radio Access Network တွေ၊ Fiber Backhaul လို့ခေါ်တဲ့ ဖိုင်ဘာကေဘယ်လ်ကြိုး အခိုင်အမာတွေ၊ Data Center တွေနဲ့ Edge Computing တွေမှာ ငွေကြေးအရင်းအနှီးအမြောက်အမြား ရင်းနှီးမြှုပ်နှံရမယ်။ ပြီးတော့ ဝန်ဆောင်မှုပေးဖို့လိုအပ်တဲ့ ရေဒီယိုလှိုင်းနှုန်းစဉ်တွေကို စနစ်တကျ စီမံခန့်ခွဲပေးရမယ်။"

"နောက်ပြီး ကွန်ရက်ကျယ်ပြန့်လာပြီး စက်တွေအများကြီး ချိတ်ဆက်လာတာနဲ့အမျှ Cyber Attack လို ဆိုက်ဘာတိုက်ခိုက်မှု အန္တရာယ်တွေအတွက် ပစ်မှတ်ပိုများလာလို့ Network Security, Data Encryption နဲ့ Identity Management တွေကို အထူးဂရုစိုက်ရမယ်။ ဒီနည်းပညာတွေကို ကိုင်တွယ်နိုင်မယ့် လူသားအရင်းအမြစ်တွေလည်း အများကြီးလိုသေးတယ်။ ဒါတွေကို ဆက်သွယ်ရေး အော်ပရေတာတွေချည်းပဲလုပ်လို့မရဘူး။ အစိုးရ၊ နည်းပညာကုမ္ပဏီတွေ၊ လုပ်ငန်းရှင်တွေနဲ့ တက္ကသိုလ်တွေအားလုံးပါဝင်တဲ့ Digital Ecosystem ကြီးတစ်ခုလုံး ပူးပေါင်းပါဝင်မှရမှာ။"

"အဲဒါဆို မြန်မာနိုင်ငံအတွက် ဘယ်ကနေ စလုပ်ရမလဲဟင်" လို့ ဆုဆုက စိတ်ဝင်တစားနဲ့ဝင်မေးတယ်။

"မြန်မာနိုင်ငံအနေနဲ့ဆိုရင် 5G ကို ရိုးရိုးမိုဘိုင်းအင်တာနက်ဝန်ဆောင်မှုတစ်ခုလို့မမြင်ဘဲ နိုင်ငံရဲ့ အမျိုးသားဒီဂျစ်တယ် အခြေခံအဆောက်အအုံအနေနဲ့ မြင်ဖို့လိုတယ်။ တစ်နိုင်ငံလုံး ချက်ချင်းမလုပ်နိုင်ရင်တောင် Pilot Project (စမ်းသပ်စီမံကိန်း) တွေအနေနဲ့ 5G Smart Hospital၊ 5G Smart Factory Pilot ဒါမှမဟုတ် 5G Education Campus စတာတွေကို သီးသန့်နယ်မြေတွေ သတ်မှတ်ပြီး အရင်ဆုံး စမ်းသပ်လုပ်ဆောင်သင့်တယ်။ အစိုးရ၊ ဆက်သွယ်ရေးအော်ပရေတာ တွေ၊ တက္ကသိုလ်တွေနဲ့ စက်မှုလုပ်ငန်းတွေ ပူးပေါင်းပြီး မြန်မာနိုင်ငံနဲ့ ကိုက်ညီမယ့် 5G Innovation Lab တွေ တည်ဆောက်ပြီး စမ်းသပ်ကြရမယ်လေ။"

စကားပြောရင်းနဲ့ ကော်ဖီတွေတောင် ကုန်သွားပြီ။ မနက်ခင်းနေရောင်ကလည်း ပိုပြီးတောက်ပလာတယ်။

ကျွန်တော်က သားနဲ့သမီးကိုကြည့်ပြီး အမှာစကားအနေနဲ့ ပြောလိုက်တယ်။

"5G ဆိုတာ အင်တာနက် ပိုမြန်လာတာလောက်ပဲ မဟုတ်ဘူး သားနဲ့သမီး။ အနာဂတ်ဒီဂျစ်တယ်စီးပွားရေးကြီးတစ်ခုလုံးရဲ့ အုတ်မြစ်ပဲ။ ပညာရေး၊ ကျန်းမာရေး၊ စက်မှုလုပ်ငန်းနဲ့ အများပြည်သူဝန်ဆောင်မှုတွေအားလုံးကို ဒီဂျစ်တယ်အသွင်ကူးပြောင်းပေးမယ့် တွန်းအားတစ်ခုပေါ့။ မင်းတို့ခေတ်ရောက်ရင် ဒီနည်းပညာတွေက ရေလိုလေလို မရှိမဖြစ် ဖြစ်လာတော့မှာ။ ဒါကြောင့် နည်းပညာသစ်တွေကို အမြဲလေ့လာပြီး ကိုယ့်နယ်ပယ်အသီးသီးမှာ ဘယ်လိုအသုံးချရမလဲဆိုတာကို ကြိုတင်ပြင်ဆင်ထားကြဖို့လိုတယ်။"

သားနဲ့သမီးက ခေါင်းတညိတ်ညိတ်နဲ့ အလေးအနက် စဉ်းစားနေကြတယ်။ မမာကတော့ စားပွဲပေါ်က ပန်းကန်တွေကို သိမ်းဆည်းရင်း ပြုံးနေတယ်။ 5G ဆိုတဲ့ မမြင်ရတဲ့ လှိုင်းဂယက်ကြီးက ကျွန်တော်တို့ရဲ့ နေထိုင်မှု၊ သင်ယူမှုနဲ့ အလုပ်လုပ်ကိုင်မှု ပုံစံအားလုံးကို မကြာခင်မှာ အလုံးစုံပြောင်းလဲပစ်တော့မယ်ဆိုတာကိုတော့ တနင်္ဂနွေမနက်ခင်းရဲ့ ကော်ဖီဝိုင်းလေးကနေ ကျွန်တော်တို့ မိသားစုလေး သေချာနားလည်သဘောပေါက်လိုက်ကြပါပြီ။ ။

❐ ❐ ❐

## လပွတ္တာမြို့၌ ယစ်မျိုးနည်းဥပဒေ(မူကြမ်း)အပေါ် သုံးသပ်အကြံပြုဆွေးနွေး

**လပွတ္တာ စက်တင်ဘာ ၃၀**

လပွတ္တာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ယစ်မျိုးနည်းဥပဒေ(မူကြမ်း)အပေါ် ပြင်ဆင်ဖြည့်စွက်ရန် သုံးသပ်အကြံပြုဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်နှင့် တာဝန်ရှိသူများက ယစ်မျိုးနည်းဥပဒေပါ အချက်အလက်များ ပြင်ဆင်ဖြည့်စွက်သင့်သည်များကို အကြံပြုတင်ပြဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ Task Force အဖွဲ့ဝင်များ၊ လပွတ္တာခရိုင်နှင့် မြို့နယ်များမှ အုပ်ချုပ်ရေးမှူးများ၊ ယစ်မျိုးဆိုင်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။



**အောင်ဖြိုး(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး လုပ်ဆောင်

**ချောင်းဆုံ စက်တင်ဘာ ၃၀**

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဝင်းနှင့်အဖွဲ့ဝင်များသည် စက်တင်ဘာ ၂၈ ရက် ညနေပိုင်းက ချောင်းဆုံမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများသို့ သွားရောက်၍ ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရေးအတွက် ချောင်းများ၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေးနှင့် အမှိုက်သရိုက်များ ဆယ်ယူရှင်းလင်းရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။



ထို့ပြင် မုန်တိုင်းအန္တရာယ်နှင့် ပတ်သက်၍ ပြည်သူများ ကြိုတင်သတိပြုနိုင်ရေး၊ ဘေးကင်းလုံခြုံသည့် နေရာများသို့ ပြောင်းရွှေ့နေထိုင်နိုင်ရေးနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပေးနှိုးဆော်ချက်များကို ရပ်ကွက်/ကျေးရွာများအရောက် အသံချဲ့စက်များဖြင့် လှည့်လည်အသိပေးနှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကျော်(ချောင်းဆုံ)**

## တောင်ငူမြို့ဟောင်း ရှေးဟောင်းကျုံးအတွင်းရှိ တိမ်ကောနေသော နုန်းမြေများ တူးဖော်

**တောင်ငူ စက်တင်ဘာ ၃၀**

တောင်ငူမြို့ ကေတုမတီမြို့ဟောင်း တောင်ငူခေတ် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ပြန်လည်တူးဖော်ခြင်းနှင့် ရှေးဟောင်းကျုံးအတွင်းရှိ တိမ်ကောနေသောမြေနေရာများ တူးဖော်ခြင်းလုပ်ငန်းများကို ဇွန် ၁၂ ရက်မှစတင်၍ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် အနောက်ဘက်ရှေးဟောင်းကျုံးအတွင်းရှိ တိမ်ကောနေသော မြေနေရာများ တူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူမြို့ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေး၊ ရှေးဟောင်းကျုံးနှင့် မြို့ သန့်ရှင်းသာယာလှပရေး၊ အနောက်ဘက် ရှေးဟောင်းကျုံးအတွင်းရှိ တိမ်ကောနေသော နုန်းသဲ၊ မြေများ တူးဖော်ခြင်း၊ ကျုံးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် ပိတ်ဆို့နေမှုများအား တူးဖော်ခြင်းနှင့် ကျုံးအတွင်းပိတ်ဆို့နေမှုများ ရှင်းလင်းခြင်းလုပ်ငန်းများကို တောင်ငူခရိုင်ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဇော်ကိုကို(တောင်ငူ)**

## ဘီးလင်းမြို့နယ်၌ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

**ဘီးလင်း စက်တင်ဘာ ၃၀**

ဘီးလင်းမြို့နယ်၌ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် ဘီးလင်းတပ်နယ်မှ တပ်နယ်မှူး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများ စုစုပေါင်းအင်အား ၂၁၀ ခန့်က ဆရာစံရပ်ကွက်ရှိ ပြည်တော်သာ ရေမြောင်းအား ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ပိတ်ဆို့နေသော အမှိုက်သရိုက်များ ရှင်းလင်းဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက ရေမြောင်းတစ်လျှောက် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**





## ပြည်မြို့၌ ရေနုတ်မြောင်းများ တူးဖော်

**ပြည် စက်တင်ဘာ ၃၀**

ပြည်မြို့၌ မိုးရာသီကာလအတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက ပြည်သာယာရပ်ကွက်ရှိ ကြာဇံမြောင်းအား ရေစီးရေလာကောင်းမွန်ရေးနှင့် အနံ့ဆိုးများ ကင်းဝေးစေရေးတို့အတွက် အရှည်ပေ ၁၃၉၀၊ အကျယ် ၁၅ ပေခန့်ရှိသော ကြာဇံမြောင်းအား ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်စက်ယန္တရားများ၊ ဝန်ထမ်းများဖြင့် တူးဖော်ရှင်းလင်းဆောင်ရွက်ခဲ့ရာ ပြည်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝဏ္ဏထွန်း (ပြန်/ဆက်)**

ကျောက်ဖြူမြို့၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၆ ရက်က အမှတ်(၃၂) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ယာယီဒုတိယရဲမှူးကြီး ငြိမ်းချမ်းအောင်ဦးစီးသည့် တပ်ဖွဲ့ဝင်များက ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ တင်ထွန်းဦး(ပြန်/ဆက်)



**သစ်ပင်စိုက်လျှင် တို့ဝန်းကျင်**
**စိမ်းစိုလှပ ကြည်နူးရ**

## လယ်ဝေးခရိုင်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်

**နေပြည်တော် စက်တင်ဘာ ၃၀**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ ဥပဒေပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် ခရိုင်ဥပဒေအရာရှိ ဒေါ်စန်းယုခိုင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ ပြောကြားသည်။ အဆိုပါသင်တန်းသို့ လယ်ဝေးခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မအူပင်မြို့ သန့်ရှင်းသာယာရေး ဆောင်ရွက်

**မအူပင် စက်တင်ဘာ ၃၀**

မအူပင်မြို့နယ်၌ သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်က ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သက်ခိုင်နှင့် တာဝန်ရှိသူများက ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားဖြင့် တူးဖော်နေမှုများကို လည်းကောင်း၊ ရေမြောင်းများအတွင်းမှ အမှိုက်များဆယ်ယူနေမှုကို လည်းကောင်း၊ မြို့ရှောင်လမ်းတစ်လျှောက် လမ်းဘေးဝဲယာရှိ မြက်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းနေမှုကို လည်းကောင်း၊ မအူပင်-ကဇုန်းလမ်းအပိုင်းရှိ ဝါးတောကျေးရွာ၊ အလန်းကျေးရွာ၊ မီးသွေးချောင်းကျေးရွာ လမ်းမကြီးတစ်လျှောက်ရှိ လမ်းဘေးဝဲယာရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရန်၊ သစ်ပင်များ ခုတ်ထွင်ရှင်းလင်းနေမှုကို လည်းကောင်း၊ မီးကြိုးများနှင့် မလွတ်ကင်းသည့် သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းနေမှုများကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **အောင်မြင့်မြတ်(ပြန်/ဆက်)**



## ကျိုက်မရောမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ခွေးရူးကာကွယ်ဆေးအခမဲ့ထိုးနှံ

**ကျိုက်မရော စက်တင်ဘာ ၃၀**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့ပေါ်ရပ်ကွက်အတွင်းရှိ အိမ်မွေးတိရစ္ဆာန်ခွေးများအား ခွေးရူးရောဂါကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခြင်းကို စက်တင်ဘာ ၂၈ ရက်မှ ၂၉ ရက်အထိ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ထိုးနှံပေးလျက်ရှိသည်။

ခွေးရူးရောဂါများ လျော့နည်းပပျောက်စေရန်အတွက် ကြိုတင်ကာကွယ်ရမည့်အချက်များကို အသိပညာပေးဟောပြောခြင်း၊ ခွေးရူးရောဂါ ကာကွယ်တားဆီးရေး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ ကာကွယ်ဆေးအလုံး ၂၅၀ ကို အခမဲ့ထိုးနှံပေးခြင်းများ ဆောင်ရွက်ခဲ့သည်။ **ချိုမြတ်မြတ်ထွေး(ပြန်/ဆက်)**



## မက်မန်းမြို့နယ်၌ ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အသိပညာပေးဟောပြော

**မက်မန်း စက်တင်ဘာ ၃၀**

ရှမ်းပြည်နယ် မက်မန်းခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အကြိမ်(၂၀)မြောက် ကမ္ဘာ့ခွေးရူးရောဂါ ကာကွယ်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောခြင်း၊ ခွေးရူးရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံခြင်းကို ယမန်နေ့က မက်မန်းမြို့ပေါ်ရပ်ကွက်များ၌ ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ မက်မန်းခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမြင့်မွန်၊ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာခင်ပြည့်ပြည့်ဖြိုးတို့က ခွေးရူးရောဂါအန္တရာယ်အကြောင်းကို သိရှိစေရန် ကွင်းဆင်းဟောပြောသည်။



ဆက်လက်၍ ဌာနဆိုင်ရာဝန်ထမ်းများက မက်မန်းမြို့ပေါ်ရပ်ကွက်များတွင် အိမ်မွေးခွေးတိရစ္ဆာန်များကို ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံခြင်း၊ ရောဂါကူးဆက်ပုံ၊ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများပါရှိသော အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေသည်။

ခရိုင်(ပြန်/ဆက်)

## ကျိုက်ထိုမြို့နယ်၌ ရေစီးရေလာကောင်းမွန်စေရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်ထို စက်တင်ဘာ ၃၀**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း မိုးရာသီကာလ ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရေး၊ ရေမြောင်းများပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ယမန်နေ့နံနက်ပိုင်းက မြောက်ပိုင်းရပ်ကွက် မြို့ရှောင်လမ်း တစ်လျှောက်ရှိ



ချောင်းများ၌ ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် နယ်မြေခံတပ်ရင်း တပ်ဖွဲ့များ၊ ကျိုက်ထိုခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် ဌာနဆိုင်ရာ စုစုပေါင်း ၁၁၀ တို့က မြို့နယ်အတွင်းရှိ ရေနုတ်မြောင်းများ၊ လမ်းဘေးရေမြောင်းများအတွင်း ပိတ်ဆို့နေသည့် ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ နုန်းမြောင်းများ ဆယ်ယူခြင်း၊ အမှိုက်သရိုက်များ ဆယ်ယူဖယ်ရှားခြင်းနှင့် ရေစီးရေလာ ပိတ်ဆို့စေသည့် အမှိုက်များ ရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ပြည့်ဖြိုး(ပြန်/ဆက်)



## ကဝမြို့၌ ရေကြီးရေလျှံမှု ကာကွယ်နိုင်ရေးဆောင်ရွက်

**ကဝ စက်တင်ဘာ ၃၀**

ကဝမြို့၌ ရေကြီးရေလျှံမှု ကာကွယ်နိုင်ရေးအတွက် အဓိကရေနုတ်မြောင်းများဖြစ်သည့် ခန်းမလမ်းနှင့် ငါးထပ်ကြီးဘုရားလမ်းရှိ ရေနုတ်မြောင်းများကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝန်ထမ်းများက ဘက်ဟိုးယာဉ်နှင့် တူးဖော်ဆောင်ရွက်လျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲထွန်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးသည်။

ရဲဇော်ဟိန်း(ပြန်/ဆက်)

## ဒိုက်ဦးမြို့နယ်၌ ကျေးလက်လမ်းဆောင်ရွက်နေမှုများ ကွင်းဆင်းစစ်ဆေး

**ဒိုက်ဦး စက်တင်ဘာ ၃၀**

ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)မှ တိုင်းဒေသကြီး တာဝန်ခံ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ ပဲခူးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)နှင့် တာဝန်ရှိသူများသည် ဒိုက်ဦးမြို့နယ်၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ဖြင့် ဆောင်ရွက်



လျက်ရှိသော အေးသုခရွာ အဝင်လမ်း ကတ္တရာလမ်းထပ်ပိုးလွှာခင်းခြင်း (၀/၁.၄၂)မိုင်နှင့် ဖအောင်ဝဲ-သုံးခွ လမ်းပေါ်ရှိ ကွန်ကရစ်တံတားပေ ၈၀ (ပထမပိုင်း) တည်ဆောက်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၂၆ ရက်က ကြည့်ရှုစစ်ဆေးခဲ့ပြီး အင်ဂျင်နီယာချုပ်က ကွန်ကရစ်တံတား ဆောင်ရွက်ရာတွင် သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

စိုးထက်ကျော်(ပြန်/ဆက်)

## မြောင်းမြမြို့၌ ရေစီးရေလာကောင်းမွန်ရေး ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်

**မြောင်းမြ စက်တင်ဘာ ၃၀**

မြောင်းမြမြို့၌ မိုးတွင်းကာလ ရေကြီး၊ ရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက် ဗိုလ်ဗထူးလမ်း တစ်လျှောက် ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ခရိုင်နှင့်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက် နှိမ်နင်းရေးအဖွဲ့ဝင်များနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်း ၃၀၀ တို့က လမ်းဘေးဝဲယာ ရေမြောင်းများတွင် ရေကြီး၊ ရေလျှံမှု မဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေး



အတွက် စက်ယန္တရားများဖြင့် ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိုးမိုး(ပြန်/ဆက်)

❑ **မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## သနပ်ပင်မြို့နယ်၌ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်

**သနပ်ပင် စက်တင်ဘာ ၃၀**

သနပ်ပင်မြို့နယ်၌ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ရေကြီးရေလျှံမဖြစ်ပေါ်စေရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးတို့အတွက် ရေနုတ်မြောင်းများတူးဖော်ခြင်းကို စက်ယန္တရားများဖြင့် စက်တင်ဘာ ၂၈ ရက်က ဆောင်ရွက်ရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်သူရနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ စက်ယန္တရားများဖြင့် ရေနုတ်မြောင်းများကို တူးဖော်လျက်ရှိကြရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)



## ကျောက်တံခါးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ကျောက်တံခါး စက်တင်ဘာ ၃၀**

ကျောက်တံခါးမြို့နယ်၌ တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူရေးဆိုင်ရာ ဆင့်ပွားသင်တန်းကို ယမန်နေ့နံနက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာနှင်းနုလွင်က မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများမှ အုပ်ချုပ်ရေးမှူးများအား မိမိတို့၏ ရပ်ကွက်/ကျေးရွာများအတွင်းရှိ တိရစ္ဆာန်ကောင်ရေစာရင်းများအား တိကျမှန်ကန်စွာ စာရင်းကောက်ယူနိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူများက သိရှိလိုသည်များ မေးမြန်းကြရာ မြို့နယ်ဦးစီးမှူးက ပြန်လည်ရှင်းလင်းခဲ့သည်။

မျိုးမင်း(ပြန်/ဆက်)



## တောင်တွင်းကြီးမြို့နယ်၌ လုပ်ငန်းရှင်များအား အခွန်အသိပညာပေး

**တောင်တွင်းကြီး စက်တင်ဘာ ၃၀**

တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ပြေစာဖြင့် ကပ်နှိပ်ရောင်းချသည့် စားသောက်ဆိုင်၊ ဟိုတယ်နှင့် တည်းခိုခန်းလုပ်ငန်းရှင်များ၊ ရွှေနှင့်လက်ဝတ်ရတနာ၊ ဖုန်းနှင့် ဆက်စပ်ပစ္စည်းရောင်းချသည့် လုပ်ငန်းရှင်များအား အခွန်ပညာပေးဆွေးနွေးပွဲကို ယမန်နေ့နံနက်က ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ မြို့နယ်အခွန်ဘဏ္ဍာငွေတိုးတက်ရရှိရေးအထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ မြို့နယ်အခွန်ဦးစီးမှူး ဦးသိန်းထိုက်ဦးတို့က အခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်သူများ၏မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အနောက်တိုင်းဆေးရောနှောပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကျားရိုင်းအမှတ်တံဆိပ် အကြောအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)၊ ဂုဏ်မာန်တစ်ထောင်အမှတ်တံဆိပ် ရွှေသက်စောင့်အားတိုးဆေး (ဆေးပြား/ဆေးဘူး) တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖိုး၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်း၊ သတ်မှတ်ချက်(၁၀) ချက် ပြည့်စုံမှန်ကန်မှုမရှိခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကြာပန်းကြီးအမှတ်တံဆိပ် အမျိုးသားအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)၊ 333 အမှတ်တံဆိပ် အမျိုးသားအားတိုးဆေး (ဆေးမှုန့်/ ဆေးထုပ်) နှင့် နေကြာပန်း အမှတ်တံဆိပ် အကြောအားတိုးဆေး(ဆေးမှုန့်/ဆေးထုပ်)တို့သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေခြင်း၊ တောင်တန်းအမှတ်တံဆိပ် အမျိုးသားအားတိုးဆေး (ဆေးမှုန့်/ဆေးထုပ်) သည် အခြားဆေး၏ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်ကို ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်နှင့် ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ရောနှောပါဝင်နေခြင်းတို့ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပါတိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြထားသည့်အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်းဆေး |
|---|---|---|---|---|---|---|
| ၁။ | ကျားရိုင်း | အကြောအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR–016767 (0228) | အမှတ် ၁၃၈/ခ၊ မြတ်ဝတ်ရည်လမ်း၊ ၁၀ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉၇၅၇၅၇၁၅၁ (Viber) | Sildenafil |
| ၂။ | ဂုဏ်မာန်တစ်ထောင် | ရွှေသက်စောင့်အားတိုးဆေး | ဆေးပြား ဆေးဘူး | TMR–011593 (1221) | အမှတ် ၁၆၅၊ ဗညားဒလလမ်းမကြီး၊ 119 စတိုးနှင့် မျက်နှာချင်းဆိုင်၊ ယုဇနပလာဇာအနီး၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ | Sildenafil |
| ၃။ | ကြာပန်းကြီး | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | ဖော်ပြထားခြင်းမရှိပါ | ဆရာကြီး တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း– 09400800324, 09–777788244 | Sildenafil |
| ၄။ | 333 | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | ဖော်ပြထားခြင်းမရှိပါ | 333 တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး အမှတ် ၃၅၇၊ ထွန်းရွှေဝါ ၃လမ်း၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉ ၄၃၁၀၉၉၂၀, ၀၉၂၅၀၁၃၉၀၉၅၀ | Sildenafil |
| ၅။ | နေကြာပန်း | အကြောအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR–153176 (029) | နေကြာပန်း တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ စက်မှုဇုန်။ Ph–09 785 020 413 | Sildenafil |
| ၆။ | တောင်တန်း | အမျိုးသားအားတိုးဆေး | ဆေးမှုန့် ဆေးထုပ် | TMR–016 606 (0228) | ဘဝရှင် တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး Ph 09–766 707–808, 09–989 961 729 | Sildenafil |
















**Sildenafil ရောနှောသည့် ဆေးနမူနာများ**

၅။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ (လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ကမ်းနီးငါးဖမ်းရေယာဉ်များ ရာသီဥတုခိုလှုံရာ နေရာသတ်မှတ်

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါတည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို (၉–၆–၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် –

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ငလပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြုချိုင် (ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း (MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း (SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြု၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# “ချစ်စရာ့အရွယ်ကစားကြမယ်” ကလေးအစီအစဉ် မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်




နေပြည်တော် စက်တင်ဘာ ၃၀

“ချစ်စရာ့အရွယ် ကစားကြမယ်” ကလေးအစီအစဉ်ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အပတ်စဉ် စနေနေ့တိုင်း ထုတ်လွှင့်ပြသလျက်ရှိရာ ၂၀၂၆ ခုနှစ် အောက်တိုဘာ ၃ ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် MRTV-HD Channel မှ သန်လျင် မူလတန်းကြိုကျောင်းနှင့် တောင်ဒဂုံ မူလတန်းကြိုကျောင်းတို့မှ ကလေးငယ်များ၏ ပါဝင်ကစားကြပုံများကို ထုတ်လွှင့်ပြသမည်ဖြစ်ရာ MRTV App မှလည်း Streaming ထုတ်လွှင့်မည်ဖြစ်၍ တစ်ချိန်တည်း ကြည့်ရှုနိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်ကို ကလေးများ ကိုယ်ခန္ဓာသန့်စွမ်းပြီး စိတ်ရွှင်လန်းစေရန်၊ ကလေးများ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကလေးငယ်များ အချင်းချင်း၊ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး ပေါင်းသင်းဆက်ဆံတတ်စေရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည် နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ စီစဉ်တင်ဆက်ခြင်းဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV Entertainment Channel တွင် အောက်တိုဘာ ၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် ပြသမည်ဖြစ်ပြီး MRTV-HD Channel တွင် အောက်တိုဘာ ၅ ရက် (တနင်္လာနေ့) ညနေ ၄ နာရီ သတင်းအပြီးတွင် ထပ်မံပြသမည်ဖြစ်သည့်အပြင် MRTV App ၏ Youth Sector နှင့် MRTV Telegram တို့တွင်လည်း လွှင့်တင်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မူပိုင်ခွင့်ဆိုင်ရာမေတ္တာရပ်ခံအသိပေးခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် အကျိုးအမြတ်ရယူခြင်းမရှိသော နိုင်ငံပိုင် ပြည်သူ့ဝန်ဆောင်မှုမီဒီယာဖြစ်သည်နှင့်အညီ (Free to Air – FTA)ဖြင့် အခမဲ့ထုတ်လွှင့်လျက်ရှိရာ(MRTV-HD Channel) နှင့် (MRTV Entertainment Channel)တို့မှ အများပြည်သူများ ပျော်ရွှင်မှုဖြစ်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် အပတ်စဉ် သောကြာနေ့ညများတွင် Friday Night Live Show ဖျော်ဖြေရေးအစီအစဉ်များကို ဆန်းသစ်တင်ဆက်လျက်ရှိပါသည်။

၂။ ယခုအခါ (၂-၁၀-၂၀၂၆)ရက်၊ သောကြာနေ့ညတွင် အများပြည်သူ အပန်းပြေ/စိတ်ချမ်းမြေ့စေရန်အတွက် စတီရီယိုခေတ်ပေါ်တေးသီချင်းများကို မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ပြင်ပအဆိုရှင်များ စုပေါင်း၍ **“အချစ်ပြက္ခဒိန်”** တေးဂီတဖျော်ဖြေပွဲခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည်ဖြစ်၍ အောက်ပါတေးသီချင်းများအား အခမဲ့အသုံးပြုမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေးအကြောင်းကြားပါသည်-

**(၂-၁၀-၂၀၂၆)ရက်နေ့တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစီအစဉ်မှ “အချစ်ပြက္ခဒိန်” တေးဂီတဖျော်ဖြေပွဲ ခေါင်းစဉ်ဖြင့် ရိုက်ကူးထုတ်လွှင့်မည့် တေးသီချင်း(၁၀)ပုဒ်**

| စဉ် | သီချင်းအမည် | အဆိုရှင် |
|---|---|---|
| ၁။ | လူပျိုကြီးပဲလုပ်တော့မယ် | ပြင်ပအဆိုရှင် |
| ၂။ | အချစ်ပြက္ခဒိန် | ပြင်ပအဆိုရှင် |
| ၃။ | ပါးပါးလေးပါ | ပြင်ပအဆိုရှင် |
| ၄။ | နတ်သမီးနဲ့တွေ့ဆုံခြင်း | ပြင်ပအဆိုရှင် |
| ၅။ | ရှေ့ခရီး | ပြင်ပအဆိုရှင် |
| ၆။ | ခဏလေး | ပြင်ပအဆိုရှင် |
| ၇။ | ကောင်လေး | ပြင်ပအဆိုရှင် |
| ၈။ | နင် ၁၂ ခါအသည်းခွဲဖူးတယ် | ပြင်ပအဆိုရှင် |
| ၉။ | လူမှန် | ပြင်ပအဆိုရှင် |
| ၁၀။ | နင့်ကိုချစ်လို့ | ပြင်ပအဆိုရှင် |

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အဆောက်အအုံနှင့်ကုန်ရုံဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွင်း မန္တလေး(၆)မြို့နယ်အတွင်းရှိ CCTV Camera များ ပြုပြင် ရာတွင် လိုအပ်သော CCTV Camera နှင့် ဆက်စပ်ပစ္စည်း များအား အိတ်ဖွင့်တင်ဒါခေါ်ယူ၍ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူသွားမည်ဖြစ်ပါသောကြောင့် စိတ်ပါဝင်စားသောကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ( ၁ - ၁၀-၂၀၂၆) ရက် မှ (၁၆-၁၀-၂၀၂၆) ရက် အထိ
(ခ) **တင်ဒါသွင်းရမည့်နောက်ဆုံးရက်** - (၁၆ - ၁၀-၂၀၂၆) ရက်၊ (၁၆:၀၀)နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - (၂၂- ၁၀ -၂၀၂၆) ရက်၊ (ခန့်မှန်း)
(ဃ) **တင်ဒါဖွင့်မည့်နေရာ** - အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ
(င) **တင်ဒါတစ်စုံရောင်းဈေးနှုန်း** - ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ)

၂။ သတ်မှတ်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်း စဉ်းစား မည်မဟုတ်ပါ။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်းအဆောက်အအုံနှင့်ကုန်ရုံဌာန၊ ဖုန်း ၀၉-၄၀၂၆၅၇၅၄၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆောက်အအုံနှင့်ကုန်ရုံဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၂၁ ၊ နည်းဥပဒေ ၂၂)**
**ပျဉ်းမနားခရိုင်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇၁ နှင့် ဆက်နွှယ်သည့်**
**၂၀၂၆ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၀**

ဦးအိုက်စိုင်း **(ဒီကရီအနိုင်ရသူ)** နှင့် ဦးဖုန်းတင့် **(တရားရှုံး)**

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွှေချီရပ်ကွက် ၊ ဦးရန်ကျော်လမ်း၊ (အမှတ်၃/၈၈)နေ ဦးဖုန်းတင့် (ယခုနေရပ် လိပ်စာမသိသူများ) သိစေရမည်။

၂၀၂၂ ခုနှစ် ၊ တရားမကြီးမှုအမှတ် - ၂၇၁ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးအိုက်စိုင်း က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန်အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့် ဖြစ်စေ ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်) မွန်းမတည့်မီ(၁၀)နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၆ ခုနှစ် ၊ စက်တင်ဘာ လ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ထွန်း)**
**ခရိုင်တရားသူကြီး**
**ပျဉ်းမနားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ မြို့မအနောက်ရပ်)၊ မြေရီယာ(၀.၀၅၅) ဧက၊ မြေကွက်အမှတ်(ပ-၃၀၄၆၇)၊ ဦးမြင့်ဦး (ဘ) ဦးမြသောင်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးမြင့်ဦး ၅/စကန(နိုင်) ၁၃၇၇၄၅ (ဘ) ဦးမြသောင်းမှ ဦးမျိုးသူရအောင် ၅/မမတ(နိုင်) ၀၇၁၂၈၇ (ဘ) ဦးအေးအောင်၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူး ခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်း များနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။
(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရစည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။
(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့် တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနက သတ်မှတ်သည့် စာချုပ်စာတမ်း မှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။
(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေ လုပ်ပိုင်ခွင့်ကို ပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။
(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။
(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံ အမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။
(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လုပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လုပ်ထားရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လုပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက် မပိုစေရ။
(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့် မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသော ကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံ ခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူ မည်သူမဆို သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေးအသိပေးနှိုးဆော်ချက်

၁။ အာဖရိကဝက်အပြင်းဖျားရောဂါသည် ယခင်က အာဖရိကနိုင်ငံများတွင်သာ ဖြစ်ပွားကျရောက်ခဲ့သော်လည်း ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ အာရှနိုင်ငံများဖြစ်သည့် တရုတ်၊ မွန်ဂိုလီးယား၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဟောင်ကောင်၊ မြောက်ကိုရီးယားနိုင်ငံများသို့ ကူးစက်ပျံ့နှံ့ခဲ့ပြီး (၂-၆-၂၀၁၉) ရက်မှစတင်၍ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် လာအိုနိုင်ငံတွင် ရောဂါကူးစက်ပျံ့နှံ့လျက်ရှိသောကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းများကို အာဖရိကဝက်အပြင်းဖျားရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ (လုံးဝ)ကူးစက်ခြင်းမရှိပါ၊
(ခ) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(ဂ) ဝက်ခြံများနှင့် သားငါးဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(ဃ) ဝက်များကို စားသောက်ဆိုင်/အိမ်များမှ စားကြွင်း/ကျန်ကျွေးခြင်း ပြုလုပ်ပါက အပူပြင်းပြင်းဖြင့် ချက်ပြုတ်ပြီးမှ ကျွေးမွေးရန်၊
(င) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ရန်၊
(စ) အသက်အရွယ်တူ ဝက်များကိုသာ အတူတူ မွေးမြူရန်၊
(ဆ) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(ဇ) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊
(ဈ) ဝယ်ယူသည့် ဝက်များကို မိမိခြံရှိ ဝက်များနှင့် မရောမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(ည) ပြည်ပမှ တရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်းမပြုရန်၊
(ဋ) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမှ ကာကွယ်ရန်၊
(ဌ) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(ဍ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ အိတ်ဖွင့်တင်ဒါများအား (မြန်မာကျပ်ငွေ) ဖြင့် တင်ဒါခေါ်ဆိုလိုပါသည် -

| စဉ် | တင်ဒါအမှတ် | အမျိုးအမည် |
|---|---|---|
| (က) | 74(Re-T)/EPGE (REHP) / 2026-2027 | အထက်ပေါင်းလောင်းဓာတ်အားပေးစက်ရုံအတွက် Heating , Ventilation and Air Conditioning (HVAC) System Upgrading ပြုလုပ်ခြင်းလုပ်ငန်း။ |
| ( ခ ) | 75(Re-T)/EPGE (REHP) / 2026-2027 | သဖန်းဆိပ်ဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း(၆)မျိုး ဝယ်ယူခြင်း။ |
| ( ဂ ) | 76(Re-T)/EPGE (REHP) / 2026-2027 | ကွန်းချောင်း ၊ နန်ချို နှင့် အထက်ပေါင်းလောင်းဓာတ်အားပေး စက်ရုံတို့အတွက် လျှပ်စစ်ပိုင်းဆိုင်ရာစက်အရံပစ္စည်း(၁၀)မျိုး ဝယ်ယူခြင်း။ |
| (ဃ) | 77(Re-T)/EPGE (REHP) / 2026-2027 | ဘီလူးချောင်း(၁)၊ ဘီလူးချောင်း(၂)နှင့် ခပေါင်းဓာတ်အားပေးစက်ရုံတို့အတွက် လျှပ်စစ်ပိုင်းဆိုင်ရာစက်အရံပစ္စည်း(၅)မျိုးဝယ်ယူခြင်း။ |
| ( င ) | 78(Re-T)/EPGE (REHP) / 2026-2027 | ပေါင်းလောင်းဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာ စက်အရံပစ္စည်း (၉)မျိုးဝယ်ယူခြင်း။ |
| ( စ ) | 79(Re-T)/EPGE (REHP) / 2026-2027 | ရဲရွာဓာတ်အားပေးစက်ရုံအတွက် လျှပ်စစ်ပိုင်းဆိုင်ရာစက်အရံပစ္စည်း (၂)မျိုး ဝယ်ယူခြင်း။ |
| (ဆ) | 80(Re-T)/EPGE (REHP) / 2026-2027 | မုန်းချောင်းဓာတ်အားပေးစက်ရုံ၊ စက်အမှတ်(၁) Governor System အဆင့်မြှင့်တင်ခြင်းလုပ်ငန်း။ |

၂။ ခေါ်ဆိုသည့်တင်ဒါများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ (Technical Proposal) စာအိတ်(က)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) စာအိတ်(ခ)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက်၏ (၁၃:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - (၃၀-၉-၂၀၂၆)ရက်မှ (၁၂-၁၀-၂၀၂၆)ရက်အထိ
(ခ) **တင်ဒါပိတ်ရက်နှင့် အချိန်** - (၁၃-၁၀-၂၀၂၆) ရက်နေ့၊ (၁၃:၀၀)နာရီ
(ဂ) **တင်ဒါရောင်းချမည့်နေရာနှင့် တင်ဒါလက်ခံမည့်နေရာ** - လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ အစည်းအဝေးခန်းမ၊ နေပြည်တော်

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစ၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန Web-Portal (www.moee.gov.mm) တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
(ဖုန်း ၊ ၀၉-၄၄၈၅၃၃၈၉၄)

## ပိုင်ဆိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ဇေယျာသိဒ္ဓိရပ်ကွက်၊ မြို့မဈေး၊ လူနေပွဲရုံတန်း၊ အမှတ်(ပ/၁၈၀)နေ ဦးအောင်လွင်ဦး(၁၂/လမန(နိုင်)၀၀၂၆၉၂) မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

နေပြည်တော်၊ မြို့မဈေး၊ ဈေးရုံအမှတ်-အတွင်းရုံ၊ ဆိုင်ခန်းအမှတ်(B-၅၁)နှင့်(B-၅၂) ဆိုင်ခန်း(၂)ခန်းအား ဦးအောင်လွင်ဦး (၁၂/လမန(နိုင်)၀၀၂၆၉၂) အမည်ဖြင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာန၏ ၂၀၂၃ ခုနှစ်၊ ဧပြီလ (၂၇) ရက်စွဲပါ စာအမှတ်၊ ၃၈၀၂/၀၇(လိုင်စင်)/နပတ(ဈေး) နှင့် စာအမှတ်၊ ၃၈၀၃/၀၇(လိုင်စင်)/နပတ(ဈေး) တို့ဖြင့် ဈေးဆိုင်ခန်းအငှားချထားခြင်း လိုင်စင်များရရှိထားသော ပိုင်ရှင်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်လွင်ဦး(၁၂/လမန(နိုင်)၀၀၂၆၉၂)**
**ဖုန်း-၀၉ ၇၈၈၈၈၂၇၂၇**

## ကန့်ကွက်နိုင်ပါကြောင်း

ဓနုဖြူမြို့နယ်၊ အမှတ်(၉) ရပ်ကွက်၊ အကွက်အမှတ်(၉) အလယ်ပိုင်း၊ ဦးပိုင်အမှတ်(၂၇က)၊ ဧရိယာ(၀.၀၈၀)ဧကရှိ ဘိုးဘပိုင်မြေအား ဦးထက်ရှိန်း ၁၄/ဓနုဖ(နိုင်)၂၁၉၁၂၂ ၏အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ(၃၀) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးထက်ရှိန်း**
**ဖုန်း-၀၉ ၇၆၂၀၇၀၇၈၆**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 24W/56663 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ တွဲဖက်ပြည်နယ်ရုံး**
**(ကျိုင်းတုံ)ကျိုင်းတုံမြို့**

## အလိမ္မာ စာမှာရှိ

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ လားရှိုးကြီးရပ်ကွက်၊ နယ်မြေ(၁၈)၊ အကွက်အမှတ် (၄၆/မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ်(၁/ပ)၊ မြေဧရိယာ(၀.၁၂၆)ဧက၊ ဂရန်အမှုတွဲအမှတ် ၄၉၆-၅/၂၀၁၆-၂၀၁၇(အေ)၊ ဦးချိန်စီရီ ၁၃/နမတ(ပြု)၀၀၀၁၀ အမည်ပေါက်မြေ ကွက်အား ဦးချိန်စီရီ ၏အထူးကိုယ်စားလှယ်လွှဲအပ်ပေးခြင်းခံရသူ ဒေါ်ရန်ကျိန်းမေ၊ ၁၃/လကန (နိုင်)၀၃၅၆၀၆ မှစာချုပ်အမှတ်(၂၃၉၊/၂၀၂၆)ဖြင့် ဦးလီကျားချန်(ခ)ရဲနိုင် ၁၃/လရန(နိုင်)၁၉၇၄၆၃သို့ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဦးလီကျားချန်(ခ)ရဲနိုင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ် လျှောက်ထားလာပါသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ(၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်းကန့်ကွက်တင်ပြသူမရှိပါက ဦးလီကျားချန်(ခ)ရဲနိုင်အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံ အသစ်လျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဆင်ဖြူရှင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်ရှိ မြေကွက်အမှတ်(ပစ(င)၁၀၉၅) ကို အမည်ပေါက် တပ်ကြပ်ဌေးညွန့်(ဘ)ဦးတင်မောင် ၁၂/ဒဂန(နိုင်)၀၂၅၀၀၄ (ကွယ်လွန်)၏ အမွေခံ ဇနီးဖြစ်သူ ဒေါ်လွင်နီနီဝင်း(ဘ)ဦးကျော်ဝင်း ၁၂/ဒဂန(နိုင်)၀၀၁၀၁၂ မှ အမွေဆက်ခံ ကြောင်းကြေညာအတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ အမည်ပေါက်၏ သေဆုံးမှုလက်မှတ်(မိတ္တူ)၊ အမွေခံဇနီးမှန်ကန်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်(မိတ္တူ)၊ မြေကွက်နေရာချထားစာရင်း (မိတ္တူ)တို့ တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅) ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ပုဗ္ဗသီရိမြောက်ရပ်)၊မြေဧရိယာ(၀.၁၁၀)ဧက၊ မြေကွက်အမှတ်(ပ-၂၂၈၁၄)ဒေါ်မြလေး (ဘ) ဦးခူဝံ အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးစိုးမိုးကျော် ၁၀/သထန(နိုင်) ၀၂၀၇၀၃(ဘ) ဦးမျိုးညွန့် မှ ရေနံချောင်းမြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်( ၆/၂၀၂၃) (၁၄-၇-၂၀၂၃) တင်ပြ၍ ဦးဇော်မင်းလွင် ၁၁/ရမန (နိုင်)၀၆၄၆၉၅ (ဘ) ဦးသိန်းရွှေ ၏ အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## နိုင်ငံကျော် ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ နိုင်ငံကျော် ဖွဲထက် စိန်၊ ရွှေ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင် ဦးဆန်းဝင်း (ဘ) ဦးချို ၈/ရစက(နိုင်)၀၀၀၀၉၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

၁။ နိုင်ငံကျော်ဖွဲထက်စိန်၊ ရွှေ၊ ရတနာရောင်းဝယ်ရေးလုပ်ငန်းသည် နိုင်ငံကျော် Brand ဖြစ်သည်နှင့်အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြို့ကြီးများတွင် ဆိုင်ခွဲပေါင်းများစွာ ဖွင့်လှစ်၍ ဝန်ထမ်းများ၏ ဝန်ဆောင်မှုကောင်းခြင်း၊ စိန်ရွှေရတနာများ၏ ခေတ်မီဒီဇိုင်းများနှင့် အရည်အသွေး ပြည့်မီကောင်းမွန်ခြင်း၊ အာမခံချက် ပြည့်စုံကောင်းမွန်ခြင်း၊ ရွှေပန်းတိမ်လုပ်ငန်းဌာန၊ စိန်နှင့် ကျောက်မျက်ရတနာ စိစစ်အကဲဖြတ်ရေးဌာန၊ အရောင်းမြှင့်တင်ရေးဌာနနှင့် အရည်အသွေး အကဲဖြတ် ပညာရှင်တို့၏ အဆင့်ဆင့် ထုတ်လုပ်၊ အတည်ပြုချက်များဖြင့် ရောင်းဝယ်ခြင်းတို့ ကြောင့် ပြည်သူများမှ လိုလားနှစ်သက်စွာ အားပေးမှုနှင့်အတူ လုပ်ငန်း အောင်မြင်တိုးတက်လျက်ရှိပါသည်။

၂။ လွန်ခဲ့သည့် ၂၆-၉-၂၀၂၆ ရက်တွင် ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအား အကျိုးစီးပွား ပျက်စီးစေရန်နှင့် ထိခိုက်နစ်နာစေရန်ရည်ရွယ်ချက် ဖြင့် Angel Queen Jewellery-2 (POL) ၀၉-၇၆၂၀၆၂၀၀၈/Viber ၀၉ - ၇၈၉၉၅၀၀၂၉ ဖြင့် ပြင်ဦးလွင်မြို့နယ်၊ ပြင်စာမြို့၊ သုံးထောင်ရွာ၊ ပန်းမြို့တော် (၃)လမ်းတွင်နေထိုင်သည့် အကောင့်ပိုင်ရှင်မှ ၎င်း၏ညီအစ်မတစ်ဝမ်းကွဲတော်သူ တစ်ဦးသည် ဖွဲထက် စိန်၊ ရွှေ၊ ရတနာဆိုင်မှ ဝယ်ယူလာခဲ့သော စိန်ကြိုးပါး ဘယက်မှာ အတုဖြစ်ကြောင်းနှင့် ရွှေတစ်မူးမျှ မပါကြောင်း၊ စိန်မှာလည်း အစစ်မဟုတ်ကြောင်း၊ အများတကာ စီးသောဖိနပ်တွင် တပ်ဆင်ထားသည့် စိန်လောက်ပင် အဆင့်အတန်းမရှိကြောင်း၊ နောင်လာနောက်သားများ၊ နောက်ဝယ်မည့်သူများ သိရှိရန်နှင့် ဖွဲထက်ရွှေဆိုင်သည် နံနက်မိုးလင်းသည့်အချိန်မှစ၍ Best Review များ တက်နေ၍ မပြောမဖြစ်သောကြောင့် ပြောရခြင်းဖြစ်ကြောင်း၊ ဆိုင်ကြီးဆိုပြီး အထင်မကြီးကြစေချင်ကြောင်း၊ ယခုကဲ့သို့ မပြုလုပ်စေလိုကြောင်း၊ နောင်တွင် ရွှေစုလိုပါက တိတိကျကျ မှန်ကန်မှုရှိသော Review ကောင်းသည့်ရွှေဆိုင်များတွင်သာ စုဆောင်းစေ လိုကြောင်း၊ ဖွဲထက်ကတော့ No ပါ၊ ထာဝရ No ပါ ဟု ၎င်း၏ Tik Tok အကောင့်တွင် Video File ဖြင့် Post တင်ခဲ့သည်ကို တွေ့ရှိခဲ့ပါသည်။

၃။ အဆိုပါ အကောင့်ပိုင်ရှင်မှ လူမှုကွန်ရက်ပေါ်တွင် Video File ဖြင့် တင်ခဲ့သော Post ၏ အပိုဒ် (၂) ပါ ဖော်ပြချက်များသည် မဟုတ်မမှန်၊ မမှန်မကန်၊ အခြေအမြစ်မရှိသော စွပ်စွဲပြောဆိုခြင်းဖြစ်ပြီး ၎င်းသည်လည်း ဖွဲထက်ရွှေဆိုင်မှ ပစ္စည်းဝယ်ယူသူ မဟုတ်သည့်အပြင် ဆက်သွယ်ရေးကွန်ရက် တစ်ခုခုကို အသုံးပြု၍ ဖွဲထက် စိန်၊ ရွှေ၊ ရတနာဆိုင်၏ အကျိုးစီးပွားအား ထိခိုက်ပျက်စီးစေရန်၊ အသရေကိုဖျက်စေရန်၊ နှောင့်ယှက်ရန် ရည်ရွယ်၍လည်းကောင်း၊ ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေရန်လည်းကောင်း ပြုလုပ်ခဲ့ခြင်း ဖြစ်ပါသည်။

၄။ ယင်းအကောင့်ပိုင်ရှင်၏ လူမှုကွန်ရက်ပေါ်၌ ၂၆-၉-၂၀၂၆ ရက်တွင် တင်ခဲ့သည့်ဖြစ်စဉ်ကြောင့် ပြည်သူများမှ အထင်မြင်လွဲမှားမှုများနှင့် ယုံမှားသံသယများဖြစ်ပေါ်ခဲ့ပြီး အကျိုးစီးပွားများ ထိခိုက်နစ်နာဆုံးရှုံးခြင်း၊ အသရေပျက်ခြင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာခြင်း၊ နှောင့်ယှက်ခံရခြင်းတို့ ဖြစ်ခဲ့ပါသည်။

၅။ ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းသည် ယခုဖြစ်စဉ်မတိုင်မီ နိုင်ငံပိုင်မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ၌ သတိပေးတားမြစ်ခဲ့သည့် ကြေညာချက်နှင့်အညီ ယင်းအကောင့်ပိုင်ရှင်အား အရေးယူပေးပါရန် ၂၇-၉-၂၀၂၆ ရက်တွင် အမှုဖွင့်တိုင်ကြားခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ချမ်းအေးသာဇံမြို့နယ်၊ အမှတ် (၈) မြို့မရဲစခန်းမှ ပထမ သတင်းပေးတိုင်ချက်အမှတ် (ပ) ၁၃၂/၂၀၂၆ အရ ဆက်သွယ်ရေးဥပဒေပြဋ္ဌာန်းချက်များပါ ငြိစွန်းသောပြစ်မှုဖြင့် လက်ခံအရေးယူခဲ့ပြီး အကောင့်ပိုင်ရှင်အား ဖော်ထုတ်ဖမ်းဆီး အရေးယူဆောင်ရွက်လျက်ရှိပါသည်။

၆။ သို့ဖြစ်ပါ၍ နောက်နောင်တွင် ဖွဲထက် စိန်၊ ရွှေ၊ ရတနာ ရောင်းဝယ်ရေးလုပ်ငန်းအပေါ် မဟုတ်မမှန် စွပ်စွဲပြောဆိုခြင်း၊ အကျိုးပျက်စီးစေခြင်း၊ အသရေပျက်စေခြင်း၊ ဂုဏ်သိက္ခာထိခိုက်နစ်နာစေခြင်း၊ နှောင့်ယှက်ခြင်းတို့ ဖြစ်စေသည့် ပြောဆိုမှုများ၊ လူမှုကွန်ရက် နယ်ပယ်အသီးသီး၌ Post တင်ခြင်း၊ ရေးသားခြင်းတို့ကို လုံးဝ မပြုလုပ်ပါရန်၊ ယနေ့အထိ အလားတူသဘော သဘာဝတူသော Post များကို တင်ထားခဲ့ပါကလည်း အမြန်ဆုံး ရပ်ဆိုင်း ပယ်ဖျက်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း၊ ယင်းသို့ မေတ္တာရပ်ခံပါလျက် လိုက်နာမှုမရှိပါက သက်ဆိုင်ရာနည်းပညာရှင်များ၊ ဥပဒေပညာရှင်များနှင့် စိစစ်ဖော်ထုတ်၍ မလွှဲမရှောင်သာဘဲ လိုအပ်သလို ဆက်လက် အမှုဖွင့်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ - | |
|---|---|---|
| ဦးဆန်းဝင်း (ဘ) ဦးချို | ဦးတိုးမြင့် (LL.B) | ဒေါ်စန္ဒာ (LL.B) |
| ၈/ရစက (နိုင်) ၀၀၀၀၉၂ | တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ |
| | (စဉ် - ၆၂၀၁/၂၂-၅-၁၉၉၅) | (စဉ် - ၂၅၄၅၁/၂၀၀၇) |
| | ဖုန်း-၀၉-၄၂၀၇၀၈၆၉၅၊ | ၀၉-၄၂၀၀၇၈၈၈၃ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## မဟာပညာရေးဘွဲ့(အရည်အချင်းစစ်)MEd(Q)သင်တန်းဝင်ခွင့်စာမေးပွဲလျှောက်လွှာခေါ်ယူခြင်း

စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်) MEd(Q) သင်တန်းကို အောက်ဖော်ပြပါသတ်မှတ်ချက်များအတိုင်း သင်တန်းသားဦးရေ ကန့်သတ်ဖွင့်လှစ် သင်ကြားမည် ဖြစ်ပါသည်-

၁။ **အထူးပြုဘာသာရပ်**
ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု (သို့မဟုတ်) ပညာရေးစိတ်ပညာ (သို့မဟုတ်) သင်ရိုးညွှန်းတမ်းနှင့် သင်ပြနည်း (သို့မဟုတ်) ကာယပညာနှင့်ကျောင်းကျန်းမာရေး (တစ်ခုကို သာရွေးချယ်လျှောက်ထားရမည်။ တစ်ခုထက် ပိုလျှောက်ပါက လုံးဝစဉ်းစားမည် မဟုတ်ပါ။)

၂။ **သင်တန်းကာလ**
၂၀၂၆-၂၀၂၇ ပညာသင်နှစ် ဒီဇင်ဘာလမှ စက်တင်ဘာလအထိ ပညာသင်နှစ်(၁)နှစ် သတ်မှတ်ပါသည်။

၃။ **စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရှိသူများ**
ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ ပညာရေးဒီဂရီကောလိပ်များ (မြစ်ကြီးနား၊ တောင်ကြီး၊ လားရှိုး၊ လှိုင်ကော်၊ မန္တလေး၊ မိတ္ထီလာ၊ စစ်ကိုင်း၊ မုံရွာ၊ဟားခါး၊ကျိုင်းတုံ၊ကသာ၊မကွေး၊ပခုက္ကူ) အခြေခံပညာဦးစီးဌာန၊ ပညာရေးသုတေသန စီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပ နှင့်တစ်သက်တာပညာရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင် နေပြီး ပညာရေးဘွဲ့ရ ဆရာ၊ ဆရာမ၊ ဝန်ထမ်းများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် တက်ရောက်ခွင့်ရှိပါသည်။

၄။ **လိုအပ်သည့်ပညာအရည်အချင်း**
ပညာရေးဘွဲ့(BEd)ရရှိသူဖြစ်ပြီး အရည်အချင်းစစ်ရေးဖြေနှင့် နှုတ်ဖြေစာမေးပွဲကို အောင်မြင်သူ ဖြစ်ရပါမည်။

၅။ **အသက်ကန့်သတ်ချက်**
အသက်ကန့်သတ်ချက်မရှိပါ။

၆။ **လုပ်သက်သတ်မှတ်ချက်**
ပညာရေးဝန်ကြီးဌာနအောက်ရှိ ဆရာအတတ်ပညာဦးစီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ပညာရေး သုတေသနစီမံကိန်း နှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်နေပြီး သင်တန်းစတင်ဖွင့်လှစ်မည့်နေ့၌ လုပ်သက်(၅)နှစ်ပြည့်သူ ပညာရေးဘွဲ့ရ ဆရာ၊ဆရာမ၊ ဝန်ထမ်း ဖြစ်ရမည်။

၇။ **လိုအပ်သောအထောက်အထားများ**
လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများတင်ပြရမည်-
(က) ပညာရေးဘွဲ့(BEd)အမှတ်စာရင်းမူရင်းနှင့်မိတ္တူမှန်
(ခ) ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ
(ဂ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း၊ မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်) MEd(Q)သင်တန်း ဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပါက အချိန်ပြည့် တက်ရောက်ခွင့်ပြု ကြောင်း သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) တာဝန် ပေးအပ်ထားသော အရာရှိများ၊ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက် တင်ပြရမည်။

၈။ **လျှောက်လွှာပိတ်မည့်ရက်**
လျှောက်လွှာများကို (၂၃-၁၀-၂၀၂၆)ရက်(သောကြာနေ့)တွင် နောက်ဆုံးလက်ခံမည် ဖြစ်ပါသည်။

၉။ **လျှောက်လွှာလက်ခံမည့်နေရာ**
လျှောက်လွှာများကို စစ်ကိုင်းပညာရေးတက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၁၀။ **ဝင်ခွင့်စာမေးပွဲ ကျင်းပမည့် နေရာ၊ ရက်၊ အချိန်နှင့် ဘာသာရပ်**
ဝင်ခွင့်စာမေးပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် (၁၂-၁၁-၂၀၂၆)ရက်(ကြာသပတေးနေ့)၊ နံနက်(၉:၀၀)နာရီမှ (၁၁:၀၀)နာရီထိ၊ သက်ဆိုင်ရာအထူးပြု ပညာရေးဘာသာရပ် (မေးခွန်းလွှာတစ်ခု -၂နာရီမေးခွန်း) ဖြေဆိုရမည်။

၁၁။ **လူတွေ့နှုတ်ဖြေ ဖြေဆိုရမည့် နေ့ရက်**
လူတွေ့နှုတ်ဖြေကို (၁၇-၁၁-၂၀၂၆)ရက် (အင်္ဂါနေ့)တွင် ဖြေဆိုရပါမည်။

၁၂။ **သင်တန်းစတင်ဖွင့်လှစ်မည့်ရက်**
မဟာပညာရေးဘွဲ့(အရည်အချင်းစစ်) MEd(Q)သင်တန်းကို ၂၀၂၆ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်မည်ဖြစ်ပါသည်။

၁၃။ **စုံစမ်းရန်**
အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ (ဌာနမှူး)များထံတွင် လည်းကောင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာန ဌာနမှူးသင်တန်းရေးရာ(၀၉-၇၉၇၉၉၆၃၅၈)၊ ဒု-ဌာနမှူး၊ သင်တန်းရေးရာ (၀၉-၉၈၂၅၅၁၅၁၆) နှင့် မော်ကွန်းထိန်း၊ ကျောင်းသားရေးရာ (၀၉-၄၄၄၆၉၄၈၆၂) တွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး၊ သင်တန်းရေးရာ**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## မဟာပညာရေးဘွဲ့(MEd) သင်တန်းဝင်ခွင့်စာမေးပွဲလျှောက်လွှာခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်အတွက် မဟာပညာရေးဘွဲ့(MEd) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များအလိုက် သတ်မှတ်ဦးရေ ကန့်သတ်ဖွင့်လှစ် သင်ကြားမည် ဖြစ်ပါသည်-
(က) ပညာရေးသဘောတရားနှင့်ပညာရေးစီမံခန့်ခွဲမှု
(ခ) ပညာရေးစိတ်ပညာ
(ဂ) သင်ရိုးညွှန်းတမ်းနှင့်သင်ပြနည်း
(ဃ) ကာယပညာနှင့်ကျောင်းကျန်းမာရေး

၂။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် မဟာပညာရေးဘွဲ့ (MEd) သင်တန်း ဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုရမည်-
(က) (၁၂-၁၁-၂၀၂၆)ရက်နေ့ ၀၉:၀၀ နာရီ မှ ၁၂:၀၀နာရီထိ — သက်ဆိုင်ရာအထူးပြု ပညာရေးဘာသာရပ်
(ခ) (၁၃-၁၁-၂၀၂၆)ရက်နေ့ ၀၉:၀၀နာရီ မှ ၁၂:၀၀နာရီထိ — အင်္ဂလိပ်စာဘာသာရပ်

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို (၁၆-၁၁-၂၀၂၆)ရက် တနင်္လာနေ့တွင် လူတွေ့စစ်ဆေးမည်။

၄။ မဟာပညာရေးဘွဲ့(MEd) သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများဖြေဆိုခွင့် လျှောက်ထားနိုင်သည် -
(က) မဟာပညာရေးဘွဲ့ (MEd)သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုမြန်မာနိုင်ငံသား ဖြစ်ရမည်။
(ခ) ပညာရေးဘွဲ့ရရှိ၍ မဟာပညာရေးဘွဲ့ သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဂ) ကာယပညာနှင့်ကျောင်းကျန်းမာရေးဘာသာရပ်လျှောက်ထားသူများသည် ကာယပညာနှင့် ကျောင်းကျန်းမာရေးအထူးပြုဖြင့် ပညာရေးဘွဲ့ရရှိပြီး ပညာရေးတက္ကသိုလ်များတွင် ကာယပညာနှင့်ကျောင်းကျန်းမာရေးဌာန၌ နည်းပြအဖြစ် တာဝန်ထမ်းဆောင်နေသူ (သို့မဟုတ်) ကာယပညာနှင့်ကျောင်းကျန်းမာရေးအထူးပြုဖြင့် ပညာရေးဘွဲ့ရရှိပြီး မဟာပညာရေးဘွဲ့သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။
(ဃ) သင်ကြားရေးနှင့် သုတေသနဆိုင်ရာလုပ်ငန်း ဆောင်ရွက်နေသူများဖြစ်ပြီး (၁-၁၂-၂၀၂၆) ရက်နေ့တွင် တစ်ဆက်တည်းလုပ်သက်အနည်းဆုံး (၂)နှစ်ရှိသော လက်ရှိတာဝန်ထမ်းဆောင်နေသူ ဖြစ်ရမည်။
(င) ပညာရေးဘာသာရပ်ဆိုင်ရာ (သို့မဟုတ်) ကာယပညာနှင့်ကျောင်းကျန်းမာရေးဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းတို့ကို ရေးဖြေဖြေဆိုရမည်ဖြစ်ပြီး ဖြေဆိုအောင်မြင်ပါက လူတွေ့ နှုတ်ဖြေစစ်ဆေးဖြေဆိုရမည်။
(စ) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသသန (ပညာရေး)ဘွဲ့ရရှိပြီး ပညာရေးဝန်ကြီးဌာနတွင် ပညာရေးဝန်ထမ်းအဖြစ် လက်ရှိတာဝန် ထမ်းဆောင်နေသူဖြစ်ပါက ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေစစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။
(ဆ) ပညာရေးတက္ကသိုလ်မှ ဖွင့်လှစ်သော မဟာပညာရေးဘွဲ့(အရည်အချင်းစစ်) သင်တန်းပြီးမြောက်အောင်မြင်သူ ဖြစ်ပါက ဝင်ခွင့်ရေးဖြေစာမေးပွဲဖြေဆိုရန်မလိုဘဲ လူတွေ့နှုတ်ဖြေ စစ်ဆေးခြင်းပြုလုပ်မည်ဖြစ်ပါသည်။

၅။ စစ်ကိုင်းပညာရေးတက္ကသိုလ် ၊ ပြည်နယ်/တိုင်းဒေသကြီး ပညာရေးမှူးရုံးများတွင် (ပူးတွဲ) သတ်မှတ် ထားသည့် လျှောက်လွှာပုံစံရယူပြီး စစ်ကိုင်းပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာနတွင် (၂၃-၁၀-၂၀၂၆) ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ တင်ပြရမည် -
(က) ပညာရေးဘွဲ့(BEd) အမှတ်စာရင်း မူရင်းနှင့် မိတ္တူမှန်
(ခ) ဝန်ထမ်းဖြစ်ကြောင်းနှင့် လုပ်သက်မှန်ကန်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်
(ဂ) ပတ်စ်ပို့ဓါတ်ပုံ (၂) ပုံ
(ဃ) မဟာပညာရေးဘွဲ့(MEd)သင်တန်း ဝင်ခွင့်စာမေးပွဲကို ဖြေဆိုခွင့်ပြုကြောင်းနှင့် ဝင်ခွင့် စာမေးပွဲဖြေဆိုအောင်မြင်ပါက အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ပေးအပ်ထားသော အရာရှိများ၊ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက်
(င) ပညာရေးတက္ကသိုလ် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာနမှ ဖွင့်လှစ်သော မဟာဒသသန (ပညာရေး)ဘွဲ့ရရှိသူများ နှင့် မဟာပညာရေးဘွဲ့ (အရည်အချင်းစစ်)သင်တန်း ပြီးမြောက်အောင်မြင်ပြီး မဟာပညာရေးဘွဲ့(MEd) သင်တန်းဆက်လက်တက်ရောက်ခွင့် ရရှိသူများသည် အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း၊ သက်ဆိုင်ရာဦးစီး ဌာန၊ ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) ညွှန်ကြားရေးမှူးချုပ်ကိုယ်စား တာဝန်ပေးအပ်ထားသော အရာရှိများ၊ ကျောင်းအုပ်ကြီးတို့၏ ထောက်ခံချက်

၇။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပညာရေးဘာသာရပ်ပါမောက္ခ(ဌာနမှူး) များထံတွင်လည်းကောင်း၊ စစ်ကိုင်းပညာရေးတက္ကသိုလ် သင်တန်းရေးရာဌာန ဌာနမှူး (သင်တန်းရေးရာ) ၀၉-၇၉၇၉၉၆၃၅၈ ၊ ဒု-ဌာနမှူး(သင်တန်းရေးရာ) ၀၉-၉၈၂၅၅၁၅၁၆၊ မော်ကွန်းထိန်း (ကျောင်းသားရေးရာ) ၀၉-၄၄၄၆၉၄၈၆၂ တို့တွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

**ဌာနမှူး(သင်တန်း)**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

### အမည်မှန်

တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊ အထက (ထန်းတပင်) ကျောင်း Grade -8 တွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမင်းအောင် ၇/ ထတပ(နိုင်) ၀၄၃၄၆၃ ၏သမီး မသဒ္ဒါဖြိုးဝေ အမည်မှန်မှာ မသဒ္ဒါဆုစံ ဖြစ်ပါကြောင်း ။

**မသဒ္ဒါဆုစံ**

### ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အမှတ်(၅)ရပ်ကွက်၊ အ.ထ.က-၄(ဟဲဟိုး) Grade-11 မှ မရွှေယမင်းအိ ၏ ဖခင်အမည်မှန်မှာ ဦးရဲချိုချိုဆန်း ၁၃/ကလန(နိုင်)၀၈၀၇၁၀ ဖြစ်ပါကြောင်း။

**ဦးရဲချိုချိုဆန်း**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊အ.ထ.က(သက္ကလ)ကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော မဇူလိုင်မိုး ၏ ဖခင်အမည်မှန်မှာ ဦးကျော်စန်းဝင်း ၇/ကဝန(နိုင်)၁၃၃၉၄၈ ဖြစ်ပါကြောင်း။

**ဦးကျော်စန်းဝင်း**
**၇/ကဝန(နိုင်)၁၃၃၉၄၈**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/59780, Shayan 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးလှမျိုးနိုင် ၁၄/ဖပန(နိုင်)၂၄၇၀၈၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊အ.ထ.က(သက္ကလ)ကျောင်း၊ Grade-12တွင် ပညာသင်ကြားနေသော မသော်တာဇင်၏ ဖခင်အမည်မှန်မှာ ဦးသဲမောင်၇/ကဝန(နိုင်)၁၉၀၉၃၂ ဖြစ်ပါကြောင်း။

**ဦးသဲမောင်**
**၇/ကဝန(နိုင်)၁၉၀၉၃၂**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7C/7374 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

### တံဆိပ်အမည် အမှတ်အသားအား မှတ်ပုံတင်သွင်းလျှောက်ထား ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း




ပြင်ဦးလွင်မြို့နယ်၊ ပွေးကောက်ကျေးရွာအုပ်စု၊ ပွေးကောက်ကျေးရွာနေ ဦးငွေမိုးထွန်းမှ T Star တံဆိပ်အမည် အမှတ်အသားဖြင့် ကိတ်မုန့်၊ ပေါင်မုန့်၊ ကိတ်ခြောက်လုပ်ငန်းအမျိုးမျိုး ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပြီး အဆိုပါတံဆိပ်အမည် အမှတ်အသားအား ပြင်ဦးလွင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းလျှောက်ထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက် ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးငွေမိုးထွန်း (၅/ဘတလ(နိုင်)၁၁၁၀၃၂)**
**ပွေးကောက်ကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်**

### မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နယ်၊ အ.ထ.က(သက္ကလ)ကျောင်း၊ Grade-12တွင် ပညာသင်ကြားနေသော မောင်ခန့်မင်းကိုကို ၏ မိခင်အမည်မှန်မှာ ဒေါ်ဆွေ ၇/ကဝန(နိုင်)၂၄၁၄၂၀ ဖြစ်ပါကြောင်း။

**ဒေါ်ဆွေ**
**၇/ကဝန(နိုင်)၂၄၁၄၂၀**

### ကန့်ကွက်နိုင်ပါကြောင်း ကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ (၅)ရပ်ကွက်၊ ကွင်းအမှတ် (RAV ကွက်ပြင်)၊ ဦးပိုင်အမှတ် (၆၅/ဓ)၊ မြေဧရိယာ(၀.၃၁)ဧကရှိ နှစ်(၃၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကတိကဝတ်ပြုသူထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ပိုင်ရေးပိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများနှင့် တကွ ဤကြော်ငြာပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း နှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| ဦးမျိုးအောင် B.A,P.G.D.L,D.B.L | ဒေါ်ဆုဆုအောင်LL.B |
| W.I.P.O (Switzerland) | အထက်တန်းရှေ့နေ |
| အထက်တန်းရှေ့နေ(စဉ်-၅၄၃၁၉) | (စဉ်-၃၅၂၂၆) |

အမှတ်(၃) (အခန်း(စီ-၆)၊ သိန်းတစ်ရာကွန်ဒို၊ သော်ကလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၈၈၇၄၂၊ ၀၉-၉၆၁၀၃၇၀၅၅

### ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး (အနောက်)၊ ပေါက်ခေါင်းမြို့၊ အထက အိုးဘိုကုန်း Grade-11(C) မှ စောအယ်မူး ၏ ဖခင်အမည်မှန်မှာ ဦးဝင်းရွှေ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ဝါးခယ်မမြို့နယ်၊ ကျုံမငေးမြို့၊ အထက ကျုံမငေးကျောင်း Grade- 11 မှ မောင်ဟိန်းထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးထွန်းကြိုင် ၁၄/ဝခမ(နိုင်) ၂၀၉၈၁၅ ဖြစ်ပါကြောင်း။

**ဦးထွန်းကြိုင်**
**၁၄/ဝခမ(နိုင်) ၂၀၉၈၁၅**

### အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေ ဦးရဲထွန်းဇော် ၁၃/လရန(နိုင်) ၀၀၁၀၇၀ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်တော် ဦးရဲထွန်းဇော် (၁၃/လရန(နိုင်)၀၀၁၀၇၀)နှင့် ဒေါ်ရွှေယမင်းဦး (၁၁/မဥန(နိုင်) ၀၇၁၅၀၇) တို့သည် စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့သဖြင့် (၂၉-၉-၂၀၂၆) ရက်တွင် တာမွေမြို့နယ် တရားသူကြီးရှေ့မှောက် ကွာရှင်းမှတ်ပုံတင်အမှတ် (၅၅/၂၀၂၆)ဖြင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲထွန်းဇော် (၁၃/လရန(နိုင်)၀၀၁၀၇၀)**

### အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ (ဘ) ဦးမောင်ထွန်းဝင်း ၏သမီးဖြစ်သူ ကျွန်မ ဒေါ်ရွှေယမင်းဦး ၁၁/မဥန(နိုင်)၀၇၁၅၀၇ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်ရွှေယမင်းဦး (၁၁/မဥန(နိုင်) ၀၇၁၅၀၇) နှင့် ဦးရဲထွန်းဇော် (၁၃/လရန(နိုင်)၀၀၁၀၇၀) တို့သည် စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့သဖြင့် (၂၉-၉-၂၀၂၆)ရက်တွင် တာမွေမြို့နယ် တရားသူကြီးရှေ့မှောက်ကွာရှင်းမှတ်ပုံတင်အမှတ် (၅၅/၂၀၂၆)ဖြင့် အကြင်လင်မယားအဖြစ်မှ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ရွှေယမင်းဦး (၁၁/မဥန(နိုင်) ၀၇၁၅၀၇)**

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### သဃ်ာန်းကျွန်းခရိုင်တရားရုံးတော်
### ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀၀

| | | |
|---|---|---|
| သစ်တောထွက်ပစ္စည်းဖက်စပ် ကော်ပိုရေးရှင်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်။ (၎င်းကုမ္ပဏီကိုယ်စား- ဦးသန်းနိုင်ဝင်း၊ အထွေထွေမန်နေဂျာ) | နှင့် | ၁။ ယူနိုက်တက်၊ ရွိုင်ရယ်(လ်)၊ ဂျနရေးရှင်းကုမ္ပဏီလီမိတက် (United Royal Generation Co.,Ltd ) ၂။ ဦးရဲကျော်ဌေး ၃။ ဦးအောင်စိုးကျော် |
| တရားလို | | တရားပြိုင်များ |

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ၊ (၁၄/၁) ရပ်ကွက်၊ နှင်းဆီလမ်း ၊ အမှတ် -(ဆ/၄၀) ရပ်နေ (၃) တရားပြိုင် ဦးအောင်စိုးကျော် သိစေရမည်။

သင့်အပေါ်၌ တရားလိုက " တရားလိုကုမ္ပဏီ နှင့် တရားပြိုင် ကုမ္ပဏီတို့ ချုပ်ဆိုခဲ့သော (၃-၃-၂၀၂၅) ရက်စွဲပါစာချုပ်အမှတ် - (၁/၇၀၇/၂၀၂၅)၊ (၄) လဆိုင်း၊ အကျိုးတူပြည်ပပို့ကုန်ထုတ်လုပ်ရေးအတွက် ကျွန်းသစ်လုံး/ ခွဲသားရောင်းချခြင်းနှင့် အာမခံပေးသဘောတူစာချုပ်အရ တရားပြိုင်တို့က ပေးရန်ရှိမပြေ ကျန်ငွေကျပ် - ၄၆၅,၈၃၃,၄၂၆.၃၆ နှင့် သမာဓိအာမခံ (၂၀%) ဖြစ်သည့် မြန်မာကျပ်ငွေ ၁၀၀,၄၁၁,၆၃၆/- ရလိုမှု " လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင် ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့် ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ၊ (၁၆) ရက်( ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ (၅) ရက် ) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက် စာတမ်း များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည် တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးလှိုင်ထွန်း)
ဒုတိယခရိုင်တရားသူကြီး(၃)
သဃ်ာန်းကျွန်းခရိုင်တရားရုံး

### ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့(၁၂)ရပ်ကွက်၊ အကွက်အမှတ်(၅-ဃ)၊ အကွက်အမည်-ဈေးတန်း၊ ဦးပိုင်အမှတ်- (၂၉-ဃ)၊ ဧရိယာ(၀.၁၂၅)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-
(က) အရှေ့လားသော်-ဘုရားလမ်း၊ (ခ) အနောက်လားသော်-ဦးပိုင်(၃၆-က+၃၆-ခ)၊ (ဂ) တောင်လားသော်-ဦးပိုင်(၂၉-င)၊ (ဃ) မြောက်လားသော်-ဦးပိုင်(၂၈)၊

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်အေးသန္တာမှ လျှောက်ထားလာသည့်အတွက်ယင်း၏အမည်ကိုပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်မတိုင်မီဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။ သတ်မှတ်ကာလအတွင်းလာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး၊ တောင်ငူမြို့နယ်မြေစာရင်းဦးစီးဌာန၊ တောင်ငူမြို့**

## တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာန ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချခြင်း

၁။ တောင်ကြီးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးမှ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသော လျှပ်စစ်ပစ္စည်းများအား အောက်ပါအစီအစဉ်အတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချမည်ဖြစ်ပါသဖြင့် အများပြည်သူ(မြန်မာနိုင်ငံသား)များ ဝင်ရောက်ယှဉ်ပြိုင် ဝယ်ယူနိုင်ရန် အသိပေးကြေညာအပ်ပါသည်-

(က) **နေ့ရက်/အချိန်** - ၈-၁၀-၂၀၂၆ ရက်၊ နံနက် (၀၉:၃၀) နာရီ

(ခ) **နေရာ** - မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊တောင်ကြီးမြို့

(ဂ) **ပစ္စည်းအမျိုးအမည်** - လျှပ်စစ်ပစ္စည်းများ

၂။ လေလံပုံစံ (လေလံစည်းကမ်းချက်များနှင့် လေလံပစ္စည်း စာရင်းပူးတွဲလျက်) တစ်စုံလျှင် ကျပ် (၁၀၀၀၀ိ/-) (ကျပ် တစ်သောင်းတိတိ)နှုန်းဖြင့် ၆-၁၀-၂၀၂၆ ရက်မှ ၇-၁၀-၂၀၂၆ ရက်အထိ ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး ပစ္စည်းနမူနာများအား တစ်ပါတည်း ကြည့်ရှုနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက လေလံတင်ရောင်းချရေးအဖွဲ့ တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ ဖုန်းနံပါတ် ၀၈၁-၂၁၂၁၁၅၈ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**လေလံတင်ရောင်းချရေးအဖွဲ့**
**တောင်ကြီးမြို့နယ်အကောက်ခွန်ဦးစီးဌာန**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက် နယ်မြေ ၁၂ နေ (ဘ) ဦးသန်းမောင်၏သား ဦးမောင်နိုင်နှင့် ဦးနိုင် ၅/ကလဝ(နိုင်)၀၀၀၅၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးနိုင်(ခ)ဦးမောင်နိုင်**

## ဖခင်အမည်မှန်

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက(ခွဲ) ရွှေးစုကျောင်း Grade-8 တွင် ပညာသင်ကြားနေသော မနန်းကျင်လာ ၏ ဖခင်အမည်မှန်မှာ ဦးအောင်ဝင်း ၃/ဘအန(နိုင်)၃၈၀၁၆၈ ဖြစ်ပါကြောင်း။ **ဦးအောင်ဝင်း**
**၃/ဘအန(နိုင်)၃၈၀၁၆၈**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့၊ (၁၀) ရပ်ကွက်၊ မြဝတီလမ်း၊ အမှတ်(၂၈၀)၊ ဟုခေါ်သော ဒေါ်ဥမ္မာအမည်ပေါက် (မြေချပါမစ်) အလျား ပေ၄၀ x အနံ ပေ ၆၀အနက်မှအလျား ပေ၂၀ x အနံ ပေ ၆၀ မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ပိုင်ဆိုင်လျက်ရှိသော ဒေါ်ရတနာချစ်(၁၄/မအပ(နိုင်)၂၉၃၇၅၆) မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်မြင့်မြတ် (၇/လပတ(နိုင်)၁၁၁၄၂၆) က အပြီးအပိုင်လက်ရောက် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| လွှဲအပ်ညွှန်ကြားသူ | လွှဲအပ်ညွှန်ကြားချက်အရ- |
|---|---|
| ဒေါ်ခိုင်မြင့်မြတ် | ဦးအာကာဝင့်ဇော် ( L.L.B) |
| ( ၇/လပတ(နိုင်)၁၁၁၄၂၆ ) | တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၆၁၆၉) |
| | (က/၇၇၂ ခေမာသီလမ်းမကြီး၊ |
| | မြောက်ဥက္ကလာပမြို့နယ်၊ |
| | ဖုန်း - ၀၉-၂၅၄၄၄၅၉၉၆ |

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ အောင်ချမ်းသာကျေးရွာ၊ ကွင်း/အကွက်အမှတ်နှင့် အမည် (၆၅၆-က/အောင်ချမ်းသာရွာ)၊ ဦးပိုင်အမှတ် (၂၁/၁၅)၊ မြေဧရိယာ (၁ဒသမ၀၀) ဧကနှင့် ဦးပိုင်အမှတ် (၂၁/၁၄)၊ ဧရိယာ (၁ဒသမ၈၀) ဧက၊ စုစုပေါင်း ဧရိယာ (၂ဒသမ၈၀) ဧက အကျယ်အဝန်းရှိ အရှေ့လားသော်- လမ်း၊ အနောက်လားသော်- ဦးစုပိုင်မြေကွက်၊ တောင်လားသော်- ယခင် ဦးကျော်မြင့်ခိုင် စည်းရိုး၊ မြောက်လားသော်- လမ်း စသည့်လားရာလေးရပ်အတွင်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ RC (၂)ထပ်အိမ်၊ လျှပ်စစ်မီတာ၊ အဝီစိရေတွင်းအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးဝင်းဆွေ (၁၂/သကတ (နိုင်) ၀၃၀၂၆၇) မှ တရားဝင်လက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ လွှဲပြောင်းပိုင်ခွင့်၊ စီမံပိုင်ခွင့် အာဏာရှိကြောင်း ဝန်ခံပြောဆိုသဖြင့် အဆိုပါမြေကွက် အားကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နုနုဝေ (၅/မရန (နိုင်) ၂၄၂၄၀၅) ကိုင်ဆောင်သူမှ ဝယ်ယူရန် သဘောတူပြီး အဆိုပါမြေကွက်၏ ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ယခုကြေညာပါသည့်ရက်မှ (၁၀) ရက်အတွင်း ကန့်ကွက်လိုက ကျွန်ုပ်ထံသို့ ဖြစ်စေ၊ ကျွန်ုပ်မိတ်ဆွေထံသို့ဖြစ်စေ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်ဖြူနှင်းသန့် (LL.B)** | **ဒေါ်ခိုင်သူဇာကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၅၀)** |
| **ရပ်ကွက်ကြီး (၁၇)၊ ပြင်ဦးလွင်မြို့၊** | **ရပ်ကွက်ကြီး (၅)၊ ပြင်ဦးလွင်မြို့။** |
| **ဖုန်း-၀၉-၇၉၆၄၆၅၀၁၂** | **ဖုန်း-၀၉-၉၅၉၈၆၅၄၃၄** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂/မြောက်)၊ လူနေရပ်ကွက်အမှတ်-(၂/မြောက်)၊ တိုးချဲ့(၂)လမ်း၊ မြေကွက်အမှတ်(၁၂၃၁/ခ)၊ (အလျားပေ ၂၀ x ပေ ၆၀) အကျယ်အဝန်းရှိသည့်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ညွန့်ဝေ (၁၂/သကတ(နိုင်)၁၀၀၀၈၀ အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀) မြေငှားဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်ညွန့်ဝေနှင့် ဒေါ်ခင်ခင်ကြူ (၁၂/သကတ(နိုင်) ၀၂၀၇၈၈)တို့နှစ်ဦးမှ ပူးတွဲမြေရှင်အဖြစ်ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါသည်။ ဒေါ်ညွန့်ဝေ ကွယ်လွန်သွားသည့်အတွက် အမွေဆက်ခံပိုင်ဆိုင်သူ ခင်ပွန်း ဦးဟန်တင် (၁၂/သကတ(နိုင်)၁၀၀၀၄၂)မှ ဒေါ်ညွန့်ဝေပိုင်ဆိုင်သည့် မြေကွက်၏ထက်ဝက်အစုနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့်(၁)ခန်းတွဲ (၆)ထပ်တိုက်၊ တိုက်အမှတ်(၁၂၃၁/ခ)၏ (ဒုတိယထပ်)၊ (၁၈ပေ x ၅၄ပေ) အကျယ်အဝန်းရှိတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဇော်မိုး (၁၂/သကတ(နိုင်)၀၂၀၅၂၄)က (၂၄-၉-၂၀၂၆) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းနှင့်တကွ နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အပြီးအပိုင်လွှဲပြောင်းရောင်းချခြင်း အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးဖြစ်ပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ဒေါ်ညွန့်ဝေပိုင်ဆိုင်သည့်မြေကွက်၏ထက်ဝက်အစုနှင့် ယင်းမြေကွက်ပေါ်ရှိ(ဒုတိယထပ်) တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်များအား ဦးသန်းဇော်မိုးတစ်ဦးတည်းကသာ ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး ဦးသန်းဇော်မိုး မှလွဲ၍ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်မရှိပါကြောင်းနှင့် အလုံးစုံစီမံခန့်ခွဲခွင့်ရှိသူမှာ ဦးသန်းဇော်မိုး ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**
**ဒေါ်နန်းမိုခမ်းအောင်(စဉ်-၁၀၂၇၃) တရားလွှတ်တော်ရှေ့နေ**
**အမှတ်၆၀(ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့၊ ဖုန်း- ၀၉-၂၅၄၄၈၂၆၈၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မုဒုံမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၅

| | | |
|---|---|---|
| မောင်အောင်သက်ဦး | နှင့် | မိစိုက်ရော့ |
| **(တရားလို)** | | **(တရားပြိုင်)** |

ကရင်ပြည်နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ပေါလောကုန်းကျေးရွာ အရှေ့ပိုင်း၊ လမ်းမတန်းနေ တရားပြိုင် မိစိုက်ရော့(ဘ)ဦးချစ်သိန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မုဒုံမြို့၊ မြို့မ(၂)ရပ်ကွက်၊ အဲမွန်ဒယာရပ်၊ အဲမွန်ဒယာ(၂) လမ်းနေ ဦးအောင်စိန်၏သား တရားလို မောင်အောင်သက်ဦးက "လင်မယားကွာရှင်းပေးစေလိုမှု"နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်လိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သိလ္လာထူးစံ)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မုဒုံမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၁၀၄၀၊ မြေကွက်တည်နေရာအမှတ်(၁၀၄၀)၊ မိုးမခလမ်း၊ (၈၅)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်မောင်သန်း (CE-၁၀၃၇၆၃)အမည်ပေါက် ပါမစ်မြေအား ပါမစ် အမည်ပေါက် ဦးတင်မောင်သန်း (CE-၁၀၃၇၆၃) ၁၂/ဗဟန(နိုင်) ၀၀၈၈၄၃(ခင်ပွန်း) သည် (၂၂-၄-၂၀၂၀)ရက်တွင် ကွယ်လွန်သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်တင်တင်ဝင်း ၁၂/ဗဟန(နိုင်)၀၀၈၈၃၀ မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်းနှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် ၁၃၆၅/၂၀၂၄(၂၁-၂-၂၀၂၄)၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်းနှင့် မှတ်ပုံတင်စာရင်းရေးသွင်းထားခြင်း မရှိသော မြေချပါမစ်မူရင်းတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ကျောက်တိုင်၊ ဆူးကြိုးခြံစည်းရိုးကာရံထားပြီး လျှောက်ထားသူ၏ သမီးဖြစ်သူ ဒေါ်နှင်းဝတီသန်း မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးထားပြီး သမီးတော်စပ်ကြောင်း ဓာတ်ပုံမှတ်တမ်းတင်ပြထားပါသဖြင့် ဒေါ်တင်တင်ဝင်းမှ ပါမစ်မူရင်းတင်ပြ၍ နှစ် (၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂) ရပ်ကွက်၊ ငွေပြည်သာ (၂) လမ်း၊ အမှတ် - (၁၂၁၁) အကျယ်အဝန်း (အလျား ပေ ၄၀ x အနံ ပေ ၆၀ ) ရှိ အိမ်မြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးလေးမြင့်သော် (၉/မခန (နိုင်) ၁၉၄၆၉၃) ထံမှ ကျွန်ုပ်မိတ်ဆွေ ဦးကျော်မျိုးဝင်း (၁၂/လသန (နိုင်) ၀၂၁၄၄၅) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ ဤအိမ်နှင့်မြေ အရောင်းအဝယ်အပေါ် ကန့်ကွက်လိုပါက အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသက်နိုင်ဝင်း (LL . B) အထက်တန်းရှေ့နေ (စဉ် - ၃၇၁၄၀)**
**အမှတ် (၇၀၅)၊ မာန်ပြေ(၁) လမ်းအရှေ့၊ ၂/တောင်ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဖုန်း-၀၉-၂၅၃၈၉၇၁၇၅**

## အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

(ဘ) ဦးအေးသွယ်၏သား ဦးအောင်မြတ်မင်း(၁၂/လမန(နိုင်) ၁၄၉၁၃၅) နှင့် (ဘ) ဦးစိုးသိန်း၏သမီး ဒေါ်စုလဲ့မွန်(၁၂/လသယ(နိုင်)၀၇၄၉၈၇)တို့သည် ဗုဒ္ဓဘာသာကိုးကွယ်ကြသူများဖြစ်ကြပြီး (၁၅.၃.၂၀၂၆) ရက်နေ့တွင် အသိသက်သေများရှေ့မှောက်၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နှစ်ဦးသဘောတူကွာရှင်းပြီးသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦးအိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး ကိုယ်ရေးကိုယ်တာ ကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်းအလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးအောင်မြတ်မင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိဖြူနှင်း (LL.B. D.B.L,D.I.P.L) အထက်တန်းရှေ့နေ (စဉ်-၅၄၅၇၈)**
**ဖုန်း-၀၉ - ၄၂၀ ၀၄၇ ၅၅၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်မင်္ဂလာရပ်ကွက်၊ အကွက်အမှတ်(၅+၆+၇ တိုးချဲ့)၊ ဦးပိုင်အမှတ်(၇၁)၊ ဧရိယာ (၀.၂၈၈)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ်၂၆၉-၅/၂၀၂၂-၂၀၂၃၊ ဦးငွါးတား ၁၃/ကခန(နိုင်)၁၁၂၆၂၁ အမည်ပေါက်ပိုင်ဆိုင်သော မြေကွက်အား ဦးငွါးတား၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးကျော်ထွေး ၁၃/တမည(နိုင်)၀၁၀၈၀၅ မှ စာချုပ်အမှတ် (၅၈၁/၂၀၂၆)ဖြင့် ဦးရှီလင့်ထုံ ၁၃/တမည(နိုင်)၀၀၃၄၇၂သို့ ရောင်းချပေးပြီးဖြစ်၍ ဦးရှီလင့်ထုံ အမည်ဖြင့် အမည်ပြောင်းလျှောက်ထားလာရာ လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဦးရှီလင့်ထုံ အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကြေညာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကြီးကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
## ကြံခင်းမြို့နယ်တရားရုံးတော်
## ၂၀၂၆ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၀

| | | |
|---|---|---|
| ဒေါ်လဲ့လဲ့နိုင် | နှင့် | ဦးဇော်မင်းဌေး |
| **(တရားလို)** | | **(တရားပြိုင်)** |

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တောင်ပေါ်ကျောင်းတိုက်၊ ဗဟန်း (၁) လမ်း၊ မြို့မရပ်ကွက်နေ တရားပြိုင် ဦးဇော်မင်းဌေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက လင်မယားကွာရှင်းပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ(၈)ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆုတ် ၁၂ ရက်)မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။၎င်းအပြင် တရားလိုကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီ လေး ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်အောင်လှိုင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**ကြံခင်းမြို့နယ်တရားရုံး**

## မိခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ အထက(ကျောက်ချက်) ကျောင်း Grade-12(B) တွင် ပညာသင်ကြားနေသော မောင်ထိန်လင်းအောင်၏ မိခင် ဒေါ်မာတင်၏ အမည်မှန်မှာ ဒေါ်အမာတင် ၉/ပမန(နိုင်)၁၀၂၈၁၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5H/8814, Daihatsu Hijet S200P, Pick Up (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဟန်လင်းအောင် ၅/ကဘလ(နိုင်)၁၆၀၉၇၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၂၆/မြယမုံ)၊ မြေကွက်အမှတ် (၆၆)၊ မြယမုံစမ်းရိပ်မြိုင်အိမ်ရာ၊ အလျား (၁၉၆) ပေ x အနံ(၁၂၀' ၊ ၁၀၃') ပေခန့် (၁၀၈၉၁) စတုရန်းပေ၊ (၀.၂၅)ဧကအကျယ်အဝန်းရှိ ဦးကျော်မင်းထွန်း အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိနေအိမ်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ သီးပင်စားပင်အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ထားသူ ဦးကျော်မင်းထွန်း (၁၂/ဗဟန(နိုင်) ၀၂၄၅၂၄) မှ မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိန်းစန်း (၁၂/ဥကတ(နိုင်) ၁၁၂၆၇၁)မှ ဝယ်ယူရန်အတွက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်များအရ**

**ဒေါ်စိုးသီတာအေး LL.B,WIPO (Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၉၇၄၅)**
**အမှတ်(၉)၊ စက်မှုလယ်ယာ(၁)လမ်း၊(၁၃)ရပ်ကွက်၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၄၆၇၇၇၁၆**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၂/တောင်)ရပ်ကွက်၊ ဇောတရုံလမ်း၊ အမှတ်(၆၇၁)၊ အခန်းအမှတ်(စတုတ္ထထပ်)၊ (၅-လွှာ/ခြေရင်းခန်း/လက်ဝဲဘက်ခြမ်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အားလက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးခင်မောင်ကျော် (၁၂/လသန(ပြု)၀၀၁၁၁၃)မှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးဖြိုးမင်းပိုင် (၁၂/ဒဂဆ(နိုင်) ၀၂၁၉၄၁)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်းကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်စုစုခိုင် (LL.B) (စဉ်-၁၁၅၅၃) ဒေါ်ခင်စောသိန်း(LL.B) (စဉ်-၁၃၂၈၆) ဒေါ်သိမ့်သဥ္ဇလီ(LL.B,LL.M)(စဉ်-၅၆၈၈၇)**
**တရားလွှတ်တော်ရှေ့နေများ အထက်တန်းရှေ့နေ**
**တိုက်(၁၀/၁၂)။ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၄၃၀၂၆၁၃၉၉၊ ၀၉-၇၃၀၂၆၁၃၉၉**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1294 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(သထုံ)**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာချို (ဘ) ဦးသန်း ၇/ပခန(နိုင်) ၃၀၁၇၂၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ခင်မာချိုနှင့် ဦးစိုးမိုးအောင် (ဘ) ဦးတင်အောင် ၁၂/မဂဒ(နိုင်)၁၅၇၆၃၇ တို့သည် ၂၀၁၄ ခုနှစ်မှစတင်ပြီး အကြင်လင်မယားအဖြစ် လက်ထပ်ပေါင်းသင်းခဲ့ကြရာ သမီးဖြစ်သူ မစုမြတ်မွန်အား မွေးဖွားခဲ့ပါသည်။ ယခုအချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိသည့်အပြင် ရှေ့ဆက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ( ၂၇ - ၉ - ၂၀၂၆ )ရက်တွင် အသိသက်သေများရှေ့မှောက်၌ "နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခြင်းကတိစာချုပ်" ကိုချုပ်ဆို၍ အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သမီးဖြစ်သူ၏ကိစ္စရပ်အဝဝအား ဖခင်ဖြစ်သူ တစ်ယောက်တည်းကသာ စီမံအုပ်ချုပ်၍ အုပ်ထိန်းပါမည်။

ထိုသို့တရားဝင်ကွာရှင်းပြတ်စဲသည့် အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်းမရှိတော့ဘဲ တစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စရပ်များအပေါ် ဝင်ရောက်နှောင့်ယှက်ခြင်း၊ ကိုယ်၊ စိတ်၊ ဂုဏ်သရေ အမည်တို့အပေါ် ပတ်ဝန်းကျင်အသိုင်းအဝိုင်း နယ်ပယ်အသီးသီးမှ လွဲမှားသောအမြင်များဖြစ်ပေါ်စေရန် ဖန်တီးဆောင်ရွက်ခြင်းများ မပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး ပြုလုပ်ခြင်းခံရသူ၌ ကိုယ်ကျိုးစီးပွား၊ အမည်၊ ဂုဏ်သိက္ခာထိခိုက်ညှိုးနွမ်းမှုများ ဖြစ်ပေါ်စေပါက တည်ဆဲဥပဒေများနှင့်အညီ တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
|---|---|
| **ဒေါ်ခင်မာချို (ဘ) ဦးသန်း** | **ဒေါ်ဝင်းကြည်စိုး (L L.B)** |
| **၇/ ပခန (နိုင်) ၃၀၁၇၂၇** | **အထက်တန်းရှေ့နေ(စဉ်-၁၉၉၁၇)** |
| | **အမှတ်(၁၁၃)၊ (၃၆)လမ်း၊** |
| | **ကျောက်တံတားမြို့နယ်၊ Ph-09-256262305** |

## မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ဆေးရိုးခင်ကျေးရွာ (အထက) Grade-9 မှ နော်လောအယ် Grade-7 မှ စောပြည့်စုံတို့၏ မိခင်အမည်မှန်မှာ နော်အဲ့အဲ့ဝါး (၇/ကတခ(နိုင်)၀၈၁၅၈၆) ဖြစ်ပါသည်။

**နော်အဲ့အဲ့ဝါး**

## ဖခင်အမည်မှန်

သပိတ်ကျင်းမြို့နယ်၊ အလက (၇ မိုင်အောင် ချမ်းသာကျေးရွာ) G-9 အတန်းတွင် ပညာသင်ကြားနေသော မအေးမြတ်သူ ၏ ဖခင်အမည်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်း (၅/ရတန(နိုင်)၁၈၈၆၈၈) ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 86W/44094, P&C 150 ယာဉ်လက်ဝယ်ရှိသူ Kamax Group Myanmar Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်) မြေကွက်အမှတ် S-၃၆ မြေဧရိယာ ၀.၀၈၂ ဧကရှိ ဒေါ်သီရိထင်ကျော် (ဘ) ဦးထင်ကျော် ၁၂/မဂတ(နိုင်)၀၈၄၅၀၄ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါ်သီရိထင်ကျော်၊ ဒေါ်ဝင်းသန္တာ (ဘ)ဦးကျော်ဝင်း ၁၂/ကမရ(နိုင်)၀၆၀၁၇၈ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် (၁၄)၊ အခန်းအမှတ်(၀၀၃) ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်တင်၊ TGO-၁၂၅၃၄၈ နှင့် ဦးသက်ဦး ၊ TGO-၁၁၃၂၇၆၆တို့ ထံမှတစ်ဆင့် ပြန်လည်ဝယ်ယူထားသူ ဒေါ်ထွန်းထွန်း ၁၂/ပဇတ(ဧည့်)၀၀၀၃၂၄က အဆိုပါ အခန်းအား သားဖြစ်သူ ဦးမြင့်အေးအောင် ၁၂/ပဇတ(နိုင်)၀၃၀၈၀၀ ထံသို့ မေတ္တာဖြင့် အပိုင်ပေးကမ်းခဲ့ပြီးဖြစ်ရာ ယခုအခါ ဦးမြင့်အေးအောင်မှ ဦးအောင်တင်၊ ဦးသက်ဦး အမည်ဖြင့် ဌာနမှ ထုတ်ပေးထားသော အိမ်ပေါ်တက်ရောက်နေထိုင်ခွင့် အကြောင်းကြားစာမိတ္တူ ပျောက်ဆုံးကြောင်း အထောက်အထားများတင်ပြ၍ ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် ဌာနသို့ လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀၄)၊ မင်းရဲကောင်းပုံလမ်း၊ မြေကွက်အမှတ် (၁၁၆၃) ရှိ အကျယ်အဝန်း (၄၀ x ၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော အမှတ် (၁၁၆၂) နှင့် ကပ်လျက်အခြမ်း အကျယ်အဝန်း (၂၀ x ၆၀)ပေ၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ ဦးမောင်မောင် (၁၂/ပဘတ(နိုင်)၀၀၆၇၂၆) အမည်ပေါက် ပါမစ်မြေ အမျိုးအစား မြေကွက်နှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးပြော်ဘူလာ (၁၁/မဥန(နိုင်)၀၅၁၈၃၇)ထံမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေ ဦးဘုန်းပြည့်အောင် (၁၂/ဒဂတ(နိုင်)၀၆၅၃၆၂) က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုအထောက်အထားများ ကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးဘုန်းပြည့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း- ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ က (၂) လမ်း၊ အိမ်(၆၁) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲတိုက်ခန်း (၅)ထပ်တိုက် အဆောက်အအုံ၏ တတိယထပ် (ခြေရင်းခြမ်း) တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး ရောင်းချပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးထက်ဝေယံ (၁၂/အစန(နိုင်)၂၁၄၁၅၁) ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးထက်မွန်ထူး (၅/ကဟန(နိုင်)၀၉၄၁၀၂) ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ထိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်မွန်ထူး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိသန္တာအောင် (LL.B, D.IPL)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၂၀၃)**
**အမှတ်- ၂၅၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၅၁၅၂၅၈၈၁**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ -၂၀)
## ရွှေပြည်သာမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၆၆

| | | |
|---|---|---|
| ဦးသောင်းမြင့် | နှင့် | ဦးညီတင် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၅/၁)ရပ်ကွက်၊ သီရိမင်္ဂလာပတ်လမ်း၊ အမှတ် (၄) နေ ဦးညီတင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဦးသောင်းမြင့်က "ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်မှတ်ပုံတင်ပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ၊ ၁၃ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်) မွန်းမတည့်မီ (၁၀) နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄) ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စုမြတ်သန္တာထွန်း)
တွံ့ဖက်မြို့နယ်တရားသူကြီး (၁)
ရွှေပြည်သာမြို့နယ်တရားရုံး

## မြန်မာနိုင်ငံကြက်ခြေနီအသင်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အသင်း၏ရုံးလုပ်ငန်းများတွင် အဆင်ပြေချောမွေ့စေရန်ရည်ရွယ်လျက် တစ်ကိုယ်ရည်သန့်ရှင်းရေးမြှင့်တင်ခြင်းသုံး ပစ္စည်းများအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၂။ | **တင်ဒါပုံစံများ စတင်ထုတ်ယူရမည့် ရက်နှင့် အချိန်** | - | ၁-၁၀-၂၀၂၆ ရက် (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများနောက်ဆုံး ထုတ်ယူရမည့် ရက်နှင့် အချိန်** | - | ၉-၁၀-၂၀၂၆ ရက် (ရုံးချိန်အတွင်း) |
| | **တင်ဒါပုံစံများနောက်ဆုံးတင်သွင်း ရမည့် ရက်နှင့် အချိန်** | - | ၁၄-၁၀-၂၀၂၆ ရက် (ရုံးချိန်အတွင်း) |

၃။ **တင်ဒါပုံစံများ ထုတ်ယူရမည့်နေရာ**

(က) - မြန်မာနိုင်ငံကြက်ခြေနီအသင်း (ရန်ကုန်ရုံးခွဲ)
အမှတ်(၄၂) ၊ စတုတ္ထအထပ်၊
ကမ်းနားလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။
ဆက်သွယ်ရမည့်ဖုန်း-၀၁၃၉၂၀၂၈ ~ ၃၀

( ခ ) - မြန်မာနိုင်ငံကြက်ခြေနီအသင်း (နေပြည်တော်)
ရာဇသင်္ဂဟလမ်း၊ ဒက္ခိဏသီရိမြို့နယ်၊
နေပြည်တော်
ဆက်သွယ်ရမည့်ဖုန်း-၀၉ ၇၆၅၉၉၄၄၅၀

၄။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်လုပ်ငန်းအသေးစိတ် အချက်အလက်များအား သိရှိလိုပါက အထက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ဝယ်ယူရေးနှင့်ထုခွဲရောင်းချရေးကော်မတီ
မြန်မာနိုင်ငံကြက်ခြေနီအသင်း

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ် (၀၁၈ / ၂၀၁၇) ပြန်လည်အပ်နှံရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးအောင်ထွန်းလင်း (ခ) ဦးအောင်စိုးလင်း (၁၂/လမန(နိုင်)၀၀၁၇၈၂) အမည်ပေါက်ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ဗန်းစက်မှုဇုန်၊ ယောအတွင်းဝန် ဦးဖိုးလှိုင်လမ်း၊ မြေကွက်အမှတ်- ၄၈၆/၄၈၇၊ မြေတိုင်းရပ်ကွက်အမှတ်-၂၅၊ ဧရိယာ (၃.၃၀၀) ဧကရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အအုံကို Erdos (Myanmar) Knitwear Co.,Ltd မှ ငှားရမ်း၍ CMP စနစ်ဖြင့် သိုးမွှေးအထည်ချုပ်လုပ်ငန်းအား ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) ၏ ခွင့်ပြုချက်ဖြင့် တရားဝင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ အဆိုပါကုမ္ပဏီမှ လုပ်ငန်းလုပ်ကိုင်ခြင်းကို နှစ်ဖက်သဘောတူ ရပ်စဲခဲ့ပြီးနောက် Erdos (Myanmar) Knitwear Co.,Ltd နှင့် ကျွန်ုပ်တို့၏မိတ်ဆွေကြားချုပ်ဆိုခဲ့သော အငှားစာချုပ်ကို ပယ်ဖျက်ရန် အင်းစိန်ခရိုင်တရားရုံး၌ တရားမကြီးမှုအမှတ်-၁၇၀/၂၀၂၆ ဖြင့် တရားစွဲဆိုထားပြီးဖြစ်ပါသည်။ ထို့အပြင် ကျွန်ုပ်တို့၏မိတ်ဆွေပိုင် အထက်ဖော်ပြပါမြေကွက်လိပ်စာဖြင့် Erdos (Myanmar) Knitwear Co,Ltdမှ လျှောက်ထားရယူအသုံးပြုခဲ့သော မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီ (YRIC) ၏ အတည်ပြုမိန့်အမှတ် (၀၁၈/၂၀၁၇) အား ပြန်လည်အပ်နှံရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသည့်အထောက်အထားစာရွက်စာတမ်းဖြင့် သက်ဆိုင်ရာဌာနသို့ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုလှိုင် (LL.B)** | **ဒေါ်တင်လဲ့လဲ့ဝင်း (LL.B)** | **ဦးဇေယျာမွေးတင့် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ် - ၇၉၅၄)** | **(စဉ် - ၁၂၀၄၅)** | **(စဉ် - ၁၂၁၂၀)** |

**ရှေ့နေများအသင်းရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## သက်ဆိုင်သူများနှင့် အများသိစေရန်ကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေနှင်းခိုင် (၁၄/ဝခမ(နိုင်)၁၉၇၆၆၆) သည် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့် (၉) လမ်း၊ အမှတ် (၃၈၉) ၊(၅)လွှာဘီ ၊ အကျယ်အဝန်း ပေ (၁၁ x ၄၅) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား (၂၃-၈-၂၀၁၉) ခုနှစ်ကတည်းက ယခုအချိန်အထိ ရောင်းချသူ ဒေါ်ကေရီခိုင်ထံမှ ဝယ်ယူပိုင်ဆိုင်နေထိုင်လျှက်ရှိပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မေနှင်းခိုင် တစ်ဦးတည်း၏ ငွေကြေးဖြင့် ဝယ်ယူထားခြင်းဖြစ်ပါသည်။ ယခုအခါတွင် ကျွန်ုပ်မိတ်ဆွေ၏ မိခင်ဖြစ်သူ ဒေါ်နီလာမြင့် (ခ)ဒေါ်မေဦး(၁၄/ဝခမ(နိုင်) ၁၄၁၉၅၁) သည် ကျွန်ုပ်၏မိတ်ဆွေမသိရှိဘဲ အကြွေးများစွာတင်ရှိနေကြောင်း ကြားသိရပါသည်။ လက်ရှိတွင်လည်း အတူနေထိုင်ခြင်းမရှိပါ။ ၎င်းအကြွေးများသည်လည်း ကျွန်ုပ်၏မိတ်ဆွေနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ သို့ဖြစ်ပါ၍ အဆိုပါကြွေးမြီများအား ကျွန်ုပ်မိတ်ဆွေအနေဖြင့် တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ယနေ့မှစ၍ သက်ဆိုင်သူများနှင့် အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်မေနှင်းခိုင် (၁၄/ဝခမ(နိုင်)၁၉၇၆၆၆) ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင် LL.B,D.I.L,D.B.L**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၀၈၇/၂၀၁၇**
**အမှတ် (၃၄၃)၊ ရွှေပဒေသာလမ်း၊ (၂၆) ရပ်ကွက်၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ Ph-09-420117039, 09-752566129**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၅၀)၊ မြေကွက်အမှတ်(၁၅၃၈)၊ ဧရိယာ(၄၀ ပေ x ၆၀ ပေ)ရှိဒေါ်ဝင်းဝင်းမြွေး (V-RGN-၀၀၁၁၃၇) အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူ၍ လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်ရန်ကျိုးစီး(ခ) မေနန္ဒာအောင် (၁၃/လရန(နိုင်)၁၈၉၇၄၀)ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးစိုင်းကျော်နိုင် (၁၃/ကခန(နိုင်)၁၁၂၆၉၈) က အရောင်းအဝယ် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါရှိသည့်ရက်မှ (၇) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၇) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ် ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၈၁၉)** |

**အမှတ်(၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း (၂၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ကျင်းပပြုလုပ်မည့်နေ့ရက် ပြောင်းလဲကြောင်း အသိပေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ (၂၃) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို (၁၇-၁၀-၂၀၂၆) ရက်၊ မွန်းလွဲ (၂:၀၀) နာရီ အစား (၁၄-၁၀-၂၀၂၆) ရက်၊ မွန်းလွဲ (၂:၀၀)နာရီသို့ ပြောင်းလဲကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

သို့ပါ၍ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်၊ မွန်းလွဲ (၂:၀၀) နာရီ UMFCCI မင်္ဂလာခန်းမတွင် ကျင်းပပြုလုပ်မည့် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးသို့ အသင်းဝင်များအားလုံးမှ ဖိတ်စာရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ချီးမြှင့်နိုင်ပါရန် လေးစားစွာ ပြန်လည်အသိပေး ဖိတ်ကြားအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ရွှေဘိုမြို့ ၊ TWS ကိုယ်ပိုင်အထက်တန်းကျောင်းမှ Grade-12 အောင်သူ မောင်ချစ်မင်းခန့်၏ ဖခင် ဦးမာမက်ဆီရစ် နှင့် ဦးစအစ် ၁၂/စခန (နိုင်) ၀၄၇၂၅၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမာမက်ဆီရစ် (ခ) ဦးစအစ်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ) ဦးအေးမြင့်၏ သမီး မအေးသဇင်ထွေး ၁၂/ရပသ(နိုင်) ၁၃၈၃၈၁ ပတ်စ်ပို့ (MG-737189) မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 78W/67144 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 7H/9408 ၏ ဖောင်းကြွနံပါတ်ပြား (၁) ချပ် ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရွှေသာကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9E/2537 Honda Odyssey RB1 S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးအောင် ၉/မရမ(နိုင်)၀၈၃၃၈၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၅)၊ နတ်မောက်လမ်းမကြီး၊ မြေကွက်အမှတ် (၅၉၃/ခ)၊ ဧရိယာ (၂၀ပေx ၆၀ပေ)ရှိ ဦးသောင်းညွန့် (၁၄/ပသရ(နိုင်)၀၇၄၉၂၀) အမည်ပေါက်လျက်ရှိသော နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်၌ ဆောက်လုပ်ထားသော ရေမီးအစုံ (၁) ထပ်တိုက်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိထားပိုင်ဆိုင်လျက်ရှိသော ရောင်းချသူ ဒေါ်နှင်းယုလှိုင် (၁၂/အစန(နိုင်)၁၈၇၇၅၇) ထံမှ အပြီးအပိုင်ဝယ်ယူရန် အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သဇင်ခိုင် (၁၂/ဒဂမ(နိုင်)၀၄၃၈၇၇)က အရောင်းအဝယ်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါသောကြောင့် အထက်ပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါရှိသည့်ရက်မှ (၁၄) ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ (၁၄) ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည့်တိုင်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသက်ပိုင်ကို (LL.B)** | **ဦးမင်းခန့်ကျော် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၆၂)** | **အထက်တန်းရှေ့နေ (စဉ်-၅၅၈၁၉)** |

**အမှတ် (၃၁၀)၊ စိန်ပန်းမြိုင်လမ်း၊ ၁၇ ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၆၀၈၅၉၄၊ ၀၉-၄၀၄၀၈၀၄၃၉**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀)၊ အသဃက (၂၂) လမ်း၊ မြေကွက်အမှတ် (၃၁)၊ နှစ်ခန်းတွဲ (၆) ထပ်တိုက်ရှိ အခန်းအမှတ် - ပထမထပ်- B (၂)လွှာ၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၇x၅၄)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်၍ လက်ရောက်ရရှိထားလျက် ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်တင်တင်မိုး (၁၂/ရကန(နိုင်)၀၅၅၆၇၀) ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေက ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှု အထောက်အထားများကိုင်ဆောင်၍ ကျွန်ုပ်ထံသို့ (၁၀) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂျူလိုင်မိုး (LL.B, D.B.L, D.I.L, WIPO Switzerland)**
**အထက်တန်းရှေ့နေ (စဉ် ၅၂၀၇၃)**
**ဖုန်း- ၀၉-၄၅၆၁၃၃၄၄၆၊ ၀၉-၇၇၅၀၀၈၃၆၅**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ အောင်မေတ္တာရပ်ကွက်၊ အကွက်အမှတ်(၂၁/စံကောင်းရပ်)၊ ဦးပိုင်(၅၀)၊ ဧရိယာ(၀.၂၂၁)ဧက၊ မြေငှားဂရန်အမှုတွဲအမှတ် ၇၉၀-၅/၂၀၀၆-၂၀၀၇ (အေ)ဖြင့် ဒေါ်ခွန်တောင် ၁၃/လရန(နိုင်)၀၁၂၉၈၂ အမည်ပေါက် မြေကွက်အား ဒေါ်ခွန်တောင်၏ အထူးကိုယ်စားလှယ်ရရှိသူ ဦးကျန်ယောင်း ၁၃/လရန(နိုင်) ၀၀၄၀၂၃ မှ စာချုပ်အမှတ်(၁၂၅၊/၂၀၂၆)ဖြင့် ဒေါ်အေးမွေး၁၃/လရန(နိုင်)၁၀၅၉၉၄ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဒေါ်အေးမွေးအမည်ဖြင့် အမည်ပြောင်းထပ်မံအသစ် မြေငှားဂရန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိက ရက်ပေါင်း (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်အေးမွေး အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းထပ်မံအသစ်လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

လားရှိုးမြို့၊ လားရှိုးကြီးရပ်ကွက်၊ နယ်မြေ (၁၇)၊ အကွက်အမှတ် (၄၄/မန်ဆူဘုရားကုန်း)၊ ဦးပိုင်အမှတ်(၁၄၁)၊ မြေဧရိယာ(၀.၁၈၀)ဧက၊ ဂရန်အမှုတွဲအမှတ်၊ ၂၇၅-၅/၂၀၂၅-၂၀၂၆၊ ဒေါ်ကျောက်ရှန်ရင်း ၁၃/လရန(နိုင်)၀၆၀၃၄၄ အမည်ပေါက် မြေကွက်အား ဒေါ်ကျောက်ရှန်ရင်းမှ စာချုပ်အမှတ် (၂၆၁ ၊/၂၀၂၆) ဖြင့် ဒေါ်ယုယုလွင် ၁၃/လရန(နိုင်)၁၇၄၀၅၉ သို့ ရောင်းချခဲ့ပြီးဖြစ်သဖြင့် ဒေါ်ယုယုလွင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်း လျှောက်ထားလာပါသဖြင့် လျှောက်ထားမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုတစ်စုံတစ်ရာရှိသူ၊ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ (၂၁) ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ဤရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်တင်ပြသူမရှိပါက ဒေါ်ယုယုလွင် အမည်ဖြင့် မြေငှားဂရန်အမည်ပြောင်းလျှောက်ထားလာမှုအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ဖခင်အမည်မှန်

မကွေးမြို့၊ အနောက်ကြယ်ပွင့်လေးများ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 မှ မောင်ဖွဲ့လင်းထက်၏ ဖခင် ဦးမင်းဇော်၏ အမည်မှန်မှာ ဦးမင်းဇော်ဦး ၈/သရန(နိုင်)၀၆၉၃၅၄ ဖြစ်ပါကြောင်း။

**ဦးမင်းဇော်ဦး**

## ဖောင်းကြွနံပါတ်ပြားပျောက်ဆုံးခြင်း

ယာဉ်အမှတ် 4S/6783 ၏ ဖောင်းကြွနံပါတ်ပြား(၁)ချပ်ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ရွာသာကြီး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7H/5938 Toyota Hiace KDH 200 Mini Bus (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းငွေ ၁၂/သဃက(နိုင်) ၁၅၈၂၇၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5E/5560 Toyota Townace Cm 70 Pick Up (4x2) R ယာဉ်လက်ဝယ်ရှိသူ ဒေါ်တေဇာဟိန်း ၁၂/စခန(နိုင်)၀၆၃၂၇၅ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက်(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/84699 Kenbo Dream 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးထွန်း၇/ပမန(နိုင်)၁၂၀၆၇၂ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ပြည်) ပြည်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/3760 New Zhineng -110 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co;ltd က (ကမ-၃) ပျောက်မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး (မင်းဘူး)**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေ အမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## မင်းဘူးမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှု အမှတ် - ၂၉

ဦးနိုင်လင်းထွန်း နှင့် ၁။ ဒေါ်တင်တင်လှ
၂။ ဦးအုန်းအုန်း
(တရားလို) (တရားပြိုင်များ)

မင်းဘူး(စကု)မြို့နယ်၊ တောင်မန်းကျေးရွာနေ နေထိုင်သူ (၁) တရားပြိုင် ဒေါ်တင်တင်လှ (ဘ)ဦးအုန်းအုန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေ (၂၂၀၀၀၀၀၀ိ/-)(ကျပ်သိန်းနှစ်ရာနှစ်ဆယ်တိတိ) ပြန်ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကား အရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ် လဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီ တွင် အထက်ပါ အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်ကို သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးသက်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မင်းဘူးမြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန် ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ - ၂၀ )
## မင်းဘူးမြို့နယ်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၄၁

ဦးချစ်ချစ် နှင့် ၁။ ဒေါ်မင်းသူဇာ
၂။ ဒေါ်မေသူ
၃။ ဦးချမ်းသာ
၄။ ဒေါ်ဇာကြည်ထက်
(တရားလို) (တရားပြိုင်များ)

မင်းဘူးမြို့၊ အမှတ်(၂)ရပ်ကွက်၊ကျောက်တံခါးရပ်နေ(၄)တရားပြိုင် ဒေါ်ဇာကြည်ထက် (ဘ)ဦးမင်းမင်း (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက် ( ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၉ ရက်) နေ့မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ပါ အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်ကို သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မျိုးသက်ထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**မင်းဘူးမြို့နယ်တရားရုံး**

## ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူများသို့ အကြောင်းကြားစာ
## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
## ၂၀၂၆ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၄၁

၁။ ဒေါ်ခင်မာလေး နှင့် ၁။ ဦးအောင်ကြည်ထွန်း(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်စန္ဒာလင်း)
၂။ ဒေါ်ပန်းမို့မို့ထွန်း ၂။ ဒေါ်မို့မို့မင်းကြည်
၃။ ဒေါ်စန္ဒာလင်း
၄။ ဦးကျော်စိန်ထွန်း
(လျှောက်ထားသူများ) (လျှောက်ထားခံရသူများ)

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်စွဲပါ သင်္ဃန်းကျွန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၂၈၉/၂၀၂၅ အမှုတွင် ချမှတ်သောအမိန့်ကို ပြင်ဆင်မှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ သီဟသူ (၁၂)လမ်း၊ အမှတ်-(၄၆၁)နေ လျှောက်ထားခံရသူအမှတ်(၂) ဒေါ်မို့မို့မင်းကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် သင်္ဃန်းကျွန်းခရိုင်တရားရုံးတော်မှ ချမှတ်သည့်အမိန့်ကို လျှောက်ထားသူမှ ပြင်ဆင်မှုတင်သွင်းရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ( ၂၀ ) ရက်( ၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၉) ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်မှ ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက် ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ် ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးသင်းအောင်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မြောက်ဥက္ကလာပမြို့နယ်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၇၅

ဦးတင်ဇော်မြင့် နှင့် ၁။ ဦးအောင်ဇော်မိုး
၂။ ဒေါ်ဝင်းဝင်းနွဲ့
(တရားလို) (တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၂)ရပ်ကွက်၊ မေတ္တာကူးတို့ဆိပ်လမ်း၊ အမှတ်(၅၀)နေ တရားပြိုင် (၁)ဦးအောင်ဇော်မိုး၊ (၂) ဒေါ်ဝင်းဝင်းနွဲ့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အိမ်ခြံမြေလက်ရောက်ရလိုမှု"ဖြင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှု၌စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ သင့်ကိုယ်စားရုံးတော် အခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ဖြစ်စေ၊ ၎င်းရှေ့နေနှင့်ဖြစ်စေ ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက် (၁၃၈၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း၊ ၄ ရက်) နံနက် ( ၁၀: ၀၀ )နာရီတွင် အထက်အမည် ရေးသားပါရှိသူသည် တရားလို၏ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ပါနေ့တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုပါလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ပွင့်အိငြိမ်းချမ်း)**
**ဒုတိယမြို့နယ်တရားသူကြီး(၃)**
**မြောက်ဥက္ကလာပမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(သကမ-၁၅)၊ မြေကွက်အမှတ်(၄၂၈/ခ)၊ အကျယ်အဝန်း (၂၀x၆၀) ပေရှိ (အရပ်အခေါ်အမှတ်(၄၂၈/ခ)၊ ဗဟိုစည်လမ်း၊ (၁၉)ရပ်ကွက်၊ လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်) ဟုခေါ်တွင်သော ဦးအုန်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ် အပါအဝင် ရေ+မီးစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ် အဆက်စပ်ဖြင့် ဥပဒေနှင့်အညီ ဝယ်ယူထားပြီး မိမိသာလျှင် တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသူ ဦးဒီလုံး ၇/ကပက(နိုင်)၁၀၃၁၅၈ ထံမှ ကျွန်မ ဒေါ်မြသက်နွယ် ၉ / မလန(နိုင်)၁၂၅၃၂ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း အထက်ပါမြေနှင့် အကျိုးခံစားခွင့် တို့နှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားစာချုပ်၊ စာရွက်စာတမ်းမူရင်း၊ ပါမစ်၊ ဂရန်မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြသက်နွယ် ၉ / မလန (နိုင်) ၁၂၅၃၂**
**အမှတ်(၂၂/ခ)(မြေညီထပ်)၊ ဆင်ရေတွင်း(၁)လမ်း ၊ (၂)ရပ်ကွက်၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉၇၈၈၄၇၄၄၀၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၁)လမ်း၊ အိမ်အမှတ်- (၆၂၃)ဟုခေါ်တွင်သောမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ခန်းတည်း(၃)ထပ်တိုက် အဆောက်အအုံ၏ဒုတိယထပ်တိုက်ခန်းနှင့်တကွ ရေမီးအပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်များအားလုံး လက်ဝယ်ထားရောင်းချပိုင်ခွင့်နှင့် အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဦးမောင်မောင်အေး ၁၂/အစန(နိုင်)၀၃၇၂၄၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြင့်မြင့်ရီ ၁၂/ဗဟန(နိုင်)၀၆၅၆၇၆) ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့်ထိုတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်ရီ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိသန္တာအောင် (LL.B, D.IPL)**
**အထက်တန်းရှေ့နေ(စဉ်-၅၂၀၃)**
**အမှတ်-၂၅၊ ရွှေဥဒေါင်းလမ်း၊ ကမ်းနားအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၉၅၁၅၂၅၈၈၁**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၈၊ ဇာဒတ်ကြီးကျွန်းလမ်း၊ မြေကွက်အမှတ် - ၁၆၆၂/ခ၊ အကျယ် (၂၀'x၆၀') ရှိ ဦးစိုးလွင် ၁၂/ပဇတ(နိုင်)၀၀၈၇၄၉၊ ဒေါ်နီနီလွင်၁၂/ဒဂတ(နိုင်) ၀၀၅၀၁၀ အမည်ပေါက် နှစ် (၆၀) မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိအရောင်းအဝယ်စာချုပ်အဆက်ဆက်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရောက်ရှိထားသူဖြစ်ပြီး စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြုသူ ဒေါ်အေးသီတာ ၁၂/ဒပန(နိုင်)၀၄၇၀၀၈ အမှတ်(၂၅၀)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်နေသူထံမှ ကျွန်ုပ် ဒေါ်လှလှမြင့် ၁၁/စတန(နိုင်)၀၀၃၅၉၁ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ ပေးချေထားပြီး ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြေညာချက်ပါရှိသည့်ရက်မှ (၇) ရက်အတွင်း ခိုင်လုံသည့် အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။

**ဒေါ်လှလှမြင့် ၁၁/စတန (နိုင်)၀၀၃၅၉၁**
**တိုက်-၁၅၊ ပုလဲမွန်အိမ်ရာ၊ ၆၅ ရပ်ကွက်၊ ဒဂုံတောင်ပိုင်းမြို့နယ်**
**ဖုန်း- ၀၉ - ၄၅၀၀၄၂၈၁၆**

## ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/6478 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၅/ဝသန (နိုင်) ၀၁၈၈၀၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် (၃၀) အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် GG/9645, Toyota Succeed NCP51, S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နွယ်နွယ်ဦး ၁၂/ဥကတ(နိုင်)၁၃၈၂၄၆က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင် ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

